# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**စောင့်ရှောက်ထားအပ်သောစိတ်**

အလွန့်အလွန်မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော၊ အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သော စိတ်သည် ချမ်းသာကို ရွက်ဆောင်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)


၁၃၈၃ ခုနှစ်၊ တော်သလင်းလဆန်း ၁၄ ရက် ၂၀၂၁ ခုနှစ်၊ စက်တင်ဘာ ၁၉ ရက်၊ တနင်္ဂနွေနေ့ အတွဲ (၆၀)၊ အမှတ် (၃၅၁)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြစ်ကြီးနားတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

## နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ခြင်းသည် တိုင်းပြည်ကို အလုပ်အကျွေးပြုနေခြင်းပင်ဖြစ် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း မိမိတို့တတ်စွမ်းသရွေ့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၈**

တပ်မတော်သည် ပြည်သူကြားက ပေါက်ဖွားလာသည့် တိုင်းပြည်၏ အစိတ်အပိုင်းတစ်ခုပင်ဖြစ်ပြီး တပ်မတော်နှင့် နိုင်ငံ့သမိုင်းကို ခွဲခြား၍ ရမည်မဟုတ်ကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ခြင်းသည် တိုင်းပြည်ကို အလုပ်အကျွေးပြုနေခြင်းပင်ဖြစ်သည်ကို သိရှိနားလည်ရမည်ဖြစ်ပြီး တပ်မတော်သည် တိုင်းပြည်အတွက်ပင် ဖြစ်ရမည်ဖြစ်ကြောင်း၊ မိမိတို့၏တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်ရမည်ဖြစ်သကဲ့သို့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း မိမိတို့ တတ်စွမ်းသရွေ့ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် က ယနေ့နံနက်ပိုင်းတွင် မြစ်ကြီးနားတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တိုင်းစစ်ဌာနချုပ် ဗလမင်းထင်ခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားစဉ် ထည့်သွင်းပြောကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❑




# ချမ်းသာမှုများ၏ မြတ်သောအကြောင်းတရား

သီလဟူသည် လိုက်နာကျင့်သုံးအပ်သော ကျင့်ဝတ်များပင်ဖြစ်သည်။ ကောင်းမှုဖြစ်၍ ကျင့်ဆောင်ရမည့်သီလသည် စာရိတ္တသီလဖြစ်ပြီး မကောင်းမှုဖြစ်၍ ရှောင်ကြဉ်ရမည့်သီလမှာ ဝါရိတ္တသီလဖြစ်သည်။ ဗုဒ္ဓဘာသာဝင်တို့ကို လိုက်နာကျင့်သုံးကြသော ငါးပါးသီလသည် ရှောင်ကြဉ်ရသည့် ဝါရိတ္တသီလဖြစ်သည်။ စင်စစ်အားဖြင့် ငါးပါးသီလသည် ကိုယ်ချင်းစာမှုအပေါ်တွင် အခြေတည်ထားခြင်းဖြစ်သောကြောင့် လူသားတိုင်း လိုက်နာကျင့်သုံးအပ်သော ဓမ္မတာသီလလည်းဖြစ်သည်။ သူတော်ကောင်းတို့ အလေးဂရုပြုပြီး လိုက်နာကျင့်သုံးအပ်သောကြောင့် ဂရုဓမ္မဟုလည်း ခေါ်ဆိုသည်။

တော်သလင်းလပြည့်နေ့သည် ဗုဒ္ဓဘာသာဝင်များအတွက် ဂရုဓမ္မအခါတော်နေ့ဖြစ်သည်။ အခြေခံလူ့ကျင့်ဝတ်ဖြစ်သော ငါးပါးသီလကို အသက်ထက်ဆုံး တလေးတစား ဂရုတစိုက် လုံခြုံအောင် စောင့်ထိန်းကြရန် သတိပေးနှိုးဆော်သည့်နေ့လည်း ဖြစ်သည်။ ဗုဒ္ဓမြတ်စွာဘုရားအလောင်းတော်နုစဉ်က ဘဝတစ်ခု၌ ကုရုတိုင်း ဣန္ဒပတ္တနဂိုရ်မြို့တွင် မင်းပြုသည့်အခါ ဆယ်ပါးသော မင်းကျင့်တရားကိုလည်းကောင်း၊ ငါးပါးသီလခေါ် ကုရုဓမ္မကိုလည်းကောင်း စောင့်ထိန်း၍ အုပ်ချုပ်သည်။ ဘုရားအလောင်း၏ မယ်တော် မိဖုရားကြီး၊ ညီတော် အိမ်ရှေ့မင်း၊ ပရောဟိတ်ပုဏ္ဏား၊ အမတ်၊ ရထားထိန်း၊ သူဌေး၊ အမတ်ကြီး၊ တံခါးစောင့်၊ ပြည့်တန်ဆာမတို့သည်လည်း ငါးပါးသီလခေါ် ကုရုဓမ္မ ခေါ် ဂရုဓမ္မကို စင်ကြယ်စွာ စောင့်ထိန်းကြသည်။ တိုင်းသူပြည်သားအားလုံးတို့လည်း ကုရုဓမ္မခေါ် ငါးပါးသီလကို မြဲမြံကြသည်။ သို့ဖြစ်၍ ရာသီဥတုမှန်ကန်ပြီး တိုင်းပြည်သာယာဝပြော၍ တိုင်းသူပြည်သားတို့ ပျော်ရွှင်ချမ်းမြေ့ကြသည်။

ကုရုတိုင်းနှင့် မလှမ်းမကမ်းတွင်တည်ရှိသည့် ကာလိင်္ဂတိုင်းတွင်မူ ရာသီဥတုဖောက်ပြန်ကာ ငတ်မွတ်ခေါင်းပါးသည့်ဘေးနှင့် ရောဂါဘယဘေးတို့နှင့် ကြုံတွေ့နေရသည်။ တိုင်းပြည်တွင် ဘေးဆိုး၊ ကပ်ဆိုးများ ကျရောက်နေမှုမှ လွတ်ကင်းပါစေခြင်းအကျိုးငှာ ကာလိင်္ဂမင်းကြီးက ကုရုတိုင်းတွင် ဘုရင်မှစ၍ တိုင်းသူပြည်သားတို့အားလုံး မြဲမြံစွာ စောင့်ထိန်းကျင့်သုံးကြသည့် ဂရုဓမ္မခေါ် ငါးပါးသီလကို ရွှေပေလွှာတွင်ကူးယူစေပြီး ကာလိင်္ဂတိုင်းတွင် ဘုရင်မှစ၍ တိုင်းသူပြည်သားအားလုံးပါ လိုက်နာကျင့်သုံးကြသည့်အခါ မိုးလေဝသတို့ မှန်ကန်လာပြီး တိုင်းပြည်သာယာဝပြောကာ ဘေးဆိုးကပ်ဆိုးတို့မှ လွတ်ကင်းကြရသည်။

ရှေးမြန်မာမင်းများလက်ထက်တွင်လည်း ဝါဆိုကာလရောက်သည်နှင့် ဂရုဓမ္မသီလခေါ် ငါးပါးသီလတို့ကို မိမိတိုင်းသူပြည်သားများ လိုက်နာကျင့်သုံးကြစေရန် အမိန့်တော်ပြန်တမ်းကို ဆင့်ပေါ်တင်၍ မြို့တွင်းမြို့ပြင်၊ လေးပြင်လေးရပ်လှည့်လည်၍ နှိုးဆော်ခဲ့သည်ကို သမိုင်းမှတ်တမ်းများတွင် တွေ့ရသည်။ “ပြည်သူလူတကာ သတ္တဝါအပေါင်းတို့ ယခု ဝါဆိုကာလရောက်ပြီ၊ သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးခြင်း၊ သူ့အိမ်ရာကို ပြစ်မှားခြင်း၊ မဟုတ်မမှန်သောစကားကို ဆိုခြင်း၊ သေရည်သေရက်ကို သောက်ခြင်း တရားငါးပါးကို မကြဉ်မရှောင်ပြုကုန်သော သူတို့သည် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် အပါယ်လေးဘုံ၌ တလူးလာလာ နစ်မွန်းကုန်ရာသည်။ တရားငါးပါးကို ကြဉ်ရှောင်၍ အလှူပေးခြင်း၊ သီတင်းသီလ ဆောက်တည်ခြင်းကို ပြုသောသူတို့သည် လူမင်း၊ နတ်မင်းစည်းစိမ်ကို ခံစား၍ နတ်ရွာနိဗ္ဗာန်ချမ်းသာသို့ ရောက်ရာသည်ကို အသင့်နှလုံးသွင်းလျက် သရဏဂုံသုံးပါး၊ ပဉ္စသီငါးပါး၊ အဋ္ဌသီရှစ်ပါးတို့ကို မပြတ်ဆောက်တည်ကြကုန်” စသည်ဖြင့် တိုင်းသူပြည်သားများ ငါးပါးသီလမြဲမြံရေး၊ ကုသိုလ်တရားများ ပြည့်စုံစေရေးအတွက် အမိန့်တော်ပြန်တမ်းကို မင်းမှုထမ်းတို့က မြို့တွင်း မြို့ပြင် အရပ်လေးမျက်နှာ လှည့်လည်ဖတ်ကြား နှိုးဆော်ခဲ့ကြသည်ဟု သိရသည်။

သီလစင်ကြယ်သူသည် လိုရာဆန္ဒကို ပြည့်ဝစေနိုင်သည်။ သီလပြည့်စုံပါက စီးပွားရေးအဆင်ပြေခြင်း၊ ကောင်းသတင်းကျော်စောခြင်း၊ ပရိသတ်ကို ချဉ်းကပ်ရာ၌ ရဲရင့်ခြင်း၊ မတွေမဝေ သေရခြင်း၊ သေပြီးနောက် သုဂတိသို့ ရောက်ရခြင်းဟူသော အကျိုးငါးပါးကို ရရှိနိုင်ပြီး သီလမပြည့်စုံပါက ဆန့်ကျင်ဘက်ဖြစ်သော မကောင်းကျိုးငါးမျိုးကိုသာ ခံစားကြရမည်ဖြစ်သည်။ သီလသည် အတုမရှိသော စွမ်းအားဖြစ်၍ သံသရာခရီးတွင် မြတ်သောရိက္ခာထုပ်လည်းဖြစ်သည်။ သီလံ သုခါနံ ပရမံ နိဒါနံ-သီလသည် ချမ်းသာမှုများ၏ မြတ်သောအကြောင်းတရားတည်းဟူသော ပါဠိတော်နှင့်အညီ ချမ်းသာမှု၏ အခြေခံဖြစ်သော သီလကို လူတိုင်းကိုယ်စီ မြဲမြံစွာ ကျင့်သုံးနိုင်ကြပါစေကြောင်း။ ။

# ကိုဗစ်-၁၉ ရောဂါ ဖြစ်ပေါ်နေသည့်ကာလအတွင်း ဒေသတွင်းစိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၈**

တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ အစိုးရ၊ တပ်မတော်နှင့် ပုဂ္ဂလိကပိုင် ဒေသတွင်း စိုက်ပျိုးမွေးမြူရေးနှင့် အခြားလူသုံးကုန် လုပ်ငန်းများ ကုန်ထုတ်လုပ်မှု ရာနှုန်းပြည့် ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးမှ ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက အဆိုပါနေရာများသို့ သွားရောက်ကြည့်ရှုကြပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးမင်းထွန်းသည် မိုင်းတုံတပ်နယ်ရှိ တပ်ရင်း/တပ်ဖွဲ့များ၏ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို(**အောက်ပုံ**) လည်းကောင်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင်နှင့် တာဝန်ရှိသူများသည် တိုင်းစစ်ဌာနချုပ်ရှိ ဘက်စုံ စိုက်ပျိုးမွေးမြူရေးခြံရှိ ဥစားကြက်သားပေါက်များ မီးကိုင်ထားရှိမှု၊ ဥစားကြက်နှင့် အသားတိုး ကြက်မွေးမြူရေးခြံ၊ DYL ဝက်မွေးမြူရေးခြံ၊ နို့စားနွားနှင့် ဒေသနွားမွေးမြူရေးခြံ၊ ဒေသကြက် မွေးမြူရေးခြံများတွင် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် မွေးမြူရေးအစာစပ်စက်ရုံမှ မွေးမြူရေးအစာ ထုတ်လုပ်နေမှု၊ တစ်သျှူးငှက်ပျော စိုက်ပျိုးထားရှိမှုနှင့် ရာသီသီးနှံ စိုက်ခင်းများတို့ကိုလည်းကောင်း အသီးသီး သွားရောက်ကြည့်ရှု၍ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ကုန်ထုတ်လုပ်မှု လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၈**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ် ကုသရေး ဆေးနှင့်ပစ္စည်းများအား ရေကြောင်း၊ လေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ ရုံးပိတ်ရက်ရှည်ကာလအတွင်း နေ့စဉ်ရုံးပိတ်ရက်မရှိ လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိသည်။ ထိုသို့ထုတ်ပေးရာတွင် စက်တင်ဘာ ၁၈ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကုမ္ပဏီလေးခုမှ Paclimark Injection အခု ၁၀၀၀၊ Zinc Capsules အခု ၃၀၀၀၀၊ Spirulian Capsules အခု ၆၄၀၀ ၊ Vitalty Softgels အခု ၆၀၀၀၊ Chitosan Capsules အခု ၄၀၀၀၊ Multivitamin & Multimineral Tablets အခု ၁၄၄၀၊ Mixtard 30 100Iu အခု ၃၂၀၀၀။

ရန်ကုန်ဆိပ်ကမ်းများမှ Oxygen Plants နှစ်ခု၊ Oxygen Cylinder အခု ၁၁၀၀၊ Face Mask အခု ၂၃၆၄၀၀၀ ၊ Oxygen Mask အခု ၅၅၀၀၀၊ Pluse Oximeter အခု ၁၄၀၀ နှင့် ဆေးမျိုးစုံ ၃၅ မျိုး ၁၇၈၅၆၉.၄၃ Kg။

နယ်စပ်(မူဆယ်၊ တာချီလိတ်၊ ချင်းရွှေဟော်၊ မြဝတီ) တွင် ကုမ္ပဏီ ၁၉ ခုတို့မှ ၊ Oxygen Cylinder အခု ၅၀၄၀၊ Oxygen Concentrator အခု ၂၁၀၊ Mask ၆၁၀၀ Kg၊ Liquid Oxygen ၁၄၆၂၇ m³၊ Cannula အခု ၇၆၀၀၀၊ Flow Meter/ Regulator အခု ၁၀၃၃၊ PPE အခု ၅၀၀၊ Oxygen Plant ခြောက်ခု ၊ Oxygen Mask အခု ၇၅၀၀၀ တို့ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



## ကိုဗစ် - ၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၁၈-၉-၂၀၂၁) ညနေ ၆ နာရီအချိန်အထိ ဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| Antiviral | | | | |
| 1 | P.O Omeprazole | 10X10's/ Box | 1650 | Shwe Htay Min |
| 2 | Injection Pantocid | 1g/Vial | 1500 | Aorta |
| 3 | Injection Omeprazole | 1g/Vial | 1050 | Aorta |
| Antibiotics | | | | |
| 4 | PO – Azithromycin 500 mg | 5x3's | 4000 | Ramma–waddy |
| 5 | P.O – Cefalexin 500 mg | Box of 10x10's | 6100 | Aorta |
| 6 | P.O – Levofloxacin 500 mg | Box of 10x10's | 7000 | Shwe Htay Min |
| 7 | P.O.Cefixime | Box of 3x10's | 3600 | Aorta |
| 8 | P.O Amoxicillin+ Clavulanic Acid | Box of 1x6's | 1800 | Aorta |
| 9 | Injection – Levofloxacin 500 mg | 1x1 | 3000 | Yadanar |
| 10 | Injection – Ceftriazone 1G | 1's | 700 | KCL |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org)နှင့် Facebook Page https://www.facebook.com/ 32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

# နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် စက်တင်ဘာ ၁၈**

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာနှုန်း ရာနှုန်းပြည့်ဖြစ်သည်။ **မိုး/ဇလ**

❑ *ရှေ့ဖုံးမှ*

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မြတ်သက်ဦးနှင့် မြစ်ကြီးနား တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြစ်ကြီးနားမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များအား ရင်းရင်းနှီးနှီး အားပေးစကားပြောကြားစဉ်။

❖ **တပ်မတော်အနေဖြင့် နိုင်ငံတော်၏ တာဝန်များကို ခေတ္တတာဝန်ယူ ဆောင်ရွက်နေရသည့်အချိန်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်း၍ ရှေ့လုပ်ငန်းစဉ် ၅ ရပ်၊ ဦးတည်ချက် ၉ ရပ်ကို ချမှတ်ဆောင်ရွက်၍ နိုင်ငံတော်ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းလုပ်ဆောင်လျက်ရှိ**

❖ **လက်ရှိလုပ်ဆောင်နေမှုများသည် နိုင်ငံ့အရေးကို လုပ်ဆောင်နေခြင်းဖြစ်ပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်အပေါ်တွင် ခိုင်မာစွာ ရပ်တည်နိုင်ရေး၊ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာပေါများစေရေးကို ဦးစားပေးလုပ်ဆောင်လျက်ရှိ**

### အမှာစကားပြောကြား

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် အရာရှိ၊ စစ်သည်၊ မိသားစုများအနေဖြင့် မိမိတို့နိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများနှင့် တပ်မတော်သည် အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်နေသည်ကို သိရှိနားလည်နေရမည်ဖြစ်ကြောင်း၊ လွတ်လပ်ရေးရရှိပြီး နောက်ပိုင်းတွင် ခေတ်ကာလနှင့် ကိုက်ညီသည့် အုပ်ချုပ်မှုပုံစံစနစ်များဖြင့် နိုင်ငံတော်ကို အုပ်ချုပ်ခဲ့ကြသည်ကို သမိုင်းကြောင်းများတွင် တွေ့ရှိနိုင်မည်ဖြစ်ကြောင်း၊ ယခင် တပ်မတော်အစိုးရလက်ထက်၌ တပ်မတော်အနေဖြင့် မိမိတို့နိုင်ငံကို ဒီမိုကရေစီစနစ်မကူးပြောင်းမီကာလများတွင် နိုင်ငံတကာတွင် ကျင့်သုံးလျက်ရှိသည့် ဒီမိုကရေစီ ကျင့်သုံးပုံများကို လေ့လာပြီး ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုအဆင့်ဆင့်ကို ပုံဖော်ခဲ့ရကြောင်း၊ ထို့နောက် ပြည်သူတို့လိုလားတောင့်တသည့် ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ရောက်ရှိအောင် လုပ်ဆောင်ပေးခဲ့ပြီး ၂၀၁၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို ဒီမိုကရေစီနည်းလမ်းကျစွာဖြင့် အောင်မြင်စွာ လုပ်ဆောင်ပေးနိုင်ခဲ့ကြောင်း။

### စိန်ခေါ်မှုများနှင့် ရင်ဆိုင်ခဲ့ရ

ရွေးကောက်ပွဲပြီးနောက် သမ္မတ ဦးသိန်းစိန် လက်ထက်တွင် နိုင်ငံတော်သည် ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုများ၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံတကာဆက်ဆံရေးနှင့် ကဏ္ဍပေါင်းစုံတွင် တိုးတက်ပြောင်းလဲမှုများ လုပ်ဆောင်နိုင်ခဲ့သော်လည်း စိန်ခေါ်မှုများနှင့်လည်း ရင်ဆိုင်ခဲ့ရကြောင်း၊ ဒီမိုကရေစီစနစ်ကို စတင်လျှောက်လှမ်းခဲ့ခြင်းဖြစ်သဖြင့် ဒီမိုကရေစီစနစ်နှင့် ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့်နားလည်သဘောပေါက်နိုင်ရန် လိုအပ်မှုများ ရှိခဲ့ကြောင်း၊ ကမ္ဘာ့နိုင်ငံများတွင် နိုင်ငံအလိုက် ကျင့်သုံးသည့် ဒီမိုကရေစီကျင့်သုံးပုံချင်း တူညီမှုမရှိဘဲ မိမိတို့နိုင်ငံ၏ လူနေမှုစနစ်၊ ယဉ်ကျေးမှုစရိုက်လက္ခဏာ၊ ဓလေ့ထုံးတမ်းစဉ်လာများနှင့် ကိုက်ညီသည့် ဒီမိုကရေစီကိုသာ ကျင့်သုံးလေ့ရှိကြကြောင်း။

၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲတွင် အစိုးရသစ်တစ်ရပ် တက်လာခဲ့ပြီး ငါးနှစ်တာ သက်တမ်းအုပ်ချုပ်ခဲ့ရာတွင် အစိုးရ၏လုပ်ဆောင်ချက်များအပေါ်တွင် ဝေဖန်ပြောဆိုမှုများ၊ ဝေဖန်ထောက်ပြမှုများ များစွာဖြစ်ပေါ်ခဲ့ပြီး တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဘက်ပေါင်းစုံတွင် ထိုက်သင့်သလောက် တိုးတက်မှုများ မဖြစ်ပေါ်ခဲ့ကြောင်း၊ ပြည်သူလူထုအနေဖြင့် မိမိတို့ရွေးချယ်ထားသည့် အစိုးရ၏ လုပ်ဆောင်ချက်များအပေါ်တွင် အားမလို အားမရဖြစ်ခဲ့ပြီး မျှော်မှန်းသကဲ့သို့ ဖြစ်မလာသည့်အတွက် ရွေးကောက်ပွဲအပေါ် စိတ်ပျက်လာပြီး မဲမပေးရေးလှုပ်ရှားမှု (No Vote) များ ဖြစ်ပေါ်လာခဲ့သည်ကို တွေ့ရှိရကြောင်း၊ ရွေးကောက်ပွဲအကြို ၂၀၁၉ ခုနှစ် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ရွေးကောက်ပွဲ လုပ်သည့်အခါတွင် ဆန္ဒမဲပေးခွင့်ရှိသူ၏ ၁၄ ရာခိုင်နှုန်းခန့်သာ မဲပေးခဲ့သည်ကို တွေ့ရှိရကြောင်း။

### မဲစာရင်းမှားယွင်းမှုများ ဖြစ်ပေါ်ခဲ့

ထို့နောက် ရွေးကောက်ပွဲမတိုင်မီ ဆောင်ရွက်သည့် ပါတီမဲဆွယ်စည်းရုံးရေးများတွင်လည်း ပါတီများ၏ ပြောဆိုလုပ်ပိုင်ခွင့်နှင့်ပတ်သက်၍ တရားမျှတမှု သံသယဖြစ်စရာ များစွာဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိကြောင်း၊ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲကျင်းပပြုလုပ်ခဲ့ပြီး မဲစာရင်းရလဒ်များကို ထုတ်ပြန်ကြေညာသည့်အခါတွင် မဲသမာမှုဖြစ်နိုင်သည့် အခြေအနေများကို တွေ့ရှိရသဖြင့် တပ်မတော်မှ မဲစာရင်းများ စစ်ဆေးခဲ့ရာ ကြီးမားသည့် မဲစာရင်းမှားယွင်းမှုများ ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိခဲ့ရကြောင်း၊ တပ်မတော်အနေဖြင့် မဲစာရင်း မှားယွင်းနေမှုများကို ဖြေရှင်းဆောင်ရွက်ပေးရန် မည်သို့ပင် ပြောဆိုခဲ့သော်လည်း တာဝန်ရှိသူများအနေဖြင့် ဖြေရှင်းပေးခြင်း မရှိသည့်အပြင် တတိယအကြိမ်လွှတ်တော်ခေါ်ယူ၍ အစိုးရအသစ်ဖွဲ့ကာ နိုင်ငံတော်၏အာဏာကို မတရားသောနည်းလမ်းဖြင့် အဓမ္မရယူရန် ဆောင်ရွက်ခဲ့သောကြောင့် ယခုအခြေအနေသို့ ရောက်ရှိခဲ့ရခြင်းဖြစ်ကြောင်း။

### စုပေါင်းလုပ်ဆောင်မှုကို တန်ဖိုးထား

တပ်မတော်အနေဖြင့် နိုင်ငံတော်၏ တာဝန်များကို ခေတ္တတာဝန်ယူ ဆောင်ရွက်နေရသည့်အချိန်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်း၍ ရှေ့လုပ်ငန်းစဉ် ၅ ရပ်၊ ဦးတည်ချက် ၉ ရပ်ကို ချမှတ်ဆောင်ရွက်၍ နိုင်ငံတော်ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းလုပ်ဆောင်လျက်ရှိကြောင်း၊ လက်ရှိလုပ်ဆောင်နေမှုများသည် နိုင်ငံ့အရေးကို လုပ်ဆောင်နေခြင်းဖြစ်ပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်အပေါ်တွင် ခိုင်မာစွာ ရပ်တည်နိုင်ရေး၊ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာပေါများစေရေးကို ဦးစားပေးလုပ်ဆောင်လျက်ရှိကြောင်း၊ ထိုသို့လုပ်ဆောင်နေစဉ် နိုင်ငံတော်အေးချမ်းသာယာမှုကို မလိုလားသူများက လမ်းပန်းဆက်သွယ်မှု ပြတ်တောက်စေရေး၊ ပညာရေး၊ ကျန်းမာရေး၊ နိုင်ငံတော်အုပ်ချုပ်ရေး ယန္တရားများ ပျက်ပြားစေရေးအတွက် နည်းမျိုးစုံဖြင့် နှောင့်ယှက်ပြီး တိုင်းပြည်ဖျက်သည့် အဖျက်အမှောင့်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ မိမိတို့မြန်မာလူမျိုးများသည် လူမှုရေးစိတ်ဓာတ်ရှိကြပြီး စုပေါင်းလုပ်ဆောင်မှုကို တန်ဖိုးထားကြကြောင်း၊ ပြီးခဲ့သည့် ကာလများတွင် ထိုကဲ့သို့ကောင်းမွန်သည့် စိတ်ဓာတ်များ ဖျက်ဆီးခံခဲ့ရကြောင်း၊ တိုင်းပြည်တွင်း ဖြစ်ပေါ်နေသည့် အဖျက်အမှောင့်လုပ်ရပ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပြည်သူလူထုတို့ ပူးပေါင်းလက်တွဲ၍ ဝိုင်းဝန်းကာကွယ်တားဆီးရန် လိုအပ်မည်ဖြစ်ကာ အရာရှိ၊ စစ်သည်၊ မိသားစုများအနေဖြင့် ဖြစ်ပေါ်နေသည့် နိုင်ငံရေးအခြေအနေများကို သိရှိနားလည်ရန် လိုအပ်ကြောင်း။

### စွမ်းရည်သုံးရပ်ပြည့်ဝနေရမည်

တပ်ပိုင်းဆိုင်ရာများနှင့် ပတ်သက်၍ တပ်မတော်သည် ပြည်သူကြားက ပေါက်ဖွားလာသည့် တိုင်းပြည်၏ အစိတ်အပိုင်းတစ်ခုပင်ဖြစ်ကြောင်း၊ တပ်မတော်၏ အဓိကတာဝန်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ဖြစ်ပြီး တပ်မတော်နှင့် နိုင်ငံ့သမိုင်းကို ခွဲခြား၍ ရမည်မဟုတ်ကြောင်း၊ တပ်မတော်၏ တာဝန်သည် ပြည်ပရန်ကာကွယ်ရေးဖြစ်ပြီး ပြည်တွင်းပဋိပက္ခများကို ဖြေရှင်းရန်မှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ တာဝန်ဖြစ်သော်လည်း လွတ်လပ်ရေးရရှိပြီးကတည်းက ဖြစ်ပေါ်ခဲ့သည့် လိုအပ်ချက်များနှင့် သမိုင်းကြောင်း အစဉ်အလာများအရ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခနှိမ်နင်းရေးတွင် တပ်မတော်က ဆက်လက်ပါဝင် ဆောင်ရွက်နေရခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်ကာကွယ်ရေး တာဝန်ထမ်းဆောင်နိုင်ရန်အတွက် အရာရှိ၊ စစ်သည်များအနေဖြင့် စွမ်းရည်သုံးရပ်ပြည့်ဝနေရမည်ဖြစ်ပြီး နေ့စဉ်ဆောင်ရွက်နေရသည့် ပုံမှန်လေ့ကျင့်ရေးတာဝန်များကို မှန်မှန်ကန်ကန် လုပ်ဆောင်ရမည်ဖြစ်ကြောင်း။

အရာရှိ၊ စစ်သည်များအနေဖြင့် မိမိထမ်းဆောင်ရသည့် တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန်နှင့် အရည်အချင်းမြှင့်တင်ပေးရန်အတွက် လေ့ကျင့်ရေးဆိုင်ရာနှင့် ပညာရပ်ပိုင်းဆိုင်ရာသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးနေခြင်းဖြစ်ကြောင်း၊ မည်သည့်တပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်သည်ဖြစ်စေ ခြေလျင်တပ်ကဲ့သို့ တာဝန်ထမ်းဆောင်နိုင်ရမည်ဖြစ်ပြီး အမြဲတမ်းတိုက်ပွဲဝင်အသင့်ဖြစ်နေရန်နှင့် လက်ရုံးတပ်များနှင့် ပူးပေါင်းစစ်ဆင်နိုင်စွမ်း တိုးတက်ကောင်းမွန်အောင် အမြဲတမ်းလေ့ကျင့်နေရမည်ဖြစ်ကြောင်း။

### ဦးဆောင်ဖြေရှင်းဆောင်ရွက်ပေး

မိမိတို့တပ်မတော်သည် စတင်သန္ဓေတည်ပေါက်ဖွားလာကတည်းကပင် စည်းကမ်းကောင်းမွန်ပြီး အမိန့်နာခံမှုကောင်းသည့် တပ်မတော်ဖြစ်ကြောင်း၊ နိုင်ငံတော်ကာကွယ်ရေး တာဝန်ထမ်းဆောင်ခြင်းသည် တိုင်းပြည်ကိုအလုပ်အကျွေးပြုနေခြင်းပင်ဖြစ်သည်ကို သိရှိနားလည်ရမည်ဖြစ်ပြီး

*စာမျက်နှာ ၅ သို့*

# ဒေသတွင်းရှိ ပညာရေး၊ ကျန်းမာရေးမှအစ လိုအပ်လျက်ရှိသည့် ပညာတတ် လူသားအရင်းအမြစ်များ ထွက်ပေါ်လာအောင် အနာဂတ်အတွက် ကြိုတင်မျှော်တွေး၍ လုပ်ဆောင်ပေးရန်လို




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကချင်ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။

- **သယံဇာတကို အားကိုးပါက ရေရှည်တွင် အခက်အခဲများ ဖြစ်ပေါ်နိုင်သည့်အတွက် တိုင်းပြည်အတွက် အာမခံချက်ရှိသည့် ကုန်ထုတ်လုပ်မှုများကို လုပ်ဆောင်**
- **စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို အရည်အသွေးပြည့်ဝပြီး အဆင့်အတန်းပြည့်မီသည့် ထုတ်ကုန်များဖြစ်အောင် လုပ်ဆောင်ကာ ပြည်တွင်းရှိ အခြားဒေသများနှင့် ပြည်ပဈေးကွက်များသို့ တင်ပို့ရောင်းချနိုင်ရေး လုပ်ဆောင်ရမည်**

**နေပြည်တော် စက်တင်ဘာ ၁၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သည် ယနေ့မွန်းလွဲပိုင်းတွင် ကချင်ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအား ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ တွေ့ဆုံ အမှာစကား ပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီဝင်များ ဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ Jeng Phang နော်တောင်၊ ဦးစိုင်းလုံးဆိုင်၊ ဦးရွှေကြိမ်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးတင်ထွဋ်ဦး၊ ဦးလှမိုး၊ ဦးခင်မောင်ရီ၊ ဒေါက်တာ သက်ခိုင်ဝင်း၊ ဦးမင်းသိမ်းဇံ၊ ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မြတ်သက်ဦး၊ ကချင်ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် အဖွဲ့ဝင်များ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်အား တိုင်းရင်းသားရိုးရာဝတ်စုံကို ဂုဏ်ပြုဝတ်ဆင်ပေးသည်။

## လုပ်ငန်းဆောင်ရွက်နေမှု ရှင်းလင်းတင်ပြ

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ကချင်ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားရှိမှု၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုနှင့် ကာကွယ်ဆေးထိုးနှံ ဆောင်ရွက်ထားရှိမှု၊ အထွေထွေအချက်အလက်များကို ရှင်းလင်းတင်ပြပြီး မြစ်ကြီးနား ခရိုင်အုပ်ချုပ်ရေးမှူးက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြို့မိမြို့ဖများက ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထွေထွေလိုအပ်ချက်များကို တင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကား ပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌအနေဖြင့် ကချင်ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများကို ပထမဦးဆုံးအကြိမ် တွေ့ဆုံခြင်းဖြစ်ကြောင်း၊ မိမိတို့ တာဝန်ယူဆောင်ရွက်နေရသည့် ကာလအတွင်း နိုင်ငံတော်၏ လူမှုရေး၊ စီးပွားရေး၊ ငြိမ်းချမ်းရေး အဘက်ဘက်မှ လစ်ဟင်းမှုမရှိစေရန် လုပ်ဆောင်နေခြင်းပင်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ဖြစ်ပေါ်လာသည့် အခြေအနေများနှင့် တာဝန်လွှဲအပ်ချက်အရ နိုင်ငံတော်၏ တာဝန်များကို ထိန်းသိမ်းဆောင်ရွက်နေရသည့်အချိန်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်း၍ ရှေ့လုပ်ငန်းစဉ် ၅ ရပ်၊ ဦးတည်ချက် ၉ ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း။

## တိုင်းပြည်တိုးတက်အောင် ဆောင်ရွက်

မိမိတို့အနေဖြင့် နိုင်ငံတော်တည်ဆောက်ရာတွင် အချက် နှစ်ချက်ကို အဓိကထား၍ အလေးထားဆောင်ရွက်လျက်ရှိပြီး ပထမအနေဖြင့် ပြည်သူများ၏ ဆန္ဒနှင့်အညီ ပါတီစုံဒီမိုကရေစီစနစ် ခိုင်ခိုင်မာမာ တည်ဆောက်ရေးကို နိုင်ငံရေးရည်မှန်းချက် ထားရှိလုပ်ဆောင်လျက်ရှိကြောင်း၊ ဒုတိယအချက်အနေဖြင့် ကမ္ဘာပေါ်ရှိ မည်သည့်အစိုးရပင်ဖြစ်စေ တိုင်းပြည်ကို တိုးတက်အောင် တတ်စွမ်းသရွေ့ ကြိုးပမ်းဆောင်ရွက်ကြသည်ပင်ဖြစ်သည့်အတွက် မိမိတို့အစိုးရအနေဖြင့်လည်း သာယာဝပြောရေးနှင့် စားနပ်ရိက္ခာပေါများရေးကို ဦးစားပေးလုပ်ဆောင်ပေးလျက်ရှိကြောင်း။

မိမိတို့နိုင်ငံသည် မြေ၊ ရေ သယံဇာတများအပြင် လူသားအရင်းအမြစ် ပြည့်စုံသည့် နိုင်ငံတစ်ခုဖြစ်ပြီး စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စီးပွားရေးလုပ်ငန်းကို အဓိကထား လုပ်ဆောင်လျက်ရှိကြောင်း၊ ကမ္ဘာပေါ်တွင် လူဦးရေ သန်း ၇၀၀၀ ကျော်ခန့်ရှိပြီး စားရေရိက္ခာလိုအပ်ချက် အမြဲတမ်းရှိနေကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေး အဆင့်မြင့်ထုတ်ကုန်များ ထုတ်လုပ်၍ ပြင်ပဈေးကွက်များသို့ တင်ပို့ရောင်းချနိုင်ရေး လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ကချင်ပြည်နယ်သည် ဆန်၊ ပဲ ဖူလုံမှုရှိသည်ဖြစ်သော်လည်း ဆီဖူလုံမှုလိုအပ်လျက်ရှိသဖြင့် ဆီထွက်သီးနှံများကို အောင်မြင်စွာ စိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ စားရေရိက္ခာ ပေါများမှုရှိစေရေး ထည့်သွင်းစဉ်းစား လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း။

## ပြည့်ဖြိုးမြဲသယံဇာတများထိန်းသိမ်း

တင်ပြချက်များတွင် စက်မှုဇုန်လုပ်ငန်း၊ ကျောက်စိမ်းလုပ်ငန်း၊ ခရီးသွားလုပ်ငန်းများကို ခွင့်ပြုပေးရန်နှင့် အဆင့်မြှင့်တင်ပေးရန်တို့ ပါရှိသည်ကို တွေ့ရှိရပြီး သယံဇာတကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများသည် ရေရှည်တည်တံ့နိုင်သည့် လုပ်ငန်းများမဟုတ်ဘဲ ရေတိုအတွက်သာ အဆင်ပြေနိုင်မည်ဖြစ်သဖြင့် မြေပေါ်မြေအောက် သယံဇာတများကို ထုတ်ယူခြင်းလုပ်ငန်းများကို အားမပေးလိုကြောင်း၊ မိမိတို့နိုင်ငံသည် သယံဇာတများကို ထုတ်ယူပြီး အကြမ်းထည်များကို တင်ပို့သောကြောင့် ဈေးနှုန်းရသင့်သည်ထက် နည်းပါးစွာ ရရှိသဖြင့် အချောထည်များကို ထုတ်လုပ်တင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အချို့သော သယံဇာတများသည် ပြည့်ဖြိုးမြဲ သယံဇာတ မဟုတ်သည့်အတွက် ကုန်ခန်းသွားနိုင်ကြောင်း၊ ပြည့်ဖြိုးမြဲသယံဇာတများကိုမူ ပြန်လည် ဖြည့်တင်းရေးနှင့် ထိန်းသိမ်းရေးလုပ်ငန်းများကို လုပ်ဆောင်ရမည်ဖြစ်ကြောင်း။

သယံဇာတကို အားကိုးပါက ရေရှည်တွင် အခက်အခဲများ ဖြစ်ပေါ်နိုင်သည့်အတွက် တိုင်းပြည်အတွက် အာမခံချက်ရှိသည့် ကုန်ထုတ်လုပ်မှုများကို လုပ်ဆောင်ကြစေလိုကြောင်း၊ စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များကို အရည်အသွေးပြည့်ဝပြီး အဆင့်အတန်းပြည့်မီသည့် ထုတ်ကုန်များဖြစ်အောင် လုပ်ဆောင်ကာ ပြည်တွင်းရှိ အခြားဒေသများနှင့် ပြည်ပဈေးကွက်များသို့ တင်ပို့ရောင်းချနိုင်ရေး လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးမှ ရရှိလာသည့် ထွက်ကုန်များကို အကြမ်းထည် တင်ပို့သည့် တစ်ဆင့်ခံ ကုန်ထုတ်လုပ်ငန်းဖြစ်နေ၍ မရဘဲ ဈေးကွက်ဝင် ကုန်ချောထုတ်လုပ်နိုင်ရန် လိုအပ်ကြောင်း၊ လိုအပ်သည့် အခြေခံကုန်ကြမ်းပစ္စည်းများကို မိမိတို့ဒေသတွင်း၌ ထုတ်လုပ်နိုင်မည်ဆိုပါက ပြင်ပမှ ဝယ်ယူနေရမှုများကို လျှော့ချနိုင်မည်ဖြစ်ပြီး ဈေးနှုန်းသက်သာစွာဖြင့် အသုံးပြုနိုင်မည်ဖြစ်ကာ ဒေသ၏ စီးပွားရေးသည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ မိမိဒေသ၏ အခြေအနေဖန်တီးနိုင်မှုသည် ဒေသတွင်း၌ပင် ရှိနေရမည်ဖြစ်ကြောင်း။

## လူသားအရင်းအမြစ်များ လိုအပ်

ထိုကဲ့သို့ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို အောင်မြင်စွာ ထုတ်လုပ်နိုင်ရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာ၊ အတတ်ပညာနှင့် ပြည့်စုံသည့် လူသားအရင်းအမြစ်များ လိုအပ်မည်ဖြစ်ကြောင်း၊ ၂၀၁၉ ခုနှစ်တွင် ထုတ်ပြန်သည့် ရှေ့ပြေးသန်းခေါင်စာရင်းအရ မိမိတို့နိုင်ငံတွင်

*စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၄ မှ*

အထက်တန်းပညာ မသင်ကြားဖူးသူနှင့် စာလုံးဝ မတတ်မြောက်သူဦးရေသည် မြင့်မားလျက်ရှိသည်ကို တွေ့ရှိရပြီး ပြည်နယ်များတွင် ပညာရေးနှင့် ပတ်သက်ပါက ပိုမိုအားနည်းလျက်ရှိသည်ကို တွေ့ရှိရသဖြင့် ပညာရေးကို အလေးပေးဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ ပညာရေးလေ့လာဆန်းစစ်မှု စာရင်းပြုစုမှုမှတ်တမ်းများအရ ကချင်ပြည်နယ်တွင် ၂၀၁၉ ခုနှစ်၌ KG တန်းတက်ရောက်သူ ဦးရေ ၃၉၀၀၀ ကျော်ရှိပြီး အဆိုပါကျောင်းသား ကျောင်းသူများသည် တန်းစဉ်ကူးပြောင်းမှုအဆင့်ဆင့်တွင် အကြောင်းအမျိုးမျိုးဖြင့် ပြုန်းတီးခဲ့ရာ တက္ကသိုလ်ဝင်တန်းသို့ ရောက်ရှိခဲ့သူ ဦးရေ ၂၀၀၀၀ ခန့်သာရှိခဲ့ကြောင်း၊ အဆိုပါ ကျောင်းသား ၂၀၀၀၀ တွင် တက္ကသိုလ်ဝင်တန်း အောင်မြင်သူ ၅၅၀၀ ကျော်သာရှိခဲ့သဖြင့် မိမိတို့နိုင်ငံ၏ ပညာရေးဖွံ့ဖြိုးတိုးတက်မှုကို မဖြစ်မနေ မြှင့်တင်ဆောင်ရွက်သွားရန် လိုအပ်နေသည်ကို တွေ့ရှိရကြောင်း၊ ဒေသတိုးတက်ရေး လုပ်ဆောင်ရာတွင် ရေတို၊ ရေရှည်လုပ်ငန်းများကို စဉ်းစားလုပ်ဆောင်ရမည်ဖြစ်ပြီး ရေရှည်အတွက် ပညာရေးဖွံ့ဖြိုးတိုးတက်မှုရှိအောင် လုပ်ဆောင်ပေးရမည်၊ အားပေးရမည်ဖြစ်ကြောင်း၊ ဒေသတွင်းရှိ ပညာရေး၊ ကျန်းမာရေးမှအစ လိုအပ်လျက်ရှိသည့် ပညာတတ်လူသားအရင်းအမြစ်များ ထွက်ပေါ်လာအောင် အနာဂတ်အတွက် ကြိုတင်မျှော်တွေး၍ လုပ်ဆောင်ပေးရန်လိုကြောင်း၊ နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်ခဲ့ရပြီးနောက်ပိုင်း ပြန်လည်ဖွင့်လှစ်သင်ကြားစေခဲ့ကြောင်း၊ သို့သော်လည်း ကိုဗစ် -၁၉ ရောဂါ တတိယလှိုင်းဖြစ်ပေါ်ခဲ့သဖြင့် ကျောင်းများ ယာယီပိတ်ထားခဲ့ရပြီး ကောင်းမွန်စွာ ထိန်းချုပ်နိုင်သည့်အချိန်တွင် ပြန်လည်ဖွင့်လှစ်သင်ကြားပေးနိုင်ရေး ကြိုးပမ်းလုပ်ဆောင်လျက်ရှိကြောင်း၊ စီးပွားရေးဆိုင်ရာ ပညာတတ်များ ပေါ်ထွက်ရန်နှင့် ဒီမိုကရေစီခေတ်တွင် ဥပဒေကို သိရှိရန်လိုအပ်သဖြင့် တက္ကသိုလ်များတွင် စီးပွားရေးပညာနှင့် ဥပဒေပညာများကို သင်ကြားပေးရန် ညွှန်ကြားထားရှိကြောင်း။

### လျှပ်စစ်စွမ်းအား ဖူလုံမှုရှိစေရေး

စက်မှုကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ လုပ်ဆောင်ရာတွင် လျှပ်စစ်စွမ်းအင်ရရှိရေးသည် အဓိကလိုအပ်ချက်တစ်ခုဖြစ်သဖြင့် ဒေသတွင်း လျှပ်စစ်စွမ်းအား ဖူလုံမှုရှိစေရေး ကြိုးပမ်းလုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ဒေသတွင်းရှိ ပေါကြွယ်ဝသည့် ဝါးအရင်းအမြစ်များ အသုံးချ၍ ချည်ထည်လုပ်ငန်း၊ စက္ကူလုပ်ငန်းတို့ကိုလည်း လုပ်ဆောင်နိုင်ရေး စဉ်းစားရန် လိုကြောင်း၊ မြို့ပြတည်ဆောက်ရေးနှင့် ပတ်သက်၍ ရေစီးရေလာကောင်းမွန်ရေး၊ လေကောင်းလေသန့်ရရှိရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ ပညာရည်သင်ကြားမှုစနစ် မြင့်မားရေး၊ ကျန်းမာရေးဆိုင်ရာနှင့် သယ်ယူပို့ဆောင်မှုစနစ် Public Transportation များ ကောင်းမွန်မှုရှိရန် ထည့်သွင်းစဉ်းစားရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် ဝယ်ရောင်းလုပ်ငန်းများ အလွန်များပြားလျက်ရှိသည်ကို တွေ့ရှိရပြီး ကုန်ထုတ်လုပ်မှုအားနည်းသည့် ပုံစံမျိုးဖြစ်နေသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် ကုန်ထုတ်လုပ်မှုကို အခြေခံသည့် စီးပွားရေးလုပ်ငန်းဖြစ်အောင် တွန်းအားပေးဆောင်ရွက်ရမည်ဖြစ်ပြီး ကချင်ပြည်နယ်သည် နယ်စပ်နယ်နိမိတ် ထိစပ်နေသည့် ဒေသတစ်ခုဖြစ်သည့်အတွက် နာရီပိုင်းအတွင်း စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း၊ ဒေသထုတ်ကုန်များကို အဆင့်မြှင့်တင်ပြီး တင်ပို့ရောင်းချနိုင်ရန် လိုကြောင်းနှင့် ဈေးကွက်ရှိပြီးသားဖြစ်သဖြင့် အောင်မြင်အောင် လုပ်ဆောင်ကြစေလိုကြောင်း။

### ကျန်းမာမှ အလုပ်လုပ်နိုင်မည်

ခရီးသွားလုပ်ငန်းနှင့် ပတ်သက်၍ မီးခိုးမထွက်သည့် စီးပွားရေးလုပ်ငန်းဖြစ်ပြီး အိမ်သာမှ ဧည့်လာမည်ဖြစ်သည့်အတွက် နေထိုင်ရေး၊ သွားလာရေး၊ စားသောက်ရေး၊ လုံခြုံရေးတို့အပြင် အဘက်ဘက်မှ ပြည့်စုံနေရန်လိုအပ်မည်ဖြစ်ကြောင်း၊ ဒေသ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိသကဲ့သို့ အားကစားကဏ္ဍ မြင့်မားရေးအတွက်လည်း လုပ်ဆောင်ရန်လိုကြောင်း၊ အားကစားဆောင်ရွက်ခြင်းသည် သာမန်ကြည့်မည်ဆိုပါက လူတစ်ဦးတစ်ယောက်၊ လူတစ်စု၏ အားကစားဖြစ်သော်လည်း အားကစားဖွံ့ဖြိုးသည့် တိုင်းပြည်တစ်ခု၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာတို့ကို များစွာဖွံ့ဖြိုးတိုးတက်စေနိုင်သဖြင့် အားကစားကို အားပေးရန်လိုကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အားကစားကွင်းများကို အဆင့်မြှင့်တင်ပေးလျက်ရှိသဖြင့် အားကစားပြုလုပ်သူ၊ လေ့ကျင့်သူများအပြင် စနစ်တကျအားပေးသည့် ပရိသတ်များရှိရန် လိုအပ်မည်ဖြစ်ကြောင်း၊ အစားအစာကို ပြည့်ဝစွာစားသုံးပါက ကိုယ်ခံအားကောင်းမည်ဖြစ်ပြီး ကိုယ်လက်လှုပ်ရှား အားကစားဆောင်ရွက်ပါက ကျန်းမာကြံ့ခိုင်မှုကို ဖြစ်ပေါ်စေနိုင်မည်ဖြစ်ကြောင်း၊ ကျန်းမာမှ ပညာသင်ကြားနိုင်မည်၊ ကျန်းမာမှ အလုပ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် စားနပ်ရိက္ခာပေါများရေးနှင့် သာယာဝပြောရေးကို ဦးစားပေး လုပ်ဆောင်နေခြင်းပင်ဖြစ်ကြောင်းနှင့် ဒေသနှင့် တိုင်းပြည်ဖွံ့ဖြိုး တိုးတက်ရေးအတွက် ကြိုးပမ်းလုပ်ဆောင်သွားကြရန် လိုအပ်မည်ဖြစ်ကြောင်းဖြင့် ဆွေးနွေးပြောကြားခဲ့ပြီး နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများကို ဆက်လက်ပြောကြားခဲ့သည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် ကချင်ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့ရှိ ခရိုင်အားကစားကွင်းနှင့် ပြည်နယ်အားကစားကွင်းတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး အားကစားကွင်း အဆင့်မြှင့်တင်ရေးနှင့် ပတ်သက်၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြစ်ကြီးနားမြို့ရှိ ပြည်နယ်အားကစားကွင်းအား ကြည့်ရှုစစ်ဆေးစဉ်။**

---

*စာမျက်နှာ ၃ မှ*

တပ်မတော်သည် တိုင်းပြည်အတွက်ပင် ဖြစ်ရမည်ဖြစ်ကြောင်း၊ တိုင်းပြည်တွင် အရေးပေါ်အခြေအနေများနှင့် ကြုံတွေ့ခဲ့ရတိုင်း တပ်မတော်က ဦးဆောင်ဖြေရှင်းဆောင်ရွက်ပေးခဲ့သည်ကို သိရှိရမည်ဖြစ်ကာ တိုင်းပြည်အတွက် လုပ်ဆောင်ပေးနိုင်သည်မှန်သမျှကို လုပ်ဆောင်ပေးနိုင်ရေး စိတ်နှလုံးသွင်းလုပ်ဆောင်ရန် လိုကြောင်း။

တပ်မတော်သားမိသားစုများ၏ သက်သာချောင်ချိရေး၊ ပညာရေး၊ ကျန်းမာရေး၊ စားဝတ်နေရေးတို့ကို သတ်မှတ်ထားသည့် အဆင့်နှင့်လျော်ညီစွာ ဖြည့်ဆည်းဆောင်ရွက်ပေးထားပြီးဖြစ်သဖြင့် အရာရှိ၊ စစ်သည်များအနေဖြင့် မိမိတို့တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ရန်နှင့် စွမ်းရည်သုံးရပ်ထက်မြက်နေအောင် ကြိုးပမ်းလုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ အုပ်ချုပ်သူခေါင်းဆောင်များအနေဖြင့် ညီညွတ်မျှတသည့် ခေါင်းဆောင်မှုရှိရန် လိုအပ်သကဲ့သို့ လက်အောက်ငယ်သားများကလည်း စည်းကမ်းသေဝပ်ပြီး စစ်သားကောင်းတစ်ယောက် ပီသအောင် နေထိုင်ကျင့်ကြံရန်လိုကြောင်း၊ မိမိတို့ထမ်းဆောင်ရသည့်တာဝန်နှင့် သင်ကြားပေးလိုက်သည့် ပညာရပ်များကို မြေပြင်လက်တွေ့ပေါင်းစပ်၍ ကြုံတွေ့လာရသည့် အခက်အခဲများကို အောင်မြင်စွာ ဖြေရှင်းနိုင်ရမည်ဖြစ်ကြောင်း၊ အဆင့်နှင့်လျော်ညီသည့် လစာ၊ ရိက္ခာနှင့် ရပိုင်ခွင့်များကို လုပ်ဆောင်ပေးထားပြီးဖြစ်သဖြင့် မိမိဘဝတိုးတက်ရေးကို ထိခိုက်စေနိုင်သည့် အရက်၊ ဆေးလိပ်၊ ကွမ်းယာတို့ကို သုံးစွဲခြင်း၊ ဝင်ငွေ၊ ထွက်ငွေ မျှတအောင် သုံးစွဲနိုင်မှုမရှိခြင်းတို့ကို ကိုယ်ပိုင်အသိစိတ်များဖြင့် ဆင်ခြင်ထိန်းသိမ်းဆောင်ရွက်ကြစေလိုကြောင်း၊ မိမိတို့၏ တပ်ပိုင်းဆိုင်ရာကိစ္စရပ်များတွင် တာဝန်ကျေပွန်အောင် ထမ်းဆောင်သကဲ့သို့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း မိမိတို့တတ်စွမ်းသရွေ့ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်း။

> **"ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုများနှင့် ပတ်သက်၍ တတိယလှိုင်းဖြစ်ပွားစဉ်အချိန်က ဖြစ်ပွားမှုနှုန်း ၄၀ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့သော်လည်း အုပ်ချုပ်ရေးအဖွဲ့အစည်းများ၏ စီမံခန့်ခွဲမှု၊ ကျန်းမာရေးဝန်ထမ်းများ၏ ကြိုးစားအားထုတ်မှု၊ ပြည်သူတို့၏ ပူးပေါင်းဆောင်ရွက်မှုများကြောင့် လက်ရှိအချိန်တွင် ဖြစ်ပွားမှုနှုန်း ၁၀ ရာခိုင်နှုန်း အောက်သို့ ရောက်ရှိသည်အထိ လုပ်ဆောင်နိုင်ခဲ့"**

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုများနှင့် ပတ်သက်၍ တတိယလှိုင်းဖြစ်ပွားစဉ်အချိန်က ဖြစ်ပွားမှုနှုန်း ၄၀ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့သော်လည်း အုပ်ချုပ်ရေးအဖွဲ့အစည်းများ၏ စီမံခန့်ခွဲမှု၊ ကျန်းမာရေးဝန်ထမ်းများ၏ ကြိုးစားအားထုတ်မှု၊ ပြည်သူတို့၏ ပူးပေါင်းဆောင်ရွက်မှုများကြောင့် လက်ရှိအချိန်တွင် ဖြစ်ပွားမှုနှုန်း ၁၀ ရာခိုင်နှုန်းအောက်သို့ ရောက်ရှိသည်အထိ လုပ်ဆောင်နိုင်ခဲ့ကြောင်း၊ ရောဂါကူးစက်ဖြစ်ပွားမှုနှုန်း မျှော်မှန်းထားသည့် အတိုင်းအတာတစ်ခုအထိ လျော့ကျလာမှသာလျှင် ပညာရေးအပါအဝင် အခြားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်နိုင်မည်ဖြစ်သောကြောင့် ကူးစက်ဖြစ်ပွားမှုနှုန်းကို ထိန်းချုပ်နိုင်ရေးအတွက် ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်သည့် စည်းမျဉ်းစည်းကမ်းများကို တိကျစွာ လိုက်နာရန် လိုအပ်မည်ဖြစ်ကြောင်း၊ နေအိမ်တွင် နေထိုင်ရေး (Stay at Home)ကာလအတွင်း စည်းကမ်းစနစ်တကျ နေထိုင်ရန်နှင့် မိမိဘဝ တိုးတက်ရေးအတွက် အချိန်ကို အကျိုးရှိစွာ အသုံးချစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများ၏ လိုအပ်ချက်များကို မေးမြန်းကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

### ထောက်ပံ့ငွေများ ပေးအပ်

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ တိုင်းမှူးက လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးက မိခင်နှင့်ကလေး ထောက်ပံ့ငွေများကို ပေးအပ်ရာ တိုင်းမှူး၏ ဇနီးက လည်းကောင်း အသီးသီး လက်ခံရယူခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဇနီးနှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်အား ရင်းရင်းနှီးနှီး အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လမ်းပြကြယ်တစ်ပွင့် သို့မဟုတ် အမျိုးသားစာပေတစ်သက်တာဆုရ ဆရာမကြီး ဒေါ်ခင်ဆွေဦး (ခင်ဆွေဦး)

## သန်းသန်းစိ (စာပေဗိမာန်)



*(ယမန်နေ့မှအဆက်)*

### နှင်းဆီက မွေး

ဆရာမကြီး၏ စာပေလက်ရာကို မိမိအနေဖြင့် စတင်ထိတွေ့ခွင့်ရရှိခဲ့သည့်စာအုပ်မှာ ကျောင်းသားသမဂ္ဂ နောက်ခံဝတ္ထုဖြစ်သည့် "နှင်းဆီက မွေး" လုံးချင်းဝတ္ထုဖြစ်သည်။ အဆိုပါ စာအုပ်မှာ ဆရာမကြီး၏ ၂၃ အုပ်မြောက် လုံးချင်းလက်ရာဖြစ်သည်။ "နှင်းဆီက မွေး" သည် ရန်ကုန်တက္ကသိုလ်သမဂ္ဂ အဆောက်အဦ နောက်ခံကားချပ်ကို သရုပ်ပြရေးဖွဲ့ထားသည့် ဝတ္ထုတစ်ပုဒ်ဖြစ်ပြီး တက္ကသိုလ်ကျောင်းသားကိုညိုအောင်နှင့် တက္ကသိုလ်ကျောင်းသူ သင်းသင်းအေးတို့၏ မေတ္တာထုံမွမ်းသည့် အချစ်ဇာတ်လမ်းကို ကလောင်စုတ်ချက် ခြယ်မှုန်းထားသော ဝတ္ထုတစ်ပုဒ်ဟု ခံစားမိခဲ့သည်။ တက္ကသိုလ် ကျောင်းသား ကျောင်းသူတို့၏ဘဝ ပျော်လည်းပျော်ခဲ့ကြ၊ အချစ်အတွက် အသည်းလည်းကွဲခဲ့ကြ၊ ဘဝခရီးလမ်းအတွက် အစိတ်အပိုင်းဖြစ်သည့် ပညာရေးကိုလည်း ကြိုးပမ်းခဲ့ကြကာ ဘဝခရီးတစ်လျှောက် "ကံစေစားသော်လည်း ကံထားရာ နံ့နံ့သူ၊ ကံထားရာ မနံ့နံ့သူတို့၏ အဖြစ်သနစ်တို့ကို ဆရာမကြီး၏ "နှင်းဆီက မွေး" တွင် တွေ့ရှိခံစားခဲ့ရသည်။

"မမေ့ရက်နိုင်သော အတိတ်ကြေးမုံပြင်သည် တစ်သက်ပန်လုံး ရေးရေးမကထင်ခဲ့သည်ချည်းပင် ဖြစ်ပါသည်။ ဟောင်းဖြစ်သနစ်ကို ဆန်းစစ်၍ မတွေးချင်ပေမယ့်လည်း မရပါ။ အရိပ်သဖွယ်နောက်က ထက်ကြပ်လိုက်၍သာနေတော့သည်။"

ဆရာမကြီးက 'နှင်းဆီက မွေး' ကို ဤစာသားတို့ဖြင့် နိဒါန်းချီခဲ့သည်။ အဆိုပါ ဝါကျသုံးကြောင်းကပင် တက္ကသိုလ် ကျောင်းသားကျောင်းသူတို့၏ အတိတ်ဖြစ်ကြောင်းစုံကို ခြေရာကောက်ဖွင့်ဟတော့မည်ဟု အသိပေးလက်တို့လိုက်သလို ခံစားခဲ့ရဖူးသည်။ ဆရာမကြီး၏ဝတ္ထုကို ဖတ်ရင်းမိမိတို့ တက်ရောက်ဖူးသည့် တက္ကသိုလ်ပရိဝုဏ်ကို ပြန်မြင်ယောင်မိသည်။ ဆရာမကြီး၏ ဝတ္ထုတွင် ဖော်ပြထားသည့်အတိုင်း သိင်္ဂါရ ရသမည်သော ချစ်ခြင်းတရား၊ ဟာသရသ၊ ပျော်ရွှင်ကြည်နူးမှု၊ ကရုဏာရသမည် အလွမ်းနှင့် အပူတို့ကိုလည်း ပြန်လည်ခံစားခဲ့ရသည်။

ဆရာမကြီးခင်ဆွေဦးသည် "ငြိမ်းချမ်းပါစေ ဝတ္ထုတိုစုစည်းမှု"စာအုပ်ဖြင့် ၁၉၆၃ ခုနှစ် အနုပညာစာပေ စတုတ္ထဆုကို ဆွတ်ခူးရရှိခဲ့သည်။ ဝတ္ထုတိုစုစည်းမှုတွင် 'ငြိမ်းချမ်းပါစေ' အပါအဝင် သွေးသောက်၊ နဝဒေး၊ ရှုမဝ၊ မြဝတီ၊ ငွေတာရီ မဂ္ဂဇင်းတို့၌ ရေးသားဖော်ပြခဲ့သည့် ဝတ္ထုတို ၁၂ ပုဒ်ကို စုစည်းထုတ်ဝေထားခြင်းဖြစ်သည်။ အထူးသဖြင့် ၁၉၅၃ ခုနှစ်မှ ၁၉၆၂ ခုနှစ်အတွင်း မြန်မာ့နိုင်ငံရေးနှင့် လူမှုဘဝအပိုင်းအစများကို ခြေရာကောက်နိုင်သည့် ကားချပ်များဖြစ်ပေသည်။


### ငြိမ်းချမ်းပါစေ


'ငြိမ်းချမ်းပါစေ'သည် ပြည်တော်သာခေတ် အစိုးရအမှုထမ်း မိသားစုတစ်စုကို နောက်ခံထားကာ ကိုလိုနီအရိပ်လွှမ်းနေသေးသည့် လူတို့၏ အပြုအမူအပြောအဆို အခေါ်အဝေါ်များကို တို့ထိဖော်ပြထားသည်ကို တွေ့ရှိရကာ လက်နက်အားကိုးဖြင့် ကြီးနိုင်ငယ်ညှဉ်းပြုနေကြသည့် ခေတ်ပျက်လူမိုက်အဖွဲ့အစည်းများ၏ သရုပ်ကိုလည်း တစ်စိတ်တစ်ဒေသ လှစ်ပြထားသည်ကို တွေ့ရသည်။ အဆိုပါဝတ္ထုမှာ ၁၉၆၂ ခုနှစ် ဇန်နဝါရီလထုတ် နဝဒေးမဂ္ဂဇင်းတွင် ရေးသားခဲ့ခြင်းဖြစ်ပေသည်။

"ငြိမ်းချမ်းပါစေ ဝတ္ထုတိုစုစည်းမှု"မှ 'မည်သူတရားခံနည်း'ဝတ္ထုမှာ လူ့အခွင့်အရေး ချိုးဖောက်ခံထားရသည့် အိမ်ဖော်မိန်းမပျိုလေးတစ်ဦး၏ဘဝကို နောက်ခံထားကာ ငွေဂုဏ်နေ ကြွယ်ဝသူအချို့၏ ဖောက်ပြန်တတ်သော ကိုယ်၊ စိတ်၊ နှလုံး သုံးပါးကို ရေးသားတင်ပြထားခြင်း ဖြစ်ပေသည်။ အဆိုပါဝတ္ထုတွင် ငယ်ငယ်ရွယ်ရွယ်နှင့် မိဘမဲ့ဖြစ်သွားရှာသည့် 'ငွေသင်' ဟူသော သနားစဖွယ် မိန်းကလေး တစ်ဦးဘဝမှသည် ဖောက်ပြန်တတ်သော လူတို့၏ ဝန်းကျင်တွင် ဘဝအသိ တိမ်းပါးသွားရှာသည့် မိန်းမပျိုတစ်ဦး၏အဖြစ်ကို ထိတွေ့ခံစားရသည်။ ငယ်ငယ်ရွယ်ရွယ်နှင့် အိမ်ဖော်ဖြစ်ခဲ့ပြီး အရွယ်လေး အတန်အသင့်ရလာသည့်အခါ အိမ်ရှင်အမျိုးသား၏ ကိုယ်ကျင့်ဖောက်ပြန်မှုကြောင့် အပျိုစင်ဘဝပျက်သွားသည့် 'ငွေသင်'၊ ထို့နောက် သူမဘဝကို စာနာထောက်ထားတတ်သည့် အိမ်တစ်အိမ်သို့ ရောက်ရှိသွားခဲ့သော်လည်း အသိဉာဏ်မကြွယ်ရှာသည့် မိန်းကလေး ပီပီ နှိပ်စက်ခံရမှု၊ ကြိမ်းမောင်းပြောဆိုခံရမှုဘေး ကင်းဝေးနေသည့်အိမ်တွင် မပျော်မွေ့ဘဲ မိမိဘဝကို နွံအတွင်းဆွဲနှစ်ခဲ့သည့် အတိတ်အိမ်ကိုမှ ပြန်လည်တမ်းတနေသည့် "ငွေသင်" အဖြစ်သို့ ရောက်ရှိသွားရခြင်းမှာ သူကိုယ်တိုင်မိုက်မှားမှုကြောင့်လော၊ ကံတရားကြောင့် ပေလော၊ လူနေမှုစနစ်ကြောင့်လော၊ စာရိတ္တကောင်းမွန်စေရန် ပညာအခြေခံကျောင်းများ နေခွင့်မရခဲ့သောကြောင့် လော၊ လူကိုလူချင်းခိုင်းစားသည့်စနစ်ဆိုးကြောင့်လောဟု 'လော' ပေါင်းများစွာ မေးခွန်းထုတ်ကြည့်နေရသည့် အခြေအနေကို ရေးဖွဲ့တင်ပြထားခြင်းဖြစ်သည်။ အဆိုပါဝတ္ထုတွင် ဆရာမကြီးက–

"ဘဝသည် သချာနှင့်မတူ၊ သချာတွင် ပုစ္ဆာရှိသော် အဖြေအဆင်သင့်ရှိသည်။ ဘဝမှာမူကား ပုစ္ဆာရှိသော်လည်း အဖြေမထွက်လာသော ပြဿနာများ အမြောက်အမြား ရှိသတည်း" ဟု ဘဝအသိ ဘဝသတိအတွက် လက်တို့ထားသည်ကို တွေ့ရပေသည်။






❖ **စာဖတ်ပရိသတ်အတွက် စိတ်ခွန်အားများစွာ ပေးစွမ်းသည့် စာအုပ်စာပေများစွာ ရေးသားပြုစုခဲ့သူ ဆရာမကြီး ဒေါ်ခင်ဆွေဦးသည် ၁၉၆၃ ခုနှစ်အတွက် အနုပညာဆိုင်ရာစာပေဆု (အမျိုးသားစာပေဆု) ဝတ္ထုတိုပေါင်းချုပ် စတုတ္ထဆုကို "ငြိမ်းချမ်းပါစေ" ဝတ္ထုတိုပေါင်းချုပ် စာအုပ်ဖြင့်လည်းကောင်း၊ ၂၀၀၆ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေ တစ်သက်တာဆုကိုလည်းကောင်း၊ ၂၀၁၂ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုကိုလည်းကောင်းရရှိ**

### အဆီအနှစ်များကို ဝေငှ

ဆရာမကြီး၏အသွင်၊ ဆရာမကြီး၏ စာပေလက်ရာများကို "စာပေမှတစ်ဆင့် နိုင်ငံချစ်စိတ်ကို ပါးနပ်စွာ သွတ်သွင်းပေးနိုင်စွမ်းရှိသူဖြစ်ကြောင်း၊ ၎င်း၏ စာပေလက်ရာများကိုဖတ်ရသည်မှာအလဟဿ မဖြစ်၊ တကယ့်အဆီအနှစ်များကို ဝေငှစိမ့်ဝင်ခဲ့သူဖြစ်ကြောင်း၊ ၎င်း၏ ဇာတ်ကောင်များမှ ပတ်ဝန်းကျင်ရှိ သက်ရှိလူသားများအလား လှုပ်ရှားသက်ဝင်နေခဲ့ကြောင်း၊ လောကဓံကို အလိုက်သင့်လက်ခံရင်ဆိုင် တွန်းလှန်နိုင်သော အင်အားကို အားကျအတုယူမိကြောင်း၊ မသိလိုက် မသိဘာသာ လိုလိုလားလား လက်ခံသိမ်းပိုက်ထားမိခဲ့သည့် စရိုက်များဖြစ်၍ အသည်းထဲစွဲမြဲနေခဲ့ကြောင်း၊ လူတိုင်းအပေါ် ချိုသာသောအပြုံး၊ ပွင့်လင်းသောအမြင်၊ ကြင်နာသော သဘောထားနှင့် ဆက်ဆံတတ်သူဖြစ်ကြောင်း၊ စာပေအတွက် လမ်းပြကြယ်သာမက ဘဝနေနည်းအတွက်လည်း လမ်းပြရှေ့ဆောင်နေသည့် အသွင်မှတ်ထင်ရကြောင်း၊ အပြုံးအေးအေးလေးနှင့် ကြည်လင်သော မျက်နှာကိုသာ တွေ့နေကြရကြောင်း၊ ကျန်းမာရေးချို့တဲ့၍ အိပ်ရာထဲလဲသည့်တိုင် အပြုံးမပျက်၊ မျက်လုံးလေးတွေက ကြည်လင်နေဆဲဖြစ်ကြောင်း" ဆရာမကြီး နတ်မောက်အနီချိုက ၂၀၁၉ ခုနှစ် မတ်လ ၃၀ ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် "ထွန်းလင်းခဲ့သော လမ်းပြကြယ်" ဟူသော ခေါင်းစဉ်ဖြင့် အမှတ်တရဂုဏ်ပြုရေးသားခဲ့သည်။

နိုင်ငံနှင့် လူမျိုးအကျိုးပြု စာပေလက်ရာပေါင်းများစွာကို ဖန်တီးခဲ့သူ၊ ဘဝအစိတ်အပိုင်းများစွာကို စာပေရေးသားခြင်းဖြင့် ကုန်လွန်စေခဲ့သူ၊ လူသားတစ်ဦး၏အရွယ်ဆစ်ပိုင်းအလိုက် လောကဓံတရားတို့နှင့် ထိတွေ့ရင်ဆိုင်ရငြား အဆိုပါလောကဓံတရားတို့ကို ခေါင်းမော့ရင်ကော့ကာ အန်တုဖြတ်သန်းတတ်စေရန် စာဖတ်ပရိသတ်အတွက် စိတ်ခွန်အားများစွာ ပေးစွမ်းသည့် စာအုပ်စာပေများစွာ ရေးသားပြုစုခဲ့သူ ဆရာမကြီး ဒေါ်ခင်ဆွေဦးသည် ၁၉၆၃ ခုနှစ်အတွက် အနုပညာဆိုင်ရာစာပေဆု (အမျိုးသားစာပေဆု) ဝတ္ထုတိုပေါင်းချုပ် စတုတ္ထဆုကို "ငြိမ်းချမ်းပါစေ" ဝတ္ထုတိုပေါင်းချုပ် စာအုပ်ဖြင့်လည်းကောင်း၊ ၂၀၀၆ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေ တစ်သက်တာဆုကိုလည်းကောင်း၊ ၂၀၁၂ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာ ဆုကိုလည်းကောင်းရရှိခဲ့သည်။

*စာမျက်နှာ ၇ သို့*

## ထုတ်ကုန်များ အရည်အသွေးပြည့်မီအောင် ထုတ်လုပ်

နိုင်ငံပိုင်စက်ရုံများ ရပ်ဆိုင်းထားရသည့်အတွက် တိုင်းပြည်အတွက် ထိခိုက်နစ်နာမှုများစွာရှိကြောင်း၊ သို့ဖြစ်၍ အကြောင်းအမျိုးမျိုးကြောင့် ရပ်ဆိုင်းထားသည့် နိုင်ငံတော်ပိုင်စက်ရုံများအား ပြန်လည်လည်ပတ်နိုင်ရေးအတွက် ကုန်ကြမ်းများရရှိမှု၊ သွင်းအားစုများ ရရှိမှုနှင့် ဈေးကွက်ရရှိရေးအပေါ် သုံးသပ်တွက်ချက်၍ ဆောင်ရွက်သွားရမည်ဖြစ်ပြီး ထုတ်ကုန်များကိုလည်း အရည်အသွေးပြည့်မီအောင် ထုတ်လုပ်သွားရန် လိုအပ်ကြောင်း၊ သဘာဝဘေးအန္တရာယ်နှင့် အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံပိုင်ပစ္စည်းများ လေလွင့်ဆုံးရှုံးမှုများစွာရှိကြောင်း၊ သို့ဖြစ်၍ တာဝန်ရှိသူများအဆင့်ဆင့်က နိုင်ငံပိုင်ပစ္စည်းများ လူ၏ပေါ့လျော့မှုကြောင့် လေလွင့်ဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေးအတွက် ဝန်ထမ်းအားလုံး အသိတရားရှိရှိဖြင့် စေ့စေ့စပ်စပ်သုံးစွဲနိုင်ရေး အသိပေးဆောင်ရွက်သွားကြရန်လိုကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၇-၉-၂၀၂၂ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၂) ၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

## လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အပြစ်မဲ့အရပ်သားပြည်သူလူထုများ၊ ကလေးငယ်များပါမကျန် လုပ်ကြံသတ်ဖြတ်လာမှုအပေါ် ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်ခဲ့

**နေပြည်တော် စက်တင်ဘာ ၁၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွန်းသည် စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများနှင့်အတူ မုံရွာမြို့ တိုင်းအားကစားရုံတွင်လည်းကောင်း၊ ညနေပိုင်းတွင် စစ်ကိုင်းမြို့ရှိ ရဲလေ့ကျင့်ရေးကျောင်းတွင် လည်းကောင်း၊ စက်တင်ဘာ ၁၈ ရက် မနက်ပိုင်းတွင် ပခုက္ကူမြို့ နယ်မြေခံတပ်နယ်ခန်းမတွင် လည်းကောင်း လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသော မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ လုံခြုံရေးတပ်ဖွဲ့ဝင်များအား တွေ့ဆုံအမှာစကား ပြောကြားသည်။



ထိုသို့ တွေ့ဆုံအမှာစကားပြောကြားမှုများတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဖြစ်ပေါ်လာရသည့် အခြေအနေများ၊ အေးချမ်းစွာဆန္ဒပြမှု ဖြစ်စဉ်များအတွင်း ဒီမိုကရေစီကျင့်စဉ်များနှင့်အညီ နားလည်လက်ခံခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အပြစ်မဲ့အရပ်သားပြည်သူလူထုများ၊ ကလေးငယ်များပါမကျန် လုပ်ကြံသတ်ဖြတ်လာမှုအပေါ် ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်ခဲ့သည့် အခြေအနေများ၊ တရားဥပဒေစိုးမိုးရေးနှင့် ပတ်သက်၍ လက်ရှိဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်ရန် ပြင်ဆင်ထားရှိမှု အခြေအနေများ၊ နိုင်ငံတည်ငြိမ်ရေးအတွက် သောင်းကျန်းသူချေမှုန်းရေးတွင် တပ်မတော်နှင့် ပူးပေါင်းဆောင်ရွက်ခဲ့မှုအခြေအနေများ၊ တစ်မျိုးသားလုံး လူညွန့်တုံးစေသည့် မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်ခဲ့မှု အခြေအနေများ၊ ပြည်သူလူထုနှင့် ပူးပေါင်း၍ ရပ်/ရွာ အေးချမ်းသာယာရေးအတွက် အကြမ်းဖက်သောင်းကျန်းသူများကို ပြတ်ပြတ်သားသား ထိထိရောက်ရောက်အရေးယူဆောင်ရွက်သွားမည့် အခြေအနေများကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စစ်ကိုင်းမြို့ရှိ ရဲလေ့ကျင့်ရေးကျောင်းကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်ချက်များအား မှာကြားသည်။

ယင်းနောက် သင်တန်းကျောင်းရှိ တပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များအား တွေ့ဆုံ၍ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များကို တွေ့ဆုံမေးမြန်းကာ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီးများ သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် ဝန်ထမ်းများနှင့် တွေ့ဆုံ

**မြစ်ကြီးနား စက်တင်ဘာ ၁၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ကချင်ပြည်နယ်ခရီးစဉ်အတွင်း လိုက်ပါလာကြသည့် ပြည်ထောင်စုဝန်ကြီးများသည် ယနေ့ နံနက်ပိုင်းတွင် သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ပြည်နယ်အတွင်းရှိ ဦးစီးဌာနများမှ ဝန်ထမ်းများနှင့် သွားရောက်တွေ့ဆုံပြီး လုပ်ငန်းဆောင်ရွက်မှုများကို မှာကြားသည်။

ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးသည် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ လည်းကောင်း၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ လည်းကောင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ပြည်နယ်သစ်တောဦးစီးဌာန ဧည့်ရိပ်သာ၌ လည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် မြစ်ကြီးနားမြို့ ခုတင် ၅၀၀ ဆံ့ ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ လည်းကောင်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံသည် ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနရုံး၌ လည်းကောင်း သက်ဆိုင်ရာဝန်ကြီးဌာနအောက် ဦးစီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများနှင့်တွေ့ဆုံ၍ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ ရှေ့ဆက်ဆောင်ရွက်မည့် အခြေအနေများနှင့် စပ်လျဉ်း၍ မှာကြားခဲ့ကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

*စာမျက်နှာ ၆ မှ*

"ကျွန်မတို့ ဘာလုပ်လုပ် အဓိပ္ပာယ်ရှိရမယ်။ ကိုယ်၊ နှုတ်၊ နှလုံးသုံးပါး အဓိပ္ပာယ်ရှိတာပဲ ဖြစ်စေရမယ်" ဟု စစ်သည်တော်စာပေက ၂၀၀၃ ခုနှစ်တွင် ထုတ်ဝေသည့် "တက္ကသိုလ် စာမျက်နှာများ"စာအုပ်အမှာစာတွင် ဆရာမကြီးက ရေးသားခဲ့ဖူးသည်။ ကိုယ်၊ စိတ်၊ နှလုံး သုံးပါးလုံး အဓိပ္ပာယ်ရှိစွာ တည်ဆောက်နိုင်ရန်မှာ တစ်ခုသော နုသတိကို မပြတ်ပွားများနိုင်မှဖြစ်မည်ဟု မိမိအနေဖြင့် ယူဆမိသည်။ အဆိုပါ နုသတိကား ဖြူစင်ခြင်းဟု မှတ်ယူလိုပါသည်။ ဆရာမကြီး၏ စာပေများကို ဖတ်ရှုလေ့လာရင်း အဆိုပါ နုသတိပွားများနိုင်ရေးအတွက် အသိများစွာ လင်းပွင့်လာခဲ့ရသည်။

**အစားထိုးမရသည့် ဆုံးရှုံးမှု**

ဆရာမကြီး ခင်ဆွေဦးသည် ၂၀၁၉ ခုနှစ် မတ်လ ၂၇ ရက် ဗုဒ္ဓဟူးနေ့ အသက် ၈၇ နှစ်အရွယ်တွင် ရန်ကုန်မြို့၌ ကွယ်လွန်ခဲ့သည်။ ဆရာမကြီးကွယ်လွန်ခြင်းမှာ မြန်မာ့စာပေလောကအတွက် အစားထိုးမရသည့် ဆုံးရှုံးမှုဖြစ်သော်လည်း ဆရာမကြီး၏ စာပေလက်ရာများ မှတစ်ဆင့် အဆိုပါဆုံးရှုံးမှုကို ဖြေသိမ့်နိုင်မည်ထင်ပါသည်။ ။

**ကိုးကားစာရင်း**

- စာပေဆွေးနွေးပွဲ၊ ခင်ဆွေဦး၊ ဒေါ်ကြည်ကြည်စာပေ၊ ဗွန်ပွင့်စာအုပ်တိုက်၊ ရန်ကုန်၊ ၁၉၇၅။
- ကုသိုလ်မြစ်တစ်စင်း၊ ခင်ဆွေဦး၊ စစ်သည်တော်စာပေ၊ ရန်ကုန်၊ ၂၀၀၂။
- တက္ကသိုလ် စာမျက်နှာများ၊ ခင်ဆွေဦး၊ စစ်သည်တော်စာပေ၊ ရန်ကုန်၊ ၂၀၀၃။
- နှင်းဆီက မွှေး၊ ခင်ဆွေဦး၊ ရန်အောင်စာပေ-၂၊ တတိယအကြိမ်၊ ရန်ကုန်၊ ၂၀၁၅။
- ငြိမ်းချမ်းပါစေ ဝတ္ထုတိုစုစည်းမှု၊ ခင်ဆွေဦး၊ ကောင်းဆုသာစာပေ၊ အောင်သုတပုံနှိပ်တိုက်၊ ရန်ကုန်၊ ၂၀၁၇၊ အောက်တိုဘာလ၊ ပထမအကြိမ်။
- မြန်မာနိုင်ငံ စာဆိုတော်နေ့ အခမ်းအနား၊ ကန်တော့ခံ သက်ကြီး စာပေပညာရှင်ကြီးများ၏ အတ္ထုပ္ပတ္တိအကျဉ်း၊ မြန်မာနိုင်ငံ စာရေးဆရာအသင်း(၂၀၁၆၊ နိုဝင်ဘာလ)၊ ရန်ကုန်။
- မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ် (၂၀၂၀)။

# အဆင့်ဆင့်သောဥပဒေရုံးများ၏ အသွင်သဏ္ဌာန်နှင့် ဥပဒေအရာရှိ၊ ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည်များတိုးတက်လာရေး အလေးထားဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၈**

ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ပြည်ထောင်စုရှေ့နေချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် ဥပဒေချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ် ဥပဒေအရာရှိများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဥပဒေရေးရာဝန်ကြီးဌာန၌ ယနေ့ နံနက် ၉ နာရီတွင် Virtual စနစ်ဖြင့် ကျင်းပသည်။



### ဝန်ကြီးဌာနလုပ်ငန်းများ ပြုစုထုတ်ပြန်မည်

အစည်းအဝေးတွင် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စု ရှေ့နေချုပ် ဒေါက်တာသီတာဦးက ပြည်ထောင်စုရှေ့နေချုပ် လုပ်ငန်းတာဝန်များကို ပြည်ထောင်စုရှေ့နေချုပ် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနလုပ်ငန်းများကို မကြာမီ ပြုစုထုတ်ပြန်မည်ဖြစ်ပါကြောင်း၊ အဆိုပါလုပ်ငန်းများတွင် တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးဌာနခွဲ၊ E-Government ဌာနခွဲ၊ လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှုဌာနခွဲ၊ စောင့်ကြည့်လေ့လာအကဲဖြတ်ရေးဌာနခွဲ၊ ပြည်တွင်းပြည်ပဆက်ဆံရေးဌာနခွဲ၊ ဥပဒေသုတေသနဌာနခွဲ၊ အများပြည်သူတင်ပြစာများ စိစစ်ဆောင်ရွက်ခြင်းဌာနခွဲတို့ကို ထည့်သွင်းဖွဲ့စည်းရန် ရှိပါကြောင်း၊ ဝန်ကြီးဌာနတွင် ဦးစီးဌာနလေးခုဖြင့် လုပ်ငန်းတာဝန်များ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဥပဒေစိစစ်အကြံပြုရေးဦးစီးဌာနသည် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနအသီးသီးက ပေးပို့လာသော ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်း (မူကြမ်း) များကို စိစစ်အကြံပြုပေးလျက်ရှိပါကြောင်း၊ နှစ်အလိုက် ပြဋ္ဌာန်းလျက်ရှိသည့် ဥပဒေများကိုလည်း မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုလျက် Myanmar Law စာအုပ်အဖြစ် ပြုစုထုတ်ဝေလျက်ရှိပါကြောင်း။

### တရားဥပဒေစိုးမိုးရေးကိုရှေးရှု

ဥပဒေဘာသာပြန်ကော်မရှင်အနေဖြင့် အင်္ဂလိပ်ဘာသာဖြင့် ပြုစုထားသော ဥပဒေ ၂၆ ခုကို ဘာသာပြန်ဆိုခဲ့ပြီးဖြစ်ပါကြောင်း၊ ဥပဒေဘာသာပြန်ကော်မရှင်က မြန်မာဘာသာသို့ပြန်ဆိုပြီးသော ရာဇသတ်ကြီး (The Penal Code) ကို စာအုပ်အမှတ်(၉) အဖြစ် ထုတ်ပြန်ရန် ရှိပါကြောင်း။ ဥပဒေ အကြံဉာဏ်ပေးရေးဦးစီးဌာနသည် အပြည်ပြည်ဆိုင်ရာ ဥပဒေနှင့် အာဆီယံဥပဒေရေးရာလုပ်ငန်းများ၊ စီးပွားရေးစာချုပ်စာတမ်း စိစစ်ခြင်းလုပ်ငန်းများ၊ အထွေထွေ ဥပဒေအကြံဉာဏ်ပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ စာချုပ်စာတမ်းများ စိစစ်ရာတွင် တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ ညွှန်ကြားချက်များနှင့် ညီညွတ်စေရေး၊ ဥပဒေရေးရာ စာပိုဒ်များ ပြည့်စုံစွာပါရှိစေရေးတို့ကို အလေးထား ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ တရားစွဲနှင့် အမှုလိုက် ဦးစီးဌာနသည် တရားမျှတမှုကို အားလုံးလက်လှမ်းမီရေးနှင့် တရားဥပဒေစိုးမိုးရေးကိုရှေးရှု၍ ပြစ်မှုနှင့် တရားမမှုများတွင် နိုင်ငံတော်ကိုယ်စား အမှုလိုက်ပါ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဥပဒေအရာရှိများသည် တည်ဆဲဥပဒေများကို နှံ့စပ်စွာသိရှိပြီး အမှုလိုက်ပါဆောင်ရွက်ရာတွင် သက်သေခံအချက်အလက် ပြည့်စုံစွာနှင့် အမှုခိုင်မာစွာ တည်ဆောက်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ မကြာမီက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးက အမိန့်အမှတ် ၁၄၇ /၂၀၂၂ နှင့် ၁၇၂/၂၀၂၂ တို့ဖြင့် ကြားနာဆဲအမှုများကို ပိတ်သိမ်းသည့် အမိန့်များကို ထုတ်ပြန်ခဲ့ပါကြောင်း၊ အဆိုပါ အမိန့်များအရ အကျုံးဝင်သည့်အမှုများကို ပိတ်သိမ်းဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ဥပဒေရုံးများသည် ပြည်ထောင်စုရှေ့နေချုပ် နည်းဥပဒေနှင့်အညီ ဆောင်ရွက်ရန်ဖြစ်ပါကြောင်း။

### သင်တန်းများ ဖွင့်လှစ်သင်ကြားပေး

ထို့ပြင် E-Government အစီအစဉ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ဦးစီးဌာနအလိုက် လုပ်ငန်းလမ်းညွှန်စာအုပ်များ (SOP)ကို မကြာမီ ထုတ်ဝေဖြန့်ဖြူးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဥပဒေရေးရာဝန်ကြီးဌာနသည် "တရားမျှတရေးအတွက် ဥပဒေဝန်ဆောင်မှု" မဟာဗျူဟာစီမံကိန်း (၂၀၂၀-၂၀၂၄)နှင့်အညီ လုပ်ငန်းအစီအစဉ်များကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အထူးသဖြင့် စီးပွားရေးစာချုပ်စာတမ်းများ စိစစ်ခြင်းဆိုင်ရာသင်တန်း၊ ဥပဒေမူကြမ်းရေးဆွဲရေး သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်းနှင့် နိုင်ငံတော်နှင့် အများပြည်သူအကျိုးကို ကျေပွန်စွာ သယ်ပိုးဆောင်ရွက်နိုင်ရေးအတွက် အဆင့်ဆင့်သော ဥပဒေရုံးများ၏ အသွင်သဏ္ဌာန်နှင့် ဥပဒေအရာရှိနှင့် ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည်များ တိုးတက်လာရေးကို အလေးထားဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီး/ ပြည်နယ် ဥပဒေချုပ်ရုံးများနှင့် ဥပဒေရေးရာဝန်ကြီးဌာန၏ ဦးစီးဌာနလေးခုတို့မှ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို တင်ပြဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဦးစန်းလွင်၊ တိုင်းဒေသကြီး/ ပြည်နယ် ဥပဒေချုပ်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် တိုင်းဒေသကြီး/ ပြည်နယ် ဥပဒေအရာရှိများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်း ဆောင်ရွက်နေစဉ် အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရခဲ့သောလူနာများကို ထောက်ပံ့ငွေပေးအပ်

**ပြင်ဦးလွင် စက်တင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကိုသည် ယနေ့ နံနက် ၉ နာရီက ပြင်ဦးလွင်မြို့ အမှတ် (၁) တပ်မတော်ဆေးရုံ ခုတင်(၇၀၀)သို့ သွားရောက်၍ အောင်မြေသာစံမြို့နယ် ဒေါနဘွားရပ်ကွက်၌ စက်တင်ဘာ ၁၃ ရက်က ကိုဗစ်-၁၉ ကုသကာကွယ် ထိန်းချုပ်ရေးလုပ်ငန်း ဆောင်ရွက်စဉ်နေစဉ် အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိခဲ့သော လူနာများကိုသွားရောက်ကြည့်ရှုအားပေးသည်။

ယင်းနောက် ဒဏ်ရာရလူနာနှစ်ဦးကို ကြည့်ရှုကာ လူနာနှင့် မိသားစုများအား လိုအပ်သည်များ ကူညီအားပေးပြီး ငွေကျပ်ငါးသိန်းစီ ထောက်ပံ့ပေးအပ်ခဲ့သည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ပြင်ဦးလွင်မြို့ မန္တလေး -ပြင်ဦးလွင် - လားရှိုးကားလမ်းနံဘေးရှိ နန်းမြိုင်ချယ်ရီတန်းသို့ သွားရောက်၍ ချယ်ရီပင်များ ကြီးထွားအောင် သေချာပြုစုပျိုးထောင်ရေး၊ အောက်ခြေတောများ ရှင်းလင်းရေး၊ ပလက်ဖောင်းများကို အများပြည်သူအပန်းဖြေလမ်းလျှောက်နိုင်အောင် စီစဉ်ရေးတို့ကို တာဝန်ရှိသူများနှင့် ပေါင်းစပ် ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တရုတ်နိုင်ငံသို့ တိရစ္ဆာန်အစာ ပြောင်းချဉ်ဖတ် စိုက်ပျိုးထုတ်လုပ်တင်ပို့ခြင်းနှင့် ပတ်သက်၍ လိုက်နာဆောင်ရွက်ရမည့်အချက်များ ထုတ်ပြန်ပေးသွားမည်

**နေပြည်တော် စက်တင်ဘာ ၁၈**

ပြည်ပပို့ကုန်များအနေဖြင့် သက်ဆိုင်ရာနိုင်ငံများက သတ်မှတ်ထားသည့် ကုန်ပစ္စည်း အရည်အသွေးစံချိန်စံညွှန်းများကို တိကျစွာလိုက်နာဆောင်ရွက်မှသာ ဈေးကွက်သေချာစေမည်ဖြစ်ပြီး မလိုလားအပ်သော ထိခိုက်ဆုံးရှုံးမှုများကို ရှောင်လွှဲနိုင်ကြမည်ဖြစ်သည်။ တရုတ်နိုင်ငံသို့ တိရစ္ဆာန်အစာ ပြောင်းချဉ်ဖတ် စိုက်ပျိုးထုတ်လုပ်၍ တင်ပို့ခြင်းနှင့် ပတ်သက်၍ ကုန်သွယ်မှုချောမွေ့စေရေးအတွက် နှစ်နိုင်ငံတာဝန်ရှိသူများ၏ ညှိနှိုင်းသဘောတူညီမှုများအရ တိရစ္ဆာန်အစာ ပြောင်းချဉ်ဖတ် တင်ပို့ခွင့် ထုတ်လုပ်တင်ပို့သည့် ကုမ္ပဏီ၊ အဖွဲ့အစည်းများအတွက် မှတ်ပုံတင်ရန် လိုအပ်သည့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်သတ်မှတ်ပေးခြင်း၊ တင်ပြလျှောက်ထားလာသည့် ကုမ္ပဏီ၊ အဖွဲ့အစည်းများ မှတ်ပုံတင်၍ တရုတ်နိုင်ငံ အကောက်ခွန်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးဌာန (General Administration of Customs of China-GACC) သို့ ဆက်သွယ်ပေးပို့ခြင်း စသည့် လုပ်ငန်းစဉ်များကို စိုက်ပျိုးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

### အသိပေးကြေညာချက်များ ထုတ်ပြန်

ထိုသို့ဆောင်ရွက်ရာတွင် ပြောင်းချဉ်ဖတ် ထုတ်လုပ်ရန် စိုက်ပျိုးသူများလိုက်နာဆောင်ရွက်ရမည့်အချက်များ၊ တင်ပို့သူလုပ်ငန်းရှင်များ လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ တိရစ္ဆာန်အစာ ပြောင်းချဉ်ဖတ် တင်ပို့ရန်အတွက် ပိုးမွှားကင်းရှင်းကြောင်း သက်သေခံလက်မှတ် (Phytosanitary Certificate, PC) လျှောက်ထားရာတွင် လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း၊ အလားတူ စိုက်ပျိုးရေးဦးစီးဌာနမှ ဆောင်ရွက်ပေးမည့် အချက်များကိုလည်း သက်ဆိုင်သူများသိရှိ၍ ပူးပေါင်းဆောင်ရွက်နိုင်ရန် အသိပေးကြေညာချက်များကို ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

### လိုအပ်ချက်များ ထုတ်ပြန်ပေးသွားမည်

တိရစ္ဆာန်အစာ ပြောင်းချဉ်ဖတ်ထုတ်လုပ်ရန် ပြောင်းစိုက်ပျိုးထုတ်လုပ်သူများ လိုက်နာဆောင်ရွက်ရမည့်အချက်များအဖြစ် စိုက်နည်းစနစ်ဆိုင်ရာနှင့် ပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းရေးဆိုင်ရာများတွင် လိုက်နာရန်အချက်များ၊ သွင်းအားစုနှင့် မျိုးဆိုင်ရာ သတ်မှတ်ချက်များ၊ စိုက်ကွင်းနှင့်ပတ်သက်သည့် လိုက်နာဆောင်ရွက်ရန် လိုအပ်ချက်များပါဝင်ပြီး တင်ပို့သူလုပ်ငန်းရှင်များ လိုက်နာဆောင်ရွက်ရမည့် မှတ်ပုံတင်ခြင်း၊ ပြုပြင်ထုပ်ပိုးခြင်း၊ သိုလှောင်၊ တင်ပို့ရာတွင် လိုက်နာရမည့် အချက်များနှင့် သက်ဆိုင်ရာဌာနများ၏ သတ်မှတ်ချက်များအပေါ် တိကျစွာလိုက်နာရန် လိုအပ်ချက်များကို အသေးစိတ် ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တတိယလှိုင်းအလွန် အရှုံးထဲကအမြတ်

**စာချစ်သူ**

**မုန်တိုင်းအပြီး ထွက်ပေါ်စနေခြည်သည် လောကကို သာယာလှပါစေသည်။ မျှော်လင့်ချက်တို့ကို ပိုမိုဝင်းပစေသည်။ နိုင်ငံတော်၏ စနစ်တကျစီမံခန့်ခွဲမှု၊ နိုင်ငံတော်၊ ပြည်သူ၊ တပ်မတော်နှင့် လူမှုအဖွဲ့အစည်း၊ အသင်းအသီးသီး၏ ပူးပေါင်းဆောင်ရွက်မှုတို့ကြောင့် ကိုဗစ်-၁၉ ကပ်ရောဂါဆိုးကြီး၏ တတိယလှိုင်းသည် ပစ္စက္ခကာလတွင် အထိုက်အလျောက် လျော့ပါးသွားခဲ့သည်။**

ကိုဗစ်-၁၉ ကပ်ရောဂါ တတိယလှိုင်းကာလ ဇူလိုင်လ။ မြန်မာပြည်အတွက် ကံဆိုးမိုးမှောင်ကျရောက်ခဲ့ရသည့် နေ့ရက်များဟုဆိုရမည်။ လူတွေက တဖြုတ်ဖြုတ်ဆုံးပါးသွားကြသည်။ အချို့က မိဘ၊ ညီ၊ အစ်ကို၊ မောင်နှမ ဆွေမျိုးသားချင်းများ၊ အချို့ကား မိတ်ဆွေသင်္ဂဟများကို ဆုံးရှုံးခဲ့ကြရသည်။ သက်ဆိုင်သူအားလုံးရဲ့ မျက်ဝန်းမှမျက်ရည်စတွေနှင့်။ သောက၊ ပရိဒေဝတို့နှင့်အတူ သေသူကို ရှင်သူက တသကျန်ရစ်ခဲ့ကြရသည်။

ယခင်က လူချင်းတွေ့လျှင် "နေကောင်းလား၊ စားပြီးပြီလား"ဟူသည့် ပဋိသန္ထာရ စကားတို့အစား "ဟော့၊ ကြားပြီးပြီလား၊ ဘယ်သူဘယ်ဝါတော့ ညကဆုံးသွားပြီ၊ မနက်က ဆုံးသွားပြီ" ဟူသည့် အမင်္ဂလာသတင်းဆိုးများကိုသာ ကြားခဲ့ကြရသည်။

ဆုံးပါးသွားခဲ့ကြသည့် မိတ်ဆွေသင်္ဂဟများထဲတွင် မွေးကတည်းက သည်ရပ်ကွက်ထဲမှာနေ၊ သည်ရပ်ကွက် သည်လမ်းထဲမှာအတူတကွကြီးပြင်းလာခဲ့ကြ၊ လည်ပင်းဖက် ပေါင်းသင်းလာခဲ့ကြသော အလွန်ရင်းနှီးချစ်ခင်ခဲ့ရသူများလည်း ပါသွားကြသည်။

"ကို-- ဘယ်သူလည်း မတွေ့တာကြာပြီ၊ နေရောကောင်းရဲ့လား မသိဘူး"

"ဟ၊ ဆုံးသွားပြီလေကွာ၊ တစ်ပတ်လောက်ရှိပြီ"

"ဟင်၊ ကျွန်တော်မသိလိုက်ဘူး၊ ကိုဗစ်ပဲလား"

"ဟုတ်တယ်"

သူကား ကျွန်တော်နှင့် ဟိုးငယ်စဉ်ကတည်းက ရင်းနှီးခင်မင်ခဲ့သူဖြစ်ပါသည်။ ကျွန်တော့်ထက် အသက်ကြီးသည်။ သို့သော် ပျော်တတ်သူများပီပီ အမြဲတမ်းနောက်ပြောင်နေကျ။ စိတ်နှလုံးကို ရွှင်ပြုံးစေတတ်သော မိတ်ဆွေများဖြစ်ကြပါ၏။ သို့တစေ ဖေဖော်ဝါရီလဆန်းနောက်ပိုင်းကစ၍ ကျွန်တော့်ကိုသူ မျက်နှာချင်းဆိုင်တွေ့ပါသော်လည်း နှုတ်ခွန်းမဆက်တော့။ အံ့အားသင့်စရာဖြစ်ရ၏။ ဘာကြောင့်လဲ၊ ဘာအတွက်လဲ။

**သဘာဝကို မေ့လျော့နေလေသလား**

နိုင်ငံရေးအယူအဆ၊ သဘောထားရပ်တည်ချက်တို့ကြောင့်လေလား။ သူသည် အနီရောင် လေနီကြမ်းထဲက သစ်ရွက်တစ်ရွက်လို ဦးတည်ရာမရှိ၊ ရောက်ရာပေါက်ရာ တိုက်ချင်သည့် အရာဝတ္ထုကို ဝင်တိုက်နေသကဲ့သို့နှယ်များလား၊ သူစိတ်ထဲမှာ စွန်းထင်းနေသော အရောင်တစ်ခုလို မြင်မြင်သမျှ ဒီအရောင်ပဲဖြစ်ရမယ်လို့များ ထင်မှတ်နေရော့သလား။ ဩော်၊ မိတ်ဆွေသူငယ်ချင်းရယ်၊ ထိုသို့ဆိုလျှင် လက်ချောင်းတွေသည်ပင်လျှင် အတို၊ အရှည်မညီကြသည့် သဘာဝကိုမေ့လျော့နေလေသလား။

ကျွန်တော်ကတော့ ကိုယ့်လိပ်ပြာကိုယ်သန့်ပါသည်။ အစွဲအလမ်းမထား။ ဤသည်ကို သူသည် အထင်လွဲကာ သူ့လို ရဲရဲမတောက်ရကောင်းလားဟု စိတ်ကွက်ပြီး ကျွန်တော့်ကို မခေါ်မပြောနိုင်ဖြစ်လေရော့သလား မသိ။

မည်သို့ဆိုစေ ယခုအချိန်တွင် သူ့ကိုကျွန်တော် လွမ်းပါသည်။ နောင်တလည်း ရမိသည်။ "ဩော်"၊ သူ မခေါ်မပြောသည့်တိုင် "ငါက အငယ်ပဲလေ။ ငါအရင်နှုတ်ဆက်ခေါ် ပြောသင့်တာပေါ့"ဟုလည်း တွေးရင်း ဆွေးမိလေသည်။

**ကိုယ်ယုံကြည်ရာနိုင်ငံရေးနှင့် လူမှုရေး**

တကယ်တော့ ဤအဖြစ်သည် ဒီမိုကရေစီစံနှုန်း၊ ဒီမိုကရေစီယဉ်ကျေးမှုတို့နှင့် ကျင့်သားမရသေးသည့် မရင့်ကျက်သေးသည့် မြန်မာလူ့ဘောင်၏ ပြယုဂ်တစ်ခုဟု ဆိုရပါမည်။ ကိုယ်ယုံကြည်ရာ နိုင်ငံရေးနှင့် လူမှုဆက်ဆံရေးကို တလည်းသီးပမာ သူ့အကန့်နှင့်သူ ဖြစ်တည်ထားရှိရမည့်အစား အားလုံးကိုရောထွေးခဲ့ခြင်းကြောင့် ဖြစ်လေသည်။

တကယ်တော့ ကိုယ့်အထင်၊ ကိုယ့်အမြင်များသည် အမြဲအစဉ် ထာဝရမှန်ကန်နေသည့်အရာမဟုတ်ပါ။ ကာလ၊ ဒေသ၊ ပယောဂအရ အမြဲပြောင်းလဲနေတတ်သော အရာများသာဖြစ်သည်။ အယူဝါဒတစ်ခုကို အစဉ်ထာဝရ မဖောက်မပြန်အမြဲမှန်သည်ဟု တရားသေဆုပ်ကိုင်၍ ငြင်းခုန်နေ၍မရပါ။ "ကမ္ဘာကြီးမြဲသလော"၊ "ကမ္ဘာကြီးမမြဲသလော" ဟူ၍ တက္ကတွန်းများက သက္ကာယဒိဋ္ဌိအယူအဆတစ်ခုကို တရားသေဆုပ်ကိုင်ပြီး မြတ်စွာဘုရားရှင်အားမေးမြန်းသော အဖြေမရသည့်ပုစ္ဆာတစ်ရပ်ကဲ့သို့ပင် ဖြစ်ပါလိမ့်မည်။ ကိုယ့်အယူသည် ကိုယ့်အပူမဖြစ်စေဖို့ အရေးကြီးလှသည်။

တကယ်တော့ သူက သူ့ရဲ့ နိုင်ငံရေးအယူအဆအရ၊ ကျွန်တော်ကတော့ အဓိမာနအရ သူနှင့် ကျွန်တော်လပိုင်းမျှမခေါ်မပြောဖြစ်ခဲ့ကြ။ ထိုစဉ်က အရေးမပါဟု ထင်ကောင်းထင်မိခဲ့ကြပါမည်ဖြစ်သော်လည်း ယခုလို သူမမျှော်လင့်ဘဲ ကိုဗစ်-၁၉ ရောဂါဖြင့် ကွယ်လွန်သွားတော့ ဘဝတစ်သက်တာ၏ နောက်ဆုံးအချိန်ဝယ် "နှုတ်မဆက်လိုက်ရလေခြင်း"ဟူသော နောင်တနှင့်အတူ မိတ်ဆွေဝတ္တရားပျက်ကွက်ခဲ့သည်အထိ အတိုင်းအတာပမာဏကြီးမားသွားလေသည်။

သို့အတွက် ကိုဗစ်-၁၉ တတိယလှိုင်းအလွန်ဝယ် ကျွန်တော်တို့သည် အရှုံးထဲက အမြတ်အနေဖြင့် လက်ရှိ လူမှုဆက်ဆံရေးနယ်ပယ်ကို တစ်ချက်ငဲ့စောင်း ပြန်လည်သုံးသပ်ကြည့်ရပါတော့မည်။ နိုင်ငံရေးအယူအဆ၊ သဘောထားရပ်တည်ချက် အမျိုးမျိုးထက် နှစ်ရှည်လများ ရင်းနှီးကျွမ်းဝင်ခင်မင်ခဲ့ကြသည့် ဖြူစင်သောမေတ္တာတရားကို တန်ဖိုးထားလေးစားကြဖို့လိုသည်။ ဘယ်သူတရားပျက်ပျက် ကိုယ်မပျက်ဖို့လိုသည်။ လူနှင့်လူ့ပတ်ဝန်းကျင် အညမည ဖြစ်စေဖို့ ယောနိသောမနသိကာရ ကောင်းမွန်မှုတသော စိတ်စေတနာတို့ဖြင့် သာယာသောလူ့ဘောင်ကို အားလုံးဝိုင်းဝန်းတည်ဆောက်ကြရပါမည်။ ဒီမိုကရေစီ၏ သဘောသဘာဝအရ မတူကွဲပြားခြားနားမှုများထဲက စုစည်းညီညွတ်မှုကို အလေးထားတည်ဆောက်ကြရပါမည်။

ကိုဗစ်-၁၉ တတိယလှိုင်းကာလဝယ် ထူးခြားချက်က အိမ်တိုင်းလိုလိုတွင် ဆရာတော်၊ သံဃာတော်များ ရွတ်ပွားချီးမြှင့်သော ပရိတ်တရားတော်များကို ကြည်ညိုဖွယ် ကြားနာခဲ့ရခြင်းဖြစ်ပါသည်။ အချို့အိမ်များက ဓမ္မရုပ်သံလိုင်းများမှ ထုတ်လွှင့်ပေးခဲ့ပါသော ပရိတ်တရားတော်များကို ဖွင့်လှစ်နာယူကြသည်။ အချို့ကား ကိုယ်တိုင်ရွတ်ပွားပူဇော်ကြသည်။ အထူးသဖြင့် ရတနသုတ်ပရိတ်တော်။

**မြတ်ဗုဒ္ဓတရားတော်များက စိတ်ကို လုံခြုံ ကြည်နူး**

နိုင်ငံတော်ကထုတ်ပြန်ထားသည့် Stay at Home ညွှန်ကြားချက်ကြောင့် လမ်းများသည် အသွားအလာ လူသူကင်းမဲ့လျက် ခြောက်သွေ့နေလေသည်။ လူအများစုတို့၏ စိတ်နှလုံးတို့သည်လည်း တုန်လှုပ်ချောက်ချားနေကြသည်။ ကိစ္စတစ်ခုခုကြောင့် မထွက်မဖြစ် အပြင်သို့ထွက်လာခဲ့ရသည့် ကျွန်တော်သည် ထိုထိုအိမ်များမှ မြတ်ဗုဒ္ဓ၏ ပရိတ်တရားတော်များကို ကြားနာမိသည့်အခိုက်ဝယ် စိတ်သည်လုံခြုံလာသည်။ ကြည်နူးလာသည်။

ရှေးအခါက ဤကမ္ဘာသည် မှောင်အတိဖြစ်ခဲ့သဖြင့် ကမ္ဘာဦးလူတို့သည် အလွန်ကြောက်ရွံ့တုန်လှုပ်ကြလေသည်။ ထို့နောက်မှာတော့ နေမင်းကြီးပေါ်ထွက်လာ၍ ကြောက်ရွံ့ခြင်းများ အနည်းငယ် ကင်းပသွားခဲ့ကြသည်။ ထိုအခါ ကမ္ဘာဦးလူတို့သည် ငါတို့၏ ရဲရင့်ခြင်းကို ဖြစ်စေသောကြောင့် "သူရိယ"ဟု အမည်မှည့်ကြလေကုန်၏။

ထိုသူရိယနေမင်းသည် တစ်နေ့တာထွန်းလင်းပြီး ကွယ်ပျောက်သွားပြန်သောအခါ မှောင်အတိတစ်ဖန်ပြန်ဖြစ်သွားလေသည်။ ကမ္ဘာဦးလူတို့သည် အလင်းရောင်ကိုတစ်ဖန် တောင့်တကြပြန်သည်။

ထိုအခါ လဝန်းကြီးကပေါ်ထွက်လာ၍ ကမ္ဘာဦးလူတို့သည် ငါတို့ ၏ "အလိုဆန္ဒ"ကို သိဘိသကဲ့သို့ ဖြစ်ပေါ်လာသောကြောင့် လဝန်းကြီးအား "စန္ဒ"ဟု အမည် မှည့်ကြလေသည်။

ဤသို့ဖြင့် ကမ္ဘာဦးလူတို့သည် ကိုးကွယ်ရာအဖြစ် အချို့က နေမင်း၊ လမင်း၊ ရေ၊ မြေ၊ တော၊ တောင်၊ သစ်ပင်တို့ကိုကြောက်ရွံ့ခြင်းမှ လွတ်ကင်းစေရန်၊ ဘေးဘယာအပေါင်းမှ ဝေးကွာစေရန်၊ ဆင်းရဲခြင်းမှကင်းဝေးစေရန် ကိုးကွယ်ဆည်းကပ်ခဲ့ကြလေသည်။ ထို့နောက် ဘာသာတရားများ ပေါ်ပေါက်လာသည်။ ပစ္စက္ခကာလတွင် ကမ္ဘာ့လူသားတို့သည် မိမိတို့ယုံကြည်သက်ဝင်ရာအလိုက် ဘာသာတရားများ ကိုးကွယ်ဆည်းကပ်လာကြသည်။

**သရဏဂုံသုံးပါး ခံယူဆောက်တည်**

မိမိတို့ထေရဝါဒဗုဒ္ဓဘာသာဝင်များ၏ ကိုးကွယ်ဆည်းကပ်ရာကား ဘုရား၊ တရား၊ သံဃာရတနာမြတ်သုံးပါးဖြစ်လေသည်။ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတိုင်း ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိဟူသော သရဏဂုံသုံးပါးကို ငယ်စဉ်ကလေးဘဝကတည်းက ခံယူဆောက်တည်ခဲ့ကြပါသည်။

သို့ရာတွင် ပုထုဇဉ်လူသားများပီပီ များသောအားဖြင့် မီးနှင့်ဝေးသည့်ချိတ်ပမာ ပမာဒ မေ့လျော့နေခဲ့ကြသည်။ ဃရာဝါသော ဗဟုကိစ္စောဆိုသည့်နှယ် ကိစ္စများမြောင် လူတို့ဘောင်ဝယ် သားရေး သမီးရေး၊ အိမ်ထောင်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ယခု နိုင်ငံရေးတို့ဖြင့် နိစ္စဓူဝ တဝဲဝဲလည်ခဲ့ကြရပါသည်။

ကိုဗစ်-၁၉ တတိယလှိုင်း ရိုက်ခတ်ချိန်ဝယ်၌မူ လူတွေကမျက်စိရှေ့အောက်မှာပင် တဖြုတ်ဖြုတ်သေဆုံးပျောက်ကွယ်ကုန်ကြသည်။ ကိုယ်ကိုယ်တိုင်လည်း အစိုးမရတော့။ ရောဂန္တရကပ်ဘေးကြီးဝယ် လူတိုင်း နေ့လား၊ ညလား မသေချာတော့။ ထိုသောအခါ ယခင်က သံဝေဂမပါ တရားမရှာခဲ့ကြသောအများစုတို့သည် သံဝေဂတွေရလာကြသည်။ သံဝေဂပါပါဖြင့် တရားရှာလာကြလေသည်။

အိမ်တိုင်းနီးပါး ကြေးစည်သံတွေ ဝေစီလာသည်။ သရဏဂုံသုံးပါးတို့ လွှမ်းခြုံလာသည်။ ပရိတ်အရံအတားတို့ဖြင့် စည်းခြားလာကြသည်။ သူတော်ကောင်းဓာတ် တရားမြတ်တို့ လွှမ်းခြုံလာကြပေသည်။

သက်ဆိုင်ရာ တာဝန်ရှိသူများကလည်း သံဃာတော်အရှင်သူမြတ်တို့အား ပင့်ဖိတ်၍ ရပ်ကွက်အလိုက်၊ လမ်းအလိုက် မော်တော်ယာဉ်များဖြင့် ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်ခြင်း၊ မေတ္တာပို့သခြင်းအစီအမံများကို စီစဉ်ဆောင်ရွက်ပေးခဲ့ကြပါသည်။

ကျွန်တော်ထင်ပါသည်။ ပစ္စက္ခကာလ ကိုဗစ်-၁၉ တတိယလှိုင်းကို ကြံ့ကြံ့ခံထိန်းချုပ်ရင်း လျော့ပါးကျဆင်းလာစေရန် အခြေအနေကောင်းများဖြစ်ပေါ်လာရခြင်းသည် နိုင်ငံတော်၏ ဦးဆောင်မှုသာမက ရတနာမြတ်သုံးပါး၏ ဂုဏ်ကျေးဇူးတို့ကြောင့်လည်း ပါဝင်သည်ဟု ဤသို့ယုံကြည်မိပါသည်။

*စာမျက်နှာ ၁၀ သို့*

# မော်လမြိုင်မြို့နှင့် ကျောင်းကုန်းမြို့တွင် အောက်ဆီဂျင်စက်ရုံ တပ်ဆင်လည်ပတ်နေမှု အခြေအနေများ ကြည့်ရှု




**နေပြည်တော် စက်တင်ဘာ ၁၈**

ကိုဗစ်-၁၉ ရောဂါခံစားခဲ့ရသည့် ပြု ပိုးတွေ့လူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့် သူများကို ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အောက်ဆီဂျင် လိုအပ်ချက်များကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနမှ Oxygen Plant များကို တိုးမြှင့်တပ်ဆင်လည်ပတ်လျက်ရှိပြီး တပ်မတော်အနေဖြင့်လည်း တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးတွင် Oxygen Plant များကို တပ်ဆင်ထုတ်လုပ်ပေးလျက်ရှိသည်။

ထိုသို့ တပ်ဆင်ထုတ်လုပ်ပေးလျက်ရှိရာ ယနေ့တွင် မွန်ပြည်နယ် မော်လမြိုင်မြို့ နယ်မြေခံဆေးတပ်ရင်းရှိ တစ်ရက်လျှင် အောက်ဆီဂျင်လီတာ ၄၀၀ဝင် ၁၂၀ လုံး ထွက်ရှိမည့် အောက်ဆီဂျင်စက်ရုံ တည်ဆောက်နေမှု အခြေအနေများနှင့် ရောဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့ရှိ တစ်ရက်လျှင် အောက်ဆီဂျင်လီတာ ၄၀ ဝင်အလုံး ၈၀ ထုတ်လုပ်နိုင်သည့် အောက်ဆီဂျင်ထုတ်စက်ရောက်ရှိတပ်ဆင်နေမှုအခြေအနေများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်မှ တိုင်းမှူးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများ ထားရှိရန်အတွက် ကြိုတင်ပြင်ဆင်မှုများ ဆက်လက်ဆောင်ရွက်ပြီးစီးသည့် စင်တာများတွင် စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်ပေး

**နေပြည်တော် စက်တင်ဘာ ၁၈**

ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများ ထားရှိရန်အတွက် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများ၊ နယ်မြေခံသင်တန်းကျောင်းများ၊ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းများ၌ ကြိုတင်ပြင်ဆင်မှုများကို လုပ်ဆောင်လျက်ရှိပြီး ပြီးစီးသည့်နေရာများတွင် စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာနနှင့် အခြားဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့အစည်းများ၊ တာဝန်သိပြည်သူများနှင့် ပူးပေါင်း၍လည်း သက်ဆိုင်ရာ မြို့နယ်များ၌ Quarantine Center များကိုလည်း ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

**လက်ခံထားရှိ**

ထိုသို့ ပြင်ဆင်လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ည ၇ နာရီအထိ နေပြည်တော် စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူ အမျိုးသား ၄၈ ဦးနှင့် အမျိုးသမီး ၃၀၊ စုစုပေါင်း ၇၈ ဦးကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ခံစားခဲ့ အတည်ပြုပိုးတွေ့လူနာ အမျိုးသား ၁၅ ဦးနှင့် အမျိုးသမီး ၁၃ ဦး စုစုပေါင်း ၂၈ ဦးကို လည်းကောင်း အသီးသီး လက်ခံထားရှိကြောင်း သိရှိရသည်။

အဆိုပါ စောင့်ကြည့်လူနာများနှင့် ခံစားခဲ့ အတည်ပြု ပိုးတွေ့လူနာများ၏ နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံဆေးကုသရေးအဖွဲ့များနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ နှာခေါင်းတို့ဖတ်နမူနာ ရယူစဉ်။

# တိုင်းဒေသကြီးနှင့် ပြည်နယ်မြို့ကြီးများသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ပို့ဆောင်ဖြန့်ဖြူး

**နေပြည်တော် စက်တင်ဘာ ၁၈**

ကိုဗစ်-၁၉ ရောဂါ ခံစားခဲ့အတည်ပြုပိုးတွေ့လူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို တပ်မတော်ဆေးရုံများ၊ ပြည်သူ့ဆေးရုံများ၊ ကျန်းမာရေးဌာနများနှင့် ကိုဗစ်စင်တာများ၌ တပ်မတော်သားဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များပူးပေါင်း၍ အင်တိုက်အားတိုက်ဆောင်ရွက်ပေးလျက်ရှိရာ ၎င်းလုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန်အတွက် ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ တိုးချဲ့ကာကွယ်ဆေးသိုလှောင်ခန်းတွင်ထားရှိသည့် ကိုဗစ်ရောဂါကာကွယ်ဆေးများကို စံချိန်စံညွှန်းများအတိုင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ တပ်မတော်လေယာဉ်များ၊ Cold Chain Delivery Logistics မော်တော်ယာဉ်ကြီးများဖြင့် ပို့ဆောင်ဖြန့်ဖြူးပေးလျက်ရှိသည်။ **(အောက်ပုံ)**

**ကာကွယ်ဆေးများ မော်တော်ယာဉ်ဖြင့် ပို့ဆောင်ပေး**

ထိုသို့ ဖြန့်ဖြူးပေးလျက်ရှိရာ ယနေ့တွင် ပြည်မြို့သို့ ကာကွယ်ဆေး ၂၂၈၃၇ လုံး၊ မကွေးမြို့သို့ ကာကွယ်ဆေး ၃၃၂၄၃ လုံး၊ နေပြည်တော် ကောင်စီနယ်မြေသို့ ကာကွယ်ဆေး ၁၀၇၇၃၆ လုံးတို့ကို မြေပြင်ခရီးလမ်းကြောင်းမှ Cold Chain Delivery Logistics မော်တော်ယာဉ်ကြီးများဖြင့် ဆက်လက်ပို့ဆောင်ပေးရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တာဝန်ရှိသူများက လက်ခံရယူပြီး သက်ဆိုင်ရာနေရာများသို့ ဆက်လက်ဖြန့်ဖြူးပေးသွားမည်ဖြစ်သည်။

**လေကြောင်းခရီးဖြင့် ဆက်လက်ဖြန့်ဖြူး**

ယင်းသို့ ပို့ဆောင်ဖြန့်ဖြူးပေးသော ကိုဗစ်-၁၉ကာကွယ်ဆေးများကို ဦးတည်အုပ်စု လူဦးရေ၊ ဦးစားပေးအစီအစဉ်များနှင့်အညီ ပြည်သူများသို့ အမြန်ဆုံးထိုးနှံပေးနိုင်ရေးအတွက် ဆောင်ရွက်ခြင်းဖြစ်ပြီး ဝေးလံခက်ခဲသောဒေသများသို့ တပ်မတော် (လေ)မှ ပို့ဆောင်ရေးလေယာဉ်၊ ရဟတ်ယာဉ်များ၊ မြန်မာ့လေကြောင်းတို့၏ အကူအညီများရယူကာ လေကြောင်းခရီးဖြင့်လည်း ဆက်လက်ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



*စာမျက်နှာ ၉ မှ*

အနုပဋ္ဌိလောမရုပ်ဝါဒကို သက်ဝင်ယုံကြည်သူတို့ကမူ သံဃာတော်အရှင်သူမြတ်များက ခုနစ်ရက်သားသမီးအပေါင်း အန္တရာယ်ကင်းဘေးကင်းစေရန် ရတနသုတ်အပါအဝင် ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်မှုကို ပြက်ရယ်ပြုကြသည်။ မေတ္တာ၏ စွမ်းအား၊ သစ္စာ၏စွမ်းအား၊ သီလ၊ သမာဓိ၊ ပညာတို့၏ စွမ်းပကားသတ္တိကို သူတို့အနေဖြင့် လက်လှမ်းမမီနိုင်ကြချေ။ မြင်နိုင်စွမ်းလည်း မရှိခဲ့ကြချေ။

**ငြိမ်သက်စွာနေခြင်းဖြင့် စွမ်းအားအသုံးပြု**

ဘုရားရှင်၏ တပည့်သား သာဝကများသည် သတ္တဝါများ၏ အကျိုးစီးပွားတွက် မိမိတို့ အင်အားရှိသလောက် မအိပ်မနေ ချီးမြှောက်တော်မူခဲ့ကြပါသည်။ အရိယာသာဝကကြီးတို့အင်အားသည် လူသာမန်တို့နားမလည်နိုင်အောင် စွမ်းပကားကြီးမားလှပေသည်။ ငြိမ်သက်စွာနေခြင်းဖြင့် ထိုင်ရာမထ နေ့ညမအား ထိုစွမ်းအားတို့ကို အသုံးပြုခဲ့ကြပါသည်။

ဂင်္ဂါမြစ်ကမ်း၌နေသော ဗကဗြဟ္မာလောင်းရသေ့ကြီးသည်ပင် မိမိသခ်မ်းကျောင်းနှင့် မလှမ်းမကမ်း ဂေါစရဂါမ်ရွာငယ်သို့ ခေးပြများ ဝင်ရောက်ကာ ရတနာ ရွှေ၊ ငွေနှင့် ကျွဲနွားများပါ ယူဆောင်တိုက်ခိုက်သွားကြစဉ် တန်ခိုးဖြင့် စစ်တပ်အသွင်ဖန်ဆင်း၍ ရှေ့မှ ဆီးကြိုလျက် ကိုယ်ရောင်ပြရာ ခေးပြများပစ္စည်းချ၍ထွက်ပြေးကြရသည်။ သို့ရာတွင် ဂင်္ဂါမြစ်ကမ်းရွာသားတို့သည် "ရသေ့ကြီး၏ ကျေးဇူးကိုမမြင်၊ ဘုရင့်တပ်မတော်ကြီး၏ ကယ်တင်မှု"ဟုသာ ထင်ခဲ့ကြသည်။

**လူငယ်များ ပရဟိတလုပ်ငန်းပါဝင်လာ**

သို့ရာတွင် ထေရဝါဒဗုဒ္ဓဘာသာဝင် မြန်မာပြည်သူအများစုသည် ရတနာမြတ်သုံးပါး၏ ဂုဏ်ကျေးဇူးတို့ကို နှစ်နှစ်ကာကာ သက်ဝင်ယုံကြည်ကြကုန်၏။ သို့အတွက် ကိုဗစ်-၁၉ တတိယလှိုင်းကာလဝယ် ပြည်မြန်မာသည် မင်္ဂလာရှိသော တရားဓမ္မအသံများဖြင့် ဝေစီခဲ့လေသည်။ အလှူဒါနပြုကြသူများ အထူးများပြားလာသည်။ အချင်းချင်းရိုင်းပင်းကူညီမှု၊ ညှာတာစာနာမှုတို့နှင့်အတူ ဗြဟ္မစိုရ်တရားတို့ ထွန်းပလာသည်။ လူငယ်မောင်မယ်များသည်လည်း ပရဟိတလုပ်ငန်းများတွင် ရှေ့တန်းက ပါဝင်ကူညီလာကြသည်။

ဤသည်တို့က ကိုဗစ်-၁၉ တတိယလှိုင်းကာလ အရှုံးထဲကအမြတ်ဟုသာ ဆိုရပါမည်။ ကိုဗစ်-၁၉ တတိယလှိုင်းအလွန်တွင် သံဝေဂတရားများနှင့်အတူ ကောင်းမြတ်သော မြန်မာတို့၏ ယဉ်ကျေးမှုအစဉ်အလာကောင်းများကို ဆက်လက် လက်ဆင့်ကမ်း သယ်ပိုးရင်း တို့သာသနာ တို့ပြည်ရွာကို သာယာစေမှု လို့လပြုအံ့။

# ကျောက်ဖြူမြို့ ကျောက်တစ်လုံး IDPs စခန်း၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဒုတိယနေ့ဆက်လက်ထိုးနှံ

ကျောက်ဖြူ စက်တင်ဘာ ၁၈

**ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ရှိ ကျောက်တစ်လုံး IDPs စခန်းတွင် ခိုလှုံနေကြသည့် အသက် ၁၈ နှစ်အထက်ရှိပြည်သူများကို ယနေ့ မွန်းလွဲ ၂ နာရီက ကျန်းမာရေးဌာနမှဝန်ထမ်းများက အဆိုပါခိုလှုံရာစခန်းသို့သွားရောက်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအား ပထမအကြိမ် ဒုတိယနေ့အဖြစ် ဆက်လက်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။**



အဆိုပါ IDPs စခန်းသို့ ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေးထိုးနှံခြင်းများ ဆောင်ရွက်ရာတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများက ကာကွယ်ဆေး လာရောက်ထိုးနှံသူများအား စာရင်းမှတ်တမ်းရေးသွင်းကောက်ယူခြင်းများကို ဆောင်ရွက်ပေးပြီး ကျောက်ဖြူမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှဝန်ထမ်းများက ကာကွယ်ဆေးထိုးနှံခြင်းမပြုမီ ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ သွေးပေါင်ချိန်တိုင်းတာပေးခြင်းတို့ကို စနစ်တကျဆောင်ရွက်ပေးကာ ပုံမှန်အခြေအနေရှိသူများသာ ကာကွယ်ဆေးများကို ထိုးနှံပေးသည်။

ကာကွယ်ဆေးထိုးနှံပေးနေမှုနှင့် စပ်လျဉ်း၍ ကျောက်ဖြူမြို့ ကျောက်တစ်လုံး IDPs စခန်းနေအာရှခါတူက" အဒေါ်ရဲ့အသက်က ၅၉ နှစ်ရှိပါပြီ။ ဒီဆေးကာကွယ်ဆေးကို ထိုးထားတဲ့အတွက် ကိုဗစ်ရောဂါကို ကာကွယ်နိုင်တယ်။ သေဆုံးမှုလည်းလျော့နည်းနိုင်တယ်လို့ သိထားပါတယ်။ ဒါကြောင့် ကာကွယ်ဆေးကို လာရောက်ထိုးနှံတာဖြစ်ပါတယ်။ ဒီကျောက်တစ်လုံး IDPs စခန်းကို လာရောက်ပြီးတော့မှ ဆေးထိုးပေးကြတဲ့ ကျန်းမာရေးဌာနက ဆရာ ဆရာမတွေရယ်၊ နိုင်ငံတော် အကြီးအကဲတွေကို အထူးပဲကျေးဇူးတင်ပါတယ်။ ဝမ်းလည်းဝမ်းသာမိပါတယ်။ကိုယ့်ကိုယ်ကိုယ်လည်း ယုံကြည်မှု ရှိသွားပါတယ်။ နောက်ထပ် ဒုတိယတစ်ကြိမ်ထိုးနှံတဲ့အခါမှာလည်း ဒီစခန်းမှာ နေတဲ့သူတွေကို လာ ရောက်ထိုးနှံကြဖို့ နှိုးဆော်ပေးသွားပါမယ်" ဟု ပြောကြားသည်။



အဆိုပါ IDPs စခန်းတွင် ခိုလှုံနေသူ ၁၀၀၈ဦး နေထိုင်လျက်ရှိပြီး စက်တင်ဘာ ၁၇ ရက်အထိ ကိုဗစ်ကာကွယ်ဆေးထိုးနှံပြီးသူ ၂၈၅ ဦးရှိကြောင်း ၎င်း IDPs စခန်းတာဝန်ခံထံမှ သိရသည်။

"ဒီ IDPs စခန်းထဲမှာ ခိုလှုံနေသူက ၁၀၀၈ ဦး နေထိုင်လျက်ရှိပါတယ်။ ကိုဗစ်ကာကွယ်ဆေးထိုးထားပြီးတာကတော့ မတ် ၂၃ ရက်က ကျောင်းဝန်ထမ်း ၁၆ ဦးနဲ့ ဧပြီ ၇ ရက်မှာ သူတို့မိသားစုဝင် ၁၂ ဦး၊ ပြီးတော့ ဩဂုတ်လနဲ့ စက်တင်ဘာလမှာ အသက် ၆၅ နှစ်နှင့်အထက်ရှိတဲ့သူတွေကို ထိုးနှံထားပြီးဖြစ်ပါတယ်။ ယခုထိုးနှံကြမယ့် အသက် ၁၈ နှစ်အထက် စာရင်းရှိသူအနေနဲ့ ၆၄၀ ရှိပြီးတော့ စက်တင်ဘာ ၁၇ ရက်မှာ ၂၃၄ ဦး လာရောက်ထိုးနှံခဲ့ကြပါတယ်။ ကျွန်တော့်အနေနဲ့ ပြောချင်တာကတော့ ဆေးထိုးခွင့်ရတဲ့အချိန်မှာ စခန်းမှာရှိတဲ့သူတွေအားလုံး လာရောက်ပြီး ထိုးနှံစေချင်တယ်။ ထိုးနှံကြဖို့ကိုလည်း ကျွန်တော်တို့အနေနဲ့ နှိုးဆော်ပေးလျက်ရှိပါတယ်။ ဒီကာကွယ်ဆေးကို ထိုးခွင့်ပေးတဲ့ နိုင်ငံတော်အကြီးအကဲကိုလည်း အထူးပဲကျေးဇူးတင်ရှိပါတယ်" ဟု အဆိုပါ စခန်းတာဝန်ခံ ဦးမော်နီက ပြောသည်။

အဆိုပါခိုလှုံရာစခန်းမှ အသက် ၆၅နှစ်နှင့်အထက်ရှိသူများကို ဒုတိယအကြိမ် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးအား ဩဂုတ် ၄ ရက်မှစ၍ ထိုးနှံ ပေးထားပြီးဖြစ်ကာ ယခုအခါ အသက် ၁၈နှစ်အထက်ရှိ ကာကွယ်ဆေးထိုးရန် အကျုံးဝင်သူများကို စက်တင်ဘာ ၁၇ ရက်မှ စတင်ထိုးနှံပေးလျက်ရှိပြီး ယနေ့ မွန်းလွဲပိုင်းအထိ ဆေးလာရောက်ထိုးနှံသူ ၃၁၂ဦးရှိကြောင်း၊ ကျန်ရှိနေသူများကိုလည်း ဆက်လက်ထိုးနှံပေးလျက်ရှိကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**တင်ထွန်းဦး၊ ဓာတ်ပုံ- ဖြိုးဝေလင်း( ပြန်/ဆက်)**

# ပေါက်တောမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံ

**ပေါက်တော စက်တင်ဘာ ၁၈**

ရခိုင်ပြည်နယ် ပေါက်တောမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဒုတိယအကြိမ်ထိုးနှံပေးခြင်းကို ပေါက်တောမြို့ရှိ သာသနာ့ဗိမာန်စုရပ်နှင့် သဝင်ချောင်းကျေးလက် ကျန်းမာရေးဌာနစုရပ်တို့တွင် ယနေ့ နံနက် ၁၀နာရီက စတင်ထိုးနှံပေးသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဒုတိယအသုတ်ထိုးနှံပေးခြင်း ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ထမ်းများက ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ သွေးအတွင်း အောက်ဆီဂျင် တိုင်းတာပေးခြင်း၊ သွေးပေါင်ချိန် တိုင်းတာပေးခြင်းတို့ကို ဆောင်ရွက်ကြပြီး ကာကွယ်ဆေး ဆက်လက်ထိုးနှံပေးကြသည်။ ကာကွယ်ဆေးထိုးနှံပေးရာ၌ ဌာနအသီးသီးမှ ဝန်ထမ်းများ၊ မြို့နယ်ကြက်ခြေနီအဖွဲ့ဝင်များနှင့် စေတနာ့ဝန်ထမ်းများက လိုအပ်သည်များကို ဆောင်ရွက်ပေးခြင်းများ ပြုလုပ်ပေးကြသည်။

ပေါက်တောမြို့ ပေါစုရပ်နှင့် ကျေးလက်ကျန်းမာရေး ဌာနစုရပ်တစ်နေရာတို့တွင် ကာကွယ်ဆေးထိုးနှံလာကြသည့် အသက်(၅၅)နှစ်နှင့် အသက်(၆၄)နှစ်အထိ ၃၈၅ဦး၊ အသက် (၆၅)နှစ်နှင့်အထက် ၃၇ဦး၊ သံဃာတော်နှစ်ပါး၊ မသန်စွမ်းသူ ၁၀ဦး၊ ပုဂ္ဂလိက ကျန်းမာရေးဝန်ထမ်းတစ်ဦး၊ စေတနာ့ဝန်ထမ်း ခုနစ်ဦး၊ နိုင်ငံ့ဝန်ထမ်း ၁၅ ဦး၊ ဝန်ထမ်းမိသားစု ၃၄ ဦး၊ ပုဂ္ဂလိကပို့ဆောင်ရေး ၁၇ဦး၊ ဈေးဆိုင်သည် ၁၄ ဦးတို့ အပါအဝင် စုစုပေါင်း ၅၂၂ ဦး လာရောက်ထိုးနှံကြသည်။ ကိုဗစ်ရောဂါ ကာကွယ်ဆေးထိုးနှံရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ဝင်းနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုပြီး ကာကွယ်ဆေး ထိုးနှံလာကြသည့် ပြည်သူများအား ပထမအကြိမ် ဆေးထိုးပြီးခဲ့သော်လည်း ဒုတိယအကြိမ် ကာကွယ်ဆေးထိုးနှံရာတွင် မပျက်မကွက် အလေးအနက်ထားပြီး လာရောက်ထိုးနှံပေးကြပါရန် ပြောကြားခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ပုသိမ်မြို့၌ ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိ

**ပုသိမ် စက်တင်ဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ပေါ်ရှိ ရပ်ကွက်ကြီး ၁၅ ခုမှ အသက် ၅၅ နှစ်အထက်နှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး လုံးဝမထိုးနှံရသေးသူ ၆၇၀၀ ခန့်ရှိသော ဒေသခံများနှင့် ပြောင်းရွှေ့ဝန်ထမ်းများအား စက်တင်ဘာ ၁၅ ရက်မှ အစပြု၍ ၂၀ ရက်အထိ ပုသိမ်မြို့ ကမ်းနားလမ်းရှိ မြို့တော်ခန်းမကို ဗဟိုပြု၍ အထက(၁)၊ အထက (၄)၊ အထက(၆) နှင့် အမှတ် ၅ အလက သစ်ညိုကုန်းကျောင်းတို့၌ သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဆရာ ဆရာမများ၊ စေတနာ့ဝန်ထမ်းအကျိုးဆောင်များက ပံ့ပိုးကူညီဆောင်ရွက်ပေးမှုဖြင့် ကာကွယ်ဆေးများ ထိုးနှံပေးသည်။

**ပုသိမ်လှကြည်**

○ *ကျောဖုံးမှ*

**စတင်စစ်ဆေးအရေးယူ**

" လတ်တလော ရန်ကုန်မြို့ YBS ခရီးသည် ယာဉ်လိုင်းပြေးဆွဲမှုနဲ့ ပတ်သက်လို့ အဓိကပြဿနာကတော့ ခရီးသည် ပိုက်ဆံထည့်တဲ့ပုံးတွေ ပိတ်ထားပြီး အကူလူတွေက သတ်မှတ်နှုန်းထားထက် ငွေပိုတောင်းတာပဲ။ တချို့ ယာဉ်မောင်းတွေက ကိုဗစ်-၁၉ ကပ်ရောဂါအခြေအနေနဲ့ စက်သုံးဆီဈေးတက်တဲ့အပေါ်မူတည်ပြီး ခရီးသည်တွေဆီက သတ်မှတ်နှုန်းထက် ပိုတောင်းတဲ့ဖြစ်စဉ်တွေက နေ့စဉ်တိုင်တန်းမှု ပိုပိုများလာတာကို တွေ့ရတယ်။ ဒါကြောင့် အခုလာမယ့် သီတင်းပတ်ကစပြီး ယာဉ်စည်းကမ်း ထိန်းသိမ်းရေး စစ်ဆေးရေးအဖွဲ့တွေက YBS ယာဉ်မောင်းများ သတ်မှတ်ချက်များနဲ့အညီ စည်းကမ်းတကျလိုက်ပါ ပူးပေါင်းဆောင်ရွက်မှု ရှိ/ မရှိကို စတင်စစ်ဆေးအရေးယူမှုများ ဆောင်ရွက်မှာဖြစ်တယ်" ဟု ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီ (YRTC) မှ တွဲဖက်အတွင်းရေးမှူး ဦးလျန်ကျင့်မန်က ပြောသည်။

**သတ်မှတ်စည်းကမ်းချက်များ**

ယင်းအစီအစဉ်ကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် စတင်ဆောင်ရွက်မည်ဖြစ်ပြီး စစ်ဆေးမည့်အချက်များအနေဖြင့် ယာဉ်စီးခ သတ်မှတ်နှုန်းထားထက် ပိုမိုတောင်းခံနေမှုများအပြင် YBS ယာဉ်များအနေဖြင့် ဂိတ်ရင်း/ဂိတ်ဖျားများမှ ဂိတ်လွှတ်စနစ် မှန်ကန်မှု ရှိ/ မရှိ၊ နေ့စဉ်ထွက်ယာဉ်များစာရင်း မှန်ကန်မှု ရှိ/ မရှိ ဝေးဘီလ်၊ Time Sheet များ စနစ်တကျ မှန်ကန်စွာ အသုံးပြုခြင်း ရှိ/ မရှိ၊ ယာဉ်မောင်းများ သတ်မှတ်ယူနီဖောင်းဖြင့် မောင်းနှင်ခြင်း ရှိ/ မရှိ၊ ယာဉ်မောင်းများ ယာဉ်မောင်းလိုင်စင်မှန်ကန်မှု ရှိ/ မရှိ၊ ယာဉ်မောင်းများ အရက်သေစာ သောက်စားမောင်းနှင်ခြင်း ရှိ/ မရှိတို့အပြင် သတ်မှတ်လမ်းကြောင်း မောင်းနှင်ခြင်း ရှိ/ မရှိ စသည်ဖြင့် YRTC မှ ထုတ်ပြန်ထားသော သတ်မှတ်စည်းကမ်းချက်များနှင့် အညီ လိုက်နာမှုများ ရှိ/ မရှိတို့ကို စစ်ဆေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**စစ်ဆေးကြပ်မတ်သွားမည်**

ထို့အပြင် ခရီးသည်များ အကြား မကြာခဏ အခက်ကြုံနေရသည့်ဖြစ်စဉ်မှာ ထင်မှတ်မထားဘဲ မူရင်းလမ်းကြောင်းများမှ အကြောင်းတစ်စုံတစ်ရာမရှိဘဲ သွေဖည်ကာပြေးဆွဲနေမှုများ ထပ်မံမဖြစ်ပေါ်စေရေးအတွက် သတ်မှတ်လမ်းကြောင်းအတိုင်း မောင်းနှင်ခြင်း ရှိ/ မရှိ၊ ခရီးစဉ် ဂိတ်စ/ ဂိတ်ဆုံး ပြေးဆွဲပေးခြင်း ရှိ/ မရှိ၊ မော်တော်ယာဉ်များ မြို့တော်အင်္ဂါရပ်နှင့်အညီ ရှိ/ မရှိ၊ သတ်မှတ် မှတ်တိုင်ဧရိယာများအတွင်း စနစ်တကျ ရပ်နားခြင်း ရှိ/ မရှိ၊ ယာဉ်ပေါ်တွင် မဖြစ်မနေ အထောက်အထားခိုင်လုံစွာ ပါရှိရမည့် စာရွက်စာတမ်းများ ပါရှိမှု ရှိ/ မရှိ စသည့်စည်းကမ်းချက်များကို ကော်မတီအဖွဲ့အနေဖြင့် စစ်ဆေးကြပ်မတ်သွားမည် ဖြစ်သည်။

**အခက်ကြုံနေရမှုအပေါ် အဆင်ပြေစေရန်**

ထိုသို့ ရန်ကုန်မြို့အတွင်း YBS ယာဉ်များ စစ်ဆေးမှုများကို ပြီးခဲ့သော ကိုဗစ်-၁၉ ရောဂါ ဒုတိယလှိုင်း အပြီးကာလတွင်လည်း YRTC အနေဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အများဆုံးတွေ့ရှိမှုသည် YBS ယာဉ်မောင်းများအနေဖြင့် ခရီးသည်များအပေါ် သတ်မှတ် ယာဉ်နှုန်းထားခများထက် ပိုမိုတောင်းခံနေခြင်းပင်ဖြစ်သည်။ လတ်တလော ရန်ကုန်မြို့ YBS ယာဉ်များအနေဖြင့် စက်သုံးဆီဈေး အခြေအနေတစ်ရပ်ကြောင့် ခရီးသည်များအပေါ် သတ်မှတ်နှုန်းထားထက် ပိုမိုတောင်းခံနေမှုကြောင့် အခက်ကြုံနေရမှုအပေါ် အဆင်ပြေစေရန်အတွက် YRTC အနေဖြင့် သတ်မှတ်နှုန်းထားများကို ထပ်မံညှိနှိုင်းအတည်ပြု ဆောင်ရွက်ပေးရန်လည်း ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

**သတင်း- မြင့်မိုရ်၊**
**ဓာတ်ပုံ- မိုးမခ**

## ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် ဆက်လက်လက်ခံ



**နေပြည်တော် စက်တင်ဘာ ၁၈**

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ် အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ စက်တင်ဘာ ၁၇ ရက်တွင် ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့သို့ ပြန်လည်ဝင်ရောက်လာသည့် အမျိုးသား ၁၆ ဦး၊ အမျိုးသမီး ၁၇ ဦး၊ စုစုပေါင်း ၃၃ ဦး၊ ချင်းရွှေဟော်မြို့သို့ ပြန်လည်ဝင်ရောက်လာသည့် အမျိုးသား ကိုးဦး၊ အမျိုးသမီး ၃၄ဦး၊ စုစုပေါင်း ၄၃ ဦးကို လည်းကောင်း၊ ယနေ့တွင် ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့သို့ ပြန်လည်ဝင်ရောက်လာသည့် အမျိုးသား ၁၄၁ ဦး၊ အမျိုးသမီး ၅၉ ဦး၊ စုစုပေါင်း ၂၀၀ ဦး၊ ကရင်ပြည်နယ်၊ မြဝတီမြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၁၁၉ ဦး၊ အမျိုးသမီး ၈၈ ဦး၊ စုစုပေါင်း ၂၀၇ ဦးတို့ကို အသီးသီး လက်ခံခဲ့ကြသည်။

ထိုသို့လက်ခံရာတွင် သက်ဆိုင်ရာပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ် - ၁၉ ရောဂါစစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထားစာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များအား ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင်မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများအား သက်ဆိုင်ရာနေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



**အပြင်ထွက်တိုင်း ပါးစပ်နှင့်နှာခေါင်းစည်း(mask) ကို**
**စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ**

## ညောင်ရွှေမြို့နယ်၌ ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေး ဆက်လက်ထိုးနှံပေးမည်

**ညောင်ရွှေ စက်တင်ဘာ ၁၈**

ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဆက်လက်ထိုးနှံခြင်းကို ရပ်ကွက် ၁၂ ရပ်ကွက်၊ ကျေးရွာအုပ်စု ၃၄ အုပ်စုတို့တွင် ဆေးထိုးအဖွဲ့ ရှစ်ဖွဲ့ဖြင့် စက်တင်ဘာ ၁၉ ရက်မှ စတင်၍ ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ပထမအကြိမ်ထိုးနှံရာ၌ အသက် ၅၅ နှစ်နှင့်အထက် ပြည်သူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ တပ်ဖွဲ့ဝင်နှင့် မိသားစုဝင်များ၊ နာတာရှည်နှင့် မကူးစက်နိုင်သော ရောဂါရှိသူများကို ဦးစားပေးအုပ်စုအဖြစ် ထိုးနှံပေးသွားမည့်အပြင် အသက် ၅၅ နှစ်မပြည့်သေး သော်လည်း ဦးစားပေးအုပ်စုများတွင် ပါဝင်သူများကိုလည်း ထိုးနှံပေးသွားမည် ဖြစ်သည်။

ညောင်ရွှေမြို့နယ်တွင် မြို့ပေါ်ဆေးထိုးစုရပ်အဖြစ် အထက(၁) ညောင်ရွှေအပါအဝင် နန်းပန်၊ စံကား၊ ရွာမ၊ ခေါင်တိုင်၊ မန်ကျည်းဆိပ်၊ မင်းချောင်း၊ မိုင်းသောက်ကျေးရွာတို့ရှိ ကျေးလက်ကျန်းမာရေးဌာနများကို အခြေပြု၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးရန် စီစဉ်ထားရှိကြောင်း သိရသည်။

**နေမျိုးသူရိန်**



## ကယားပြည်နယ် လွိုင်ကော်ပြည်သူ့ဆေးရုံကြီးကို အကြမ်းဖက်သောင်းကျန်းသူ လေးဦး ခန့်က လက်နက်ငယ်များဖြင့် လာရောက်နှောင့်ယှက်ပစ်ခတ်

**နေပြည်တော် စက်တင်ဘာ ၁၈**

အကြမ်းဖက်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့၏ ကိုယ်ကျိုးအတွက်ကို အခြေခံ၍ ၎င်းတို့ကို ထောက်ခံအားပေးခြင်းမရှိသော အများပြည်သူ သေကျေထိခိုက်ဒဏ်ရာ ရရှိစေရန်နှင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်စေရန် အကြမ်းဖက်တိုက်ခိုက်မှုများကို လုပ်ဆောင်လျက်ရှိသည်။ ထိုသို့လုပ်ဆောင်လျက်ရှိရာ စက်တင်ဘာ ၁၆ ရက် ည ၁၁ နာရီ မိနစ် ၂၀ ခန့်တွင် ကယားပြည်နယ် လွိုင်ကော် ပြည်သူ့ဆေးရုံ ကြီးကို အကြမ်းဖက်သောင်းကျန်းသူ ၄ ဦးခန့်က လက်နက်ငယ်များဖြင့် လာရောက်နှောင့်ယှက် ပစ်ခတ်ခြင်းများ လုပ်ဆောင်ခဲ့သည်။

လွိုင်ကော်ပြည်သူ့ဆေးရုံကြီးရှိ ဆရာဝန်၊ သူနာပြုများအနေဖြင့် နိုင်ငံအပေါ်သစ္စာမဲ့၍ ဆရာဝန်ကျင့်ဝတ်ကို လျစ်လျူရှုကာ CDM ကြွေးကြော်ပြီး မိမိတို့၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်းမရှိသဖြင့် ဒေသခံပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှု အခြေအနေများမှာ ဆိုးရွားမှု ဖြစ်ပေါ်ခဲ့ရသည်။ ထိုအခြေအနေကို ထိန်းသိမ်းကုစားနိုင်ရန်အတွက် သက်ဆိုင်ရာပြည်နယ်အစိုးရအစီအစဉ်ဖြင့် ဆရာဝန်၊ သူနာပြုများ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သော်လည်း ပြည့်စုံလုံလောက်မှုမရှိသဖြင့် ဒေသခံပြည်သူများ၏ တောင်းဆိုမှုအရ တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ဆရာဝန် ၂၀နှင့် သူနာပြု ၇၀တို့အား ဖြည့်ဆည်း၍ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုများကို တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိသည်။

ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ပုံမှန်လည်ပတ်မှုမပြုနိုင်စေရန်နှင့် ပြည်သူလူထု၏ အကျိုးစီးပွားပျက်စီးကာ နယ်မြေဒေသတည်ငြိမ်မှု ပျက်ပြားစေလိုသော ယုတ်မာသောရည်ရွယ်ချက်ဖြင့် ယခုကဲ့သို့ လာရောက် နှောင့်ယှက်ပစ်ခတ်ခြင်းဖြစ်ပြီး ဖြစ်စဉ်တွင် လူနှင့် အဆောက်အဦများ ထိခိုက်ပျက်စီးမှု မရှိကြောင်း သိရှိရသည်။

ထိုကဲ့သို့ အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်ခဲ့သည့် အဖျက်သမားများကို ဖော်ထုတ်ဖမ်းဆီး၍ တရားဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေးနှင့် နယ်မြေလုံခြုံရေး လုပ်ငန်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

■ *ကျောဖုံးမှ*

ချစ်ဖြိုးသုံ (ခ) ဖိုးချို (၂၅နှစ်) (ဘ) ဦးချစ်မြကို ၎င်း၏ နေအိမ်တွင် လည်းကောင်း၊ KIA အဖွဲ့တွင် သင်တန်းတက်ရောက်ခဲ့သူ သူရိန်ဝင်း (၂၆နှစ်) (ဘ) ဦးစိုးဝင်းကို ထူးဝေယံ ငှားရမ်းနေထိုင်သော မကွေးမြို့ အောင်စေတနာရပ်ကွက်ရှိ ဦးကြင်စိန် ပိုင်ဆိုင်သောနေအိမ်တွင် လည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူ ချစ်ဖြိုးသုံ(ခ)ဖိုးချို၏ ဝန်ခံထွက်ဆိုချက်ကို ယခုကဲ့သို့ သိရှိရသည်-

ကျွန်တော့် မှတ်ပုံတင်နံပါတ်ကတော့ ၈/မကန(နိုင်) ၂၅၆၀၆၁ ဖြစ်ပါတယ်။ ကျွန်တော်က မကွေးမြို့ မကွေးတက္ကသိုလ် မြန်မာစာ ဒုတိယနှစ် ကျောင်းတက်နေပါတယ်။ ၁၄ ရက်နေ့ မနက် ၃ နာရီခွဲ၊ ၄ နာရီဝန်းကျင်ခန့်က ထူးဝေယံလာခေါ်လို့ လိုက်သွားခဲ့ပါတယ်။ ကျွန်တော်ရှေ့ကနေ ဆိုင်ကယ်မောင်းပေးပါတယ်။ တောင်ရပ်ကို မောင်းလာပြီး ပြည်သာအေးရုံးကိုရောက်တဲ့ လမ်းမှာကွေ့ပါတယ်။ ပြည်ခိုင်ဖြိုးရုံးနဲ့ တပ်နဲ့အကြား ကွမ်းယာဆိုင်၊ လက်ဖက်ရည်ဆိုင်နားလောက်မှာ ကျွန်တော်ရပ်ပေးပါတယ်။ ထူးဝေယံက ဆင်းပြီး ဟိုကြည့် ဒီကြည့်လုပ်ပြီး ကျွန်တော့်အနောက်က အထုပ်ကိုယူသွားပြီး ပြည်ခိုင်ဖြိုးရုံးအနီး လက်ဖက်ရည်ဆိုင်၊ ကွမ်းယာဆိုင် ကြားလောက်မှာ သွားပြီး ဖွက်ပါတယ်။ ဖွက်ပြီးတော့ ကျွန်တော့်ကို မြန်မြန်မောင်းဆိုပြီး ပြောပါတယ်။ ကျွန်တော်တို့လည်း ပြန်ထွက်လာပြီး ကျွန်တော့်အိမ်နားလောက်မှာ ကွေ့ပါတယ်။ ကျွန်တော့် အိမ်လမ်းကနေ အိမ်ရှေ့ရောက်တော့ ကျွန်တော့်ကို ဆေးပြားတွေပေးပါတယ်။ ကျွန်တော်လည်း ဆေးပြား ၆ ပြားလောက် လုပ်လိုက်ပါတယ်။ လုပ်ပြီးတော့ ကျွန်တော် မေ့နေပါတယ်။ ၁၀ နာရီဝန်းကျင်လောက်မှာ ကျွန်တော်အိပ်ရာက နိုးပါတယ်။ နိုးလာတော့ ထူးဝေယံက ကျွန်တော့်ကိုပြောပါတယ်။ ပြည်ခိုင်ဖြိုးရုံး ဗုံးပေါက်တယ်လို့ ပြောတယ်။ အော်.. ဗုံးပေါက်ရင်ပြီးတာပဲ.. ငါနဲ့မဆိုင်ဘူးဆိုပြီး မေးနေလိုက်ပါတယ်။ ကျွန်တော် ညနေစောင်း ဘုန်းကြီးကျောင်းမသွားခင် ကျန်တဲ့ဆေးပြားတွေ အကုန်သုံးလိုက်ပါတယ်။ ၃ နာရီခွဲ ၄ နာရီဝန်းကျင်မှာ ကျွန်တော် ဘုန်းကြီးကျောင်းကို သွားပါတယ်။ ဘုန်းကြီးကျောင်းက ကျွန်တော့်ကို ဝယ်စရာရှိတာ ဝယ်ဖို့ ပိုက်ဆံ ၅ ထောင်ထုတ်ပေးပြီး မကွေးမြို့ထဲကို ပြန်လာတဲ့အချိန်မှာ အဖမ်းခံရပါတယ်။

အလားတူ မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် မင်းကျေးရွာအုပ်စု မင်းကျေးရွာအဝင်၌ စက်တင်ဘာ ၁၂ ရက်တွင် ထွေ/အုပ် ရပ်ကျေးစာရေးဖြစ်သူ ဒေါ်ဆွေဇင်ဝင်းနှင့် ခင်ပွန်းဖြစ်သူ ရွှေဒုံးကျေးရွာအုပ်စု ထွေ/အုပ် ရပ်ကျေးစာရေး ဦးဝင်းမင်းစိုးတို့ နှစ်ဦးအား လှိုင်သာယာ လုံခြုံရေးတပ်ဖွဲ့ခွဲမှ CDM ပြုလုပ်လာသူ တစ်ရွာတည်းနေ ရဲတပ်သား မျိုးမင်းထက် (ခ) မင်းထက်ဦး (၂၀နှစ်) (ဘ) ဦးနေလင်းဦးက ဓားဖြင့် ထိုးသဖြင့် ဦးဝင်းမင်းစိုးမှာ ရရှိဒဏ်ရာများဖြင့် သေဆုံးခဲ့ပြီး ဒေါ်ဆွေဇင်ဝင်းမှာ အပြင်းအထန်ဒဏ်ရာ ရရှိခဲ့သည်။

အဆိုပါ ဖြစ်စဉ်တွင် ကျူးလွန်ခဲ့သော တရားခံသည် စဉ့်ကူးမြို့နယ် နွယ်ရုံကျေးရွာအနောက်ဘက်၌ တိမ်းရှောင်နေကြောင်း ဖော်ထုတ်သိရှိရသဖြင့် သွားရောက်ရှာဖွေစစ်ဆေးရာ တရားခံပြေး မျိုးမင်းထက် (ခ) မင်းထက်ဦးကို ဖမ်းဆီးရမိခဲ့ပြီး ၎င်းနှင့်အတူ PDF သင်တန်းတက်ရောက်ပြီး ထွက်ပြေးတိမ်းရှောင်နေသည့် နေလင်းဦး (ဘ) ဦးချစ်ဆိုင် (၄၂နှစ်)နှင့် မစန်းမြင့်ခိုင် (ဘ) ဦးအောင် (၃၇နှစ်)တို့ကို လက်လုပ် မိုင်းများ၊ ဓားများ၊ ဆက်စပ်ပစ္စည်းများဖြင့် ဖမ်းဆီးရမိခဲ့သည်။ ထို့ပြင် ၎င်းတို့အား ငွေကြေးထောက်ပံ့ပြီး တိမ်းရှောင်နိုင်ရန် ကူညီပေးခဲ့သော ဘုန်းမြင့်ကျော်(ဘ) ဦးမြင့်ဆွေ (၄၃နှစ်)ကို ၎င်းနေထိုင်ရာ စဉ့်ကူးမြို့နယ် ရွာသစ်ဖျားရပ် အမှတ်(၂) ရပ်ကွက်၌ ဖမ်းဆီးရမိခဲ့သည်။

PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများ၏ လုပ်ရပ်ကြောင့် ရိုးသားအေးချမ်းစွာဖြင့် နေထိုင်လုပ်ကိုင်လျက်ရှိသော အပြစ်မဲ့ပြည်သူများ အသက်ဆုံးရှုံးခြင်း၊ ထိခိုက်ဒဏ်ရာရရှိခြင်းတို့ ကြုံတွေ့ခဲ့ရပြီး ယခုကဲ့သို့ (၅)နှစ်သားအရွယ် လူမမယ် ကလေးသူငယ် အသက်ဆုံးရှုံးခဲ့ရသည်အထိ ယုတ်မာဆိုးသွမ်းသော လုပ်ရပ်များကို ဆောင်ရွက်လာကြောင်း တွေ့ရှိရသဖြင့် မြို့/ရွာ အမြန်ဆုံးအေးချမ်းတည်ငြိမ်ရေး အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်အတူ ပြည်သူတစ်ရပ်လုံး ပူးပေါင်းဆောင်ရွက်တွန်းလှန်နိုင်ပါရန် မေတ္တာရပ်ခံကြောင်းနှင့်အဆိုပါ ဖမ်းဆီးရမိသူများကို လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိပြီး တရားဥပဒေနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကဘူးလ်မြို့လေကြောင်းတိုက်ခိုက်မှု မှားယွင်းသည့် တိုက်ခိုက်မှုတစ်ခုဟု အမေရိကန်ဝန်ခံ

ဝါရှင်တန် စက်တင်ဘာ ၁၈

**အာဖဂန်နစ္စတန်တွင် ပြုလုပ်ခဲ့သည့် ဒရုန်းတိုက်ခိုက်မှုမှာ စစ်သွေးကြွများကိုပစ်မှတ်ထားကာ တိုက်ခိုက်ခဲ့ခြင်းဖြစ်သော်လည်း အပြစ်မဲ့သည့်အရပ်သားများအပေါ် မှားယွင်းကာပစ်မှတ်ထားတိုက်ခိုက်မိသည်ဟု အမေရိကန်တပ်ဖွဲ့က ဝန်ခံခဲ့သည်။**

ပြီးခဲ့သည့်လကပြုလုပ်သည့်တိုက်ခိုက်မှုအတွင်း ကလေးခုနစ်ဦးအပါအဝင် အရပ်သား ၁၀ ဦး သေဆုံးခဲ့ရသည်။ ဩဂုတ် ၂၉ ရက်တွင် ဖြစ်ပွားခဲ့သည့် ကဘူးလ်မြို့ တိုက်ခိုက်မှုကိုစုံစမ်းစစ်ဆေးမှုများ ပြုလုပ်သွားမည်ဟု စက်တင်ဘာ ၁၇ ရက်တွင် သတင်းထောက်များကို အမေရိကန်ဗဟိုကွပ်ကဲရေးအကြီးအကဲ ဗိုလ်ချုပ် ဖရန့်မက်ကန်ဇီက ပြောသည်။

ထိခိုက်ခံစားခဲ့ရသည့် မိသားစုဝင်များအတွက် လျော်ကြေးပေးရန် စဉ်းစားလျက်ရှိသည်ဟုလည်း ပြောသည်။ အမှားအယွင်းဖြစ်ခဲ့မှုအတွက် တောင်းပန်ခဲ့ပြီး ဝမ်းနည်းကြေကွဲဖွယ်ကောင်းသည့် မှားယွင်းမှုတစ်ခုဟု ၎င်းက ပြောသည်။

လေကြောင်းတိုက်ခိုက်မှုမှာ အိုင်အက်စ်များကိုသယ်ဆောင်လာသည်ဟု ယူဆရသောကားကို ပစ်မှတ်ထားကာ တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်ဟု ပင်တဂွန်က ပြောသည်။ သို့သော်လည်း နောက်ပိုင်းစုံစမ်းမှုများအရ မှားယွင်းမှုဖြစ်ပေါ်ခဲ့သည်ဟု တွေ့ရှိခဲ့သည်။ ယခုအခါ အဆိုပါကားမောင်းသည့် ယာဉ်မောင်းနှင့် စစ်သွေးကြွအုပ်စု မည်သို့မှ ဆက်စပ်မှုမရှိဟု တွေ့ရှိခဲ့ရကြောင်း ကာကွယ်ရေးဝန်ကြီး လွိုက်အော်စတင်က စက်တင်ဘာ ၁၇ ရက်တွင် ပြောသည်။



မှားယွင်းတိုက်ခိုက်မှုကြောင့် ပျက်စီးသွားသည့်ကားကို တွေ့ရစဉ်။

အာဖဂန်နစ္စတန်တွင် နောက်ထပ်ဖြစ်ပေါ်လာမည့်အကြမ်းဖက်ခြိမ်းခြောက်မှုများကို နှိမ်နင်းသွားမည်ဟု အမေရိကန်သမ္မတဂျိုးဘိုင်ဒင် အစိုးရအဖွဲ့က ကတိပြုပြောကြားခဲ့သည်။ သို့သော်လည်း အာဖဂန်နစ္စတန်မှ အမေရိကန်တပ်များ ပြန်လည်ဆုတ်ခွာသွားပြီဖြစ်သည့်အတွက် သတင်းအချက်အလက်စုဆောင်းရာတွင် ပျက်ကွက်မှုများ ရှိလာမည်ဟု ကျွမ်းကျင်သူအချို့ကပြောသည်။

အင်န်အိတ်ချ်ကေ

## အစ္စရေးနိုင်ငံတွင် ကိုဗစ် -၁၉ တတိယအကြိမ် ကာကွယ်ဆေးထိုးပြီးသူ သုံးသန်းကျော်ရှိ

ဂျေရုဆလင် စက်တင်ဘာ ၁၈

အစ္စရေးနိုင်ငံတွင် တတိယအကြိမ် ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးပြီးသူ အရေအတွက်မှာ စက်တင်ဘာ ၁၇ ရက်တွင် သုံးသန်းကျော်ရှိလာပြီဟု အစ္စရေးကျန်းမာရေး ဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့သည်။

တတိယအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးပြီးသူ ၃၀၀၈၅၁၁ ဦးရှိပြီး နိုင်ငံလူဦးရေ၏ ၃၂ ရာခိုင်နှုန်းရှိသည်ဟု သိရသည်။





အစ္စရေးနိုင်ငံ၌ တတိယအကြိမ် ကာကွယ်ဆေးထိုးပေးနေသည်ကို တွေ့ရစဉ်။

အစ္စရေးနိုင်ငံသည် ဩဂုတ် ၁ ရက်မှ စတင်ကာ တတိယအကြိမ် ကာကွယ်ဆေး ထိုးခြင်းလုပ်ငန်းကို စတင်ခဲ့ပြီး ကိုဗစ် -၁၉ ကူးစက်မှုများ များပြားလာသည့်ကြားမှ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ တတိယအကြိမ် ကာကွယ်ဆေး ထိုးခြင်းဖြင့် ကူးစက်ရောဂါမှ ခုခံအားကို ဆယ်ဆတိုးစေသည်ဟု ကျန်းမာရေး ဝန်ကြီးဌာနက ပြောသည်။

အစ္စရေးနိုင်ငံ၌ ပထမအကြိမ် ကာကွယ်ဆေးထိုးပြီးသူ ၆ ဒသမ ဝ၆ သန်းရှိပြီး နိုင်ငံလူဦးရေ၏ ၆၄ ဒသမ ၅ ရာခိုင်နှုန်းရှိသည်။ ဒုတိယအကြိမ် ကာကွယ်ဆေး ထိုးပြီးသူမှာ ၅ ဒသမ ၅၇ သန်းရှိသည်ဟု သိရသည်။

ဆင်ဟွာ

## အင်ဒိုနီးရှားနိုင်ငံ ဂိုရွန်တာလို ပြည်နယ်တွင် ရေကြီးမှုကြောင့် နေအိမ်ရာနှင့်ချီ၍ ရေလွှမ်းမိုးမှုဖြစ်ပေါ်

ဂျကာတာ စက်တင်ဘာ ၁၈

အင်ဒိုနီးရှားနိုင်ငံ ဂိုရွန်တာလို ပြည်နယ်တွင် စက်တင်ဘာ ၁၇ ရက်က ရေလွှမ်းမိုးမှုဖြစ်ပေါ်ခဲ့ပြီး ကျေးရွာပေါင်းသုံးရွာမှ လူပေါင်း ၉၂၉ ဦး ရေလွှမ်းမိုးမှုဒဏ် ခံစားရသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပဂူယူမန်မြစ် ရေလျှံပြီး ရေကြီးမှု ဖြစ်ပေါ်ခဲ့သည်ဟု သဘာဝဘေး စီမံခန့်ခွဲမှုအေဂျင်စီမှ အရာရှိတစ်ဦးဖြစ်သူ အဗ္ဗဒူမူဟာရီက ပြောသည်။ ရေလွှမ်းမိုးမှုကြောင့် ဖြစ်ပေါ်ရသည့် ပျက်စီးဆုံးရှုံးမှုများကို မသိရသေးချေ။

ဂိုရွန်တာလို ပြည်နယ်တွင် မိုးရာသီမှာ ယခုလမှ နိုဝင်ဘာလအထိ ကြာမြင့်မည်ဟု မိုးလေဝသ၊ ရာသီဥတုနှင့် ဘူမိရူပဗေဒ အေဂျင်စီက ပြောသည်။

၂၀၁၅ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း ဂိုရွန်တာလိုပြည်နယ်တွင် အဓိကရေကြီးမှုပေါင်း ၂၀ အထိ ဖြစ်ပေါ်ခဲ့ပြီး လေးဦးသေဆုံးခဲ့သည်ဟု မိုးလေဝသ၊ ရာသီဥတုနှင့် ဘူမိရူပဗေဒ အေဂျင်စီက ပြောသည်။

ဆင်ဟွာ

## အသက် ၆၅ နှစ်နှင့်အထက်များကို တတိယအကြိမ် ကာကွယ်ဆေးထိုးပေးရန် အက်ဖ်ဒီအေ ထောက်ခံချက်ပေး

**ဝါရှင်တန် စက်တင်ဘာ ၁၈**

အမေရိကန်တွင် အသက် ၆၅ နှစ်နှင့်အထက်များ၊ ရောဂါလက္ခဏာပြင်းထန်နိုင်ခြေရှိသည့် လူများကို တတိယအကြိမ် ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးပေးရန်အတွက် အမေရိကန် အစားသောက်နှင့် ဆေးဝါးကြီးကြပ်ရေး (အက်ဖ်ဒီအေ) မှ ကျွမ်းကျင်သူများသည် တညီတညွတ်တည်း ထောက်ခံချက် ပေးခဲ့ကြသည်။

တတိယအကြိမ် ကာကွယ်ဆေးထိုးပေးခြင်းဖြင့်ရရှိလာသည့် အကျိုးကျေးဇူးမှာ ဆိုးကျိုးထက်ပို၍ အလေးသာသည်ဟု အက်ဖ်ဒီအေမှ စက်တင်ဘာ ၁၇ ရက်တွင် ဆုံးဖြတ်ခဲ့ကြသည်။

ယင်းနေ့အစောပိုင်းကလည်း အသက် ၁၆နှစ်နှင့်အထက်များကို ဖိုက်ဇာကာကွယ်ဆေး တတိယအကြိမ် ထိုးပေးရန် အဆိုပြုချက်ကို ပယ်ချခဲ့သည်။ အစိုးရသည် တတိယအကြိမ် ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးပေးရန် ရည်ရွယ်ထားသည်။ အစ္စရေးနိုင်ငံမှ ရရှိလာသည့် အချက်အလက်များကို ဆွေးနွေးခဲ့ကြပြီး အသက် ၆၀ နှင့်အထက်များ တတိယအကြိမ် ကာကွယ်ဆေးထိုးပြီးပါက မထိုးရသေးသူများထက် အကျိုးကျေးဇူးများကြောင်း အကြံပြုခဲ့ကြသည်။ တတိယအကြိမ် ကာကွယ်ဆေး ထိုးခြင်းကြောင့် ဘေးထွက်ဆိုးကျိုး အချက်အလက်များ မတွေ့ရှိရဟု သိပ္ပံပညာရှင်များက ပြောသည်။





မိုင်ယာမီတွင် ကိုဗစ် -၁၉ ကာကွယ်ဆေးစင်တာ၌ စာရင်းပေးသွင်းနေကြသူများကို တွေ့ရစဉ်။

တတိယအကြိမ် ကာကွယ်ဆေးကို ပြီးခဲ့သည့် ခြောက်လအတွင်း ဒုတိယအကြိမ် ကာကွယ်ဆေးထိုးပြီးသူများကို အသက်အပိုင်းအခြားဖြင့် ထိုးပေးသွားမည်ဟုသိရသည်။ **အင်န်အိတ်ချ်ကေ**

## စင်ကာပူနိုင်ငံတွင် ကိုဗစ် -၁၉ ကူးစက်ခံရသူ ၉၃၅ ဦး ထပ်မံတွေ့ရှိ

**စင်ကာပူ စက်တင်ဘာ ၁၈**

စင်ကာပူနိုင်ငံတွင် စက်တင်ဘာ ၁၇ ရက်က ကိုဗစ် -၁၉ ကူးစက်ခံရသူ ၉၃၅ ဦး ထပ်မံတွေ့ရှိခဲ့ပြီး မေလနှောင်းပိုင်းမှစတင်ကာ နေ့စဉ်ကူးစက်မှုအများဆုံးဟု သိရသည်။ စုစုပေါင်း ကူးစက်ခံရသူအရေအတွက်မှာ ၇၅၇၈၃ ဦးရှိလာသည်။

**လက်ရှိဆေးရုံတက်နေရသူ ၈၁၃ ဦးရှိ**

နောက်ထပ်ကူးစက်ခံရသူများအနက် အသက် ၆၀ နှင့်အထက် ကူးစက်ခံရသူ ၂၄၁ ဦးရှိသည်။ လက်ရှိ ဆေးရုံတက်နေရသူ ၈၁၃ ဦးရှိပြီး ၎င်းတို့ထဲမှ ၉၀ မှာ ရောဂါလက္ခဏာပြင်းထန်သည်။ အထူးကြပ်မတ်ကုသဆောင်တွင်ကုသမှုခံယူနေရသူ ၁၄ ဦးရှိသည်ဟုကျန်းမာရေးဝန်ကြီးဌာနကပြောသည်။

**ကာကွယ်ဆေးအပြည့် ထိုးပြီးသူ ၈၂ ရာခိုင်နှုန်းရှိ**

ရောဂါလက္ခဏာပြင်းထန်သူများအနက် ၈၂ ဦးမှာ အသက် ၆၀ နှင့်အထက် ဖြစ်သည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။ ၂၀၂၁ ခုနှစ် စက်တင်ဘာ ၁၆ ရက်အထိ ကာကွယ်ဆေးအပြည့် ထိုးပြီးသူ ၈၂ ရာခိုင်နှုန်းရှိပြီး တစ်ကြိမ်ကာကွယ်ဆေးထိုးပြီးသူ ၈၄ ရာခိုင်နှုန်းရှိသည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။ ဆင်ဟွာ

# အမေရိကန်သမ္မတဂျိုးဘိုင်ဒင်၏ လူဝင်မှုကြီးကြပ်ရေး မူဝါဒအပေါ် ဖိအားများလျက်ရှိသည့် ရွှေ့ပြောင်းနေထိုင်မှုများ

ကေကေစိုး

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ် တံတားတစ်စင်းအောက်တွင် ဟေတီနိုင်ငံသားအများစု ပါဝင်သည့် အထောက်အထားမဲ့ ရွှေ့ပြောင်းနေထိုင်သူ ၁၀၀၀၀ ကျော်မှာ လတ်တလောတွင် ရောက်ရှိနေကြသည်။

**ဖိအားပေးလျက်ရှိ**

အဆိုပါ တရားမဝင်ရွှေ့ပြောင်းနေထိုင်သူများကြောင့် အမေရိကန်သမ္မတဂျိုးဘိုင်ဒင်၏ လူဝင်မှုကြီးကြပ်ရေး မူဝါဒအပေါ် ဖိအားများလျက်ရှိသည်ဟု အရာရှိများက ပြောသည်။ အမေရိကန် အကောက်ခွန်နှင့် နယ်စပ်ကင်းလှည့်အဖွဲ့က ထိန်းချုပ်ထားသည့် မက္ကဆီကိုနယ်စပ်ရှိ ဒယ်လ်ရီယိုအပြည်ပြည်ဆိုင်ရာ တံတားအောက်တွင် ရွှေ့ပြောင်းနေထိုင်သူများနှင့် ပြည့်နှက်နေသည်ဟု အမေရိကန်-မက္ကဆီကိုနယ်စပ်ရှိ ဒယ်လ်ရီယို မြို့တော်ဝန် ဘရူနိုလိုဇန်နိုက ပြောသည်။ အဆိုပါတံတားမှာ မက္ကဆီကိုနယ်စပ်တွင် တည်ရှိပြီး တံတားအောက်တွင် လူပေါင်း ၁၀၅၀၃ ဦးရှိသည်။ စက်တင်ဘာ ၁၆ ရက်နေ့ကမူ ယင်းတံတားအောက်တွင် လူပေါင်း ၈၀၀၀ ဝန်းကျင်ရှိခဲ့သည်။ လဟာပြင်တွင် ထိုင်နေကြသည့်မိသားစုများနှင့် လဲလျောင်းအိပ်စက်နေကြသည့် မိသားစုများကို ဗီဒီယိုမှတ်တမ်းတွင် တွေ့ရှိရသည်။ ၎င်းတို့သည် အမေရိကန်အကောက်ခွန်နှင့် နယ်စပ်ကင်းလှည့်အဖွဲ့(CBP)၏ လုပ်ငန်းစဉ်များကို စောင့်ဆိုင်းနေကြသည်။

**စောင့်ဆိုင်းနေကြ**

စုပြုံနေကြသည့် ရွှေ့ပြောင်းနေထိုင်သူ အများစုမှာ ဟေတီနိုင်ငံသားများဖြစ်ကြပြီး အမေရိကန်နိုင်ငံတွင် နေထိုင်ခွင့်ရရန် မျှော်လင့်ထားကြသည်။

ဟေတီနိုင်ငံတွင် ငလျင်အကြီးအကျယ်လှုပ်ခတ်မှုနှင့် နိုင်ငံရေးအခြေအနေ မတည်ငြိမ်မှုများကြောင့် ဟေတီနိုင်ငံသားများမှာ အမေရိကန်နိုင်ငံအတွင်း နေထိုင်ခွင့်ရရှိရေး ကြိုးပမ်းနေကြခြင်းဖြစ်သည်ဟု လိုဇန်နိုက ပြောသည်။

**နောက်ထပ်ဝန်ထမ်းများစေလွှတ်ထား**

အဆိုပါနေရာတွင် မက္ကဆီကိုနယ်စပ်ကို ဖြတ်ကျော်လာသည့် ရွှေ့ပြောင်းနေထိုင်သူများနှင့် ပြည့်နှက်နေပြီး အာဖဂန်မှ ထွက်ပြေးလာသည့် ဒုက္ခသည်များလည်းရှိသည်။ နယ်စပ်ကင်းလှည့်အဖွဲ့မှာ ယခုအခါ ရွှေ့ပြောင်းနေထိုင်သူများနှင့် ပြည့်နှက်နေသည့်အတွက် အခက်ကြုံနေရသည်။ တံတားအောက်အပြင် အခြားသောနေရာတွင်လည်း (CBP) မှ ထိန်းသိမ်းထားသည့်လူပေါင်း ၂၀၀၀ မှ ၃၀၀၀ ကြားတွင် ရှိသည်။ (CBP) မှ ထုတ်ပြန်ချက်တွင် နောက်ထပ်ဝန်ထမ်းများနှင့် အရင်းအမြစ်များကို စေလွှတ်ထားကြောင်း ဖော်ပြထားသည်။

**ယာယီနေထိုင်လို့ရအောင်ပြုလုပ်ပေးထား**

အပူဒဏ်နှင့် ဆက်စပ်သည့်ထိခိုက်ဒဏ်ရာများမှ ကာကွယ်ရန်အတွက် တံတားအောက်တွင် အရိပ်ရသည့် နေရာများပြုလုပ်ထားပြီး ရွှေ့ပြောင်းနေထိုင်သူများသည် နယ်စပ်ကင်းလှည့် ထိန်းချုပ်ရေးစခန်းတွင် စောင့်ဆိုင်းစဉ်အတွင်း ယာယီနေထိုင်နိုင်အောင် ပြုလုပ်ပေးထားသည်။ တစ်ဦးချင်းလာရောက်သည့် ရွှေ့ပြောင်းနေထိုင်သူများနှင့် မိသားစုအများစုမှာ ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း အစိုးရ၏ မူဝါဒအောက်တွင် နှင်ထုတ်ခံရမည်ဖြစ်သည်။ အဆိုပါကိစ္စနှင့်ပတ်သက်ပြီး သမ္မတဂျိုးဘိုင်ဒင်ထံမှ ချက်ချင်းအရေးယူ ဆောင်ရွက်မှုပြုလုပ်ရန် ရီပက်ဘလစ်ကန်နှင့် ဒီမိုကရက်များက တောင်းဆိုထားကြသည်။

○ **ယခင် အမေရိကန်သမ္မတဟောင်းဒေါ်နယ်ထရမ့်နှင့် နှိုင်းယှဉ်လျှင် ပို၍လူသားချင်း စာနာထောက်ထားမှုရှိစေရမည်ဟု ဂျိုးဘိုင်ဒင်က ကတိပြုခဲ့သည်။ သို့သော်လည်း ၎င်းသည်သမ္မတအဖြစ် စတင်တာဝန်ယူသည့်အချိန်မှစတင်ကာ ရွှေ့ပြောင်းနေထိုင်မှုကို အမြစ်ဖြတ်နိုင်ရေး နည်းလမ်းများ ရှာဖွေခဲ့သည်။ ဩဂုတ်လအတွင်း နယ်စပ်ဖြတ်ကျော်လာသူ ရွှေ့ပြောင်းနေထိုင်သူ ၂၀၉၀၀၀ ကို အာဏာပိုင်များက တားမြစ်ခဲ့ပြီး ၎င်းတို့ထဲမှအများစုကို နေရပ်ပြန်ပို့ပေးခဲ့**



အမေရိကန်နိုင်ငံအတွင်း နေထိုင်ခွင့်ရရန် ကြိုးပမ်းလာကြသည့် ရွှေ့ပြောင်းနေထိုင်သူများကို တွေ့ရစဉ်။

**ဝေဖန်ကြ**

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင် အစိုးရအဖွဲ့သည် ဇူလိုင်လမှ ဩဂုတ်လအတွင်း နယ်စပ်မှရွှေ့ပြောင်းနေထိုင်သူ ၂၀၀၀၀၀ ကျော်ကို နှင်ထုတ်ခဲ့ပြီးဖြစ်သည်။ အဆိုပါပမာဏမှာ ဆယ်စုနှစ်တစ်ခုစာအတွင်း အများဆုံးပမာဏပင် ဖြစ်သည်။ ဟေတီသမ္မတ ဂျိုဗီနယ်မိုအီစ် လုပ်ကြံခံရပြီးနောက် ဟေတီနိုင်ငံသားများ အမေရိကန်ဗီဇာမလိုဘဲ နိုင်ငံအတွင်း ဆက်လက်နေထိုင်ခွင့်ပြုပေးရန် ဇူလိုင်လနှောင်းပိုင်းတွင် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ဆုံးဖြတ်ခဲ့သည်။ အဆိုပါဆုံးဖြတ်ချက်ကြောင့် အခြားသောသူများ အမေရိကန်နိုင်ငံအတွင်းသို့ ဝင်ရောက်ရန် မက်လုံးပေးဆွဲဆောင်သည့် သဘောဖြစ်လာသည်ဟုလည်း အချို့က ဝေဖန်ကြသည်။

**ဖြေရှင်းရန်တိုက်တွန်း**

တံတားအောက်တွင် ရောက်ရှိနေသူ နိုင်ငံခြားသား ရွှေ့ပြောင်းနေထိုင်သူ ၁၀၅၀၃ ဦးရှိပြီး သမ္မတဂျိုးဘိုင်ဒင်က ၎င်းတို့ကို ဟေတီနိုင်ငံသို့ ပြန်လည်ပို့ဆောင်မည့် လေယာဉ်ခရီးစဉ်ကို ဖျက်သိမ်းရန် နိုင်ငံရေးဆုံးဖြတ်ချက်ပြုလုပ်ခဲ့သည်။ ထိုစဉ် ဒီမိုကရက်တစ်ကိုယ်စားလှယ် အီဟန်အိုမာမှာ ၎င်းကိုယ်တိုင်ပင် ရွှေ့ပြောင်းနေထိုင်သူဖြစ်ပြီး ယင်းသို့လုပ်ဆောင်ရန် သမ္မတဘိုင်ဒင်ကို ဖိအားပေးခဲ့သည်။ သမ္မတဘိုင်ဒင်အစိုးရအဖွဲ့ထံမှ ချက်ချင်းတုံ့ပြန်မှုရရှိရန် လိုအပ်သည်ဟု ပြောကြားခဲ့သည်။ သောင်တင်နေသည့် ရွှေ့ပြောင်းနေထိုင်သူများကို ကူညီရန်နှင့် နောက်ထပ်အခြေအနေများ ထိန်းချုပ်မရနိုင်သည့် အခြေအနေသို့ ရောက်မလာခင် ဖြေရှင်းရန်လည်း ၎င်းက တိုက်တွန်းခဲ့သည်။

**အရေအတွက်များပြားလာ**

အမေရိကန် အနောက်တောင်ပိုင်းနယ်စပ်ကို ဖြတ်ကျော်ရန်ကြိုးပမ်းသည့် ဟေတီနိုင်ငံသားများမှာ ပြီးခဲ့သည့်လများအတွင်း အရေအတွက်များပြားလာခဲ့သည်။ အများစုမှာ တောင်အမေရိကမှ လာကြသူများဖြစ်ပြီး ၂၀၁၀ ပြည့်နှစ် ဇန်နဝါရီလအတွင်း ငလျင်လှုပ်ခတ်မှုအပြီးတွင် ရွှေ့ပြောင်းလာကြသူများဖြစ်သည်။ ယခုသီတင်းပတ်အစောပိုင်းတွင် မက္ကဆီကိုတောင်ပိုင်းရှိ ချီယာပတ်စ်တွင် ရောက်ရှိနေသည့် အသက် ၄၀ အရွယ် ဟေတီနိုင်ငံသားတစ်ဦးက ၎င်းမှာ ချီလီနိုင်ငံတွင် ငါးနှစ်ကြာနေထိုင်ခဲ့ပြီးနောက် ရွှေ့ပြောင်းလာခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်တွင် နေထိုင်နေသည့် အစ်မတစ်ဦးနှင့် အတူနေထိုင်နိုင်ရန် မျှော်လင့်ချက်ဖြင့် လာခဲ့ခြင်းဖြစ်ကြောင်း အေအက်ဖ်ပီသို့ ပြောသည်။

**နည်းလမ်းရှာဖွေ**

ယခင်အမေရိကန်သမ္မတဟောင်းဒေါ်နယ်ထရမ့်နှင့် နှိုင်းယှဉ်လျှင် ပို၍လူသားချင်းစာနာထောက်ထားမှုရှိစေရမည်ဟု ဂျိုးဘိုင်ဒင်က ကတိပြုခဲ့သည်။ သို့သော်လည်း ၎င်းသည်သမ္မတအဖြစ် စတင်တာဝန်ယူသည့်အချိန်မှစတင်ကာ ရွှေ့ပြောင်းနေထိုင်မှုကို အမြစ်ဖြတ်နိုင်ရေးနည်းလမ်းများ ရှာဖွေခဲ့သည်။ ဩဂုတ်လအတွင်း နယ်စပ်ဖြတ်ကျော်လာသူ ရွှေ့ပြောင်းနေထိုင်သူ ၂၀၉၀၀၀ ကို အာဏာပိုင်များကတားမြစ်ခဲ့ပြီး ၎င်းတို့ထဲမှအများစုကို နေရပ်ပြန်ပို့ပေးခဲ့သည်။

**ကြိုးပမ်းလာကြ**

ဟေတီနိုင်ငံတွင် ဩဂုတ်လအတွင်း ငလျင်လှုပ်ခတ်မှုကြောင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများလိုအပ်ခဲ့သည်။ ငလျင်လှုပ်ခတ်ပြီးနောက် နှစ်ပတ်အကြာတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများလိုအပ်သည့် နေရာများသို့ ပေးပို့ခဲ့ကြသည်။ ပြင်းအား ၇ ဒသမ ၂ မဂ္ဂနီကျူရှိသည့် ငလျင်ကြောင့် အမေရိကန်ဒေါ်လာ တစ်ဘီလီယံနီးပါး ပျက်စီးဆုံးရှုံးခဲ့ရသည်ဟု အစိုးရက ခန့်မှန်းထားသည်။ ငလျင်ကြောင့် သေဆုံးသူပေါင်း ၂၂၀၀ ရှိပြီး ဒဏ်ရာရရှိသူ ၁၂၀၀၀ ရှိသည်ဟု ခန့်မှန်းထားသည်။ ပျောက်ဆုံးနေသူများလည်းရှိသည်။ ငလျင်ဒဏ်အပါအဝင်အခြားသော အကျပ်အတည်းများကြောင့် ဟေတီနိုင်ငံသားအချို့မှာ အမေရိကန်နိုင်ငံတွင် ရွှေ့ပြောင်းနေထိုင်ခွင့်ရရန် ကြိုးပမ်းလာကြသည်။ ။

**ကိုးကား - အေအက်ဖ်ပီ**

## စက်တင်ဘာ ၁၈ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်- ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၁၉၄၃ ဦး တွေ့ရှိ

**ထပ်မံသေဆုံးသူ ၇၂ ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း ၁၇၀၁၆ ဦးရှိ**

(၁၈-၉-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေး လုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့်-

- တတ်နိုင်သမျှ အိမ်တွင်း၌သာ နေထိုင်ခြင်း၊
- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊
- လက်ကို မကြာခဏဆေးကြောခြင်း၊
- တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊
- မိမိတို့နေအိမ်တွင် အသက် (၆၅)နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို၊ သွေးတိုး၊ နှလုံးစသည့် နာတာရှည်ရောဂါတစ်ခုခုခံစားနေရသူရှိပါက ထိုသူအား ပါးစပ်နှင့်နှာခေါင်းစည်းကို တပ်ဆင်ထားစေခြင်း၊
- ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ (၁၇-၉-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၁၈-၉-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂၁,၀၃၆)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁,၉၄၃)ဦးတွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း(၄,၀၉၁,၅၁၆)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၄၄၄,၈၇၁) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၂,၃၉၆) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၃၉၅,၈၅၅)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၇၂) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၇,၀၁၆)ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၁၈-၉-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၄၆၉)ခု | (၄၉)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၅၉)ခု | (၁၇)ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၈၀၆)ခု | (၈၇)ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၉၇)ခု | (၄၅)ဦး |
| ပြင်ဦးလွင်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံ(ခုတင် ၇၀၀) | (၂၁)ခု | - |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၁၉၄)ခု | (၆၄)ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၂၅၄)ခု | (၇)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၈၅၂)ခု | (၁၅၄)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၈,၁၈၄)ခု | (၁,၅၂၀)ဦး |
| **စုစုပေါင်း** | (၂၁,၀၃၆)ခု | (၁,၉၄၃)ဦး |

- ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်"နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၁၈- ၉ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၂၈၀၀၄၉၄ | ၃၂၄၃၄၁၆၆ | ၆၉၀၇၁၅ |
| ၂။ | အိန္ဒိယ | ၃၃၄၁၇၃၉၀ | ၃၂၆၃၂၂၂ | ၄၄၄၅၆၃ |
| ၃။ | ဘရာဇီး | ၂၁၁၀၂၅၃၆ | ၂၀၁၈၀၁၀၆ | ၅၈၉၇၄၄ |
| ၄။ | ဗြိတိန် | ၇၃၇၁၃၀၁ | ၅၉၃၄၀၁၈ | ၁၃၄၉၈၃ |
| ၅။ | ရုရှား | ၇၂၅၄၇၅၄ | ၆၄၈၅၂၆၄ | ၁၉၇၄၂၅ |
| ၆။ | ပြင်သစ် | ၆၉၄၂၁၀၅ | ၆၆၁၂၈၉၈ | ၁၁၅၉၆၀ |
| ၇။ | တူရကီ | ၆၇၉၄၇၀၀ | ၆၂၈၅၈၈၇ | ၆၁၁၄၀ |
| ၈။ | အီရန် | ၅၄၀၈၈၆၀ | ၄၇၃၆၈၉၆ | ၁၁၆၇၉၁ |
| ၉။ | အာဂျင်တီးနား | ၅၂၃၇၁၅၉ | ၅၀၉၀၄၄၉ | ၁၁၄၂၈၆၆ |
| ၁၀။ | ကိုလံဘီယာ | ၄၉၃၇၅၉၆ | ၄၇၇၆၁၆၉ | ၁၂၅၈၂၆ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၁၈- ၉ - ၂၀၂၁

| နိုင်ငံ | ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၁၈၈၅၂၉ | ၃၉၈၃၁၄၀ | ၁၄၀၃၂၃ |
| ဖိလစ်ပိုင် | ၂၃၄၇၅၅၀ | ၂၁၂၆၈၇၉ | ၃၆၅၈၃ |
| မလေးရှား | ၂၀၆၇၃၂၇ | ၁၈၂၃၂၄၅ | ၂၂၇၄၃ |
| ထိုင်း | ၁၄၆၂၉၀၁ | ၁၃၁၇၅၂၇ | ၁၅၂၄၆ |
| ဗီယက်နမ် | ၆၇၇၀၂၃ | ၄၄၈၃၆၈ | ၁၆၈၅၇ |
| မြန်မာ | ၄၄၄၈၇၁ | ၃၉၅၈၅၅ | ၁၇၀၁၆ |
| ကမ္ဘောဒီးယား | ၁၀၂၈၃၄ | ၉၆၂၇၅ | ၂၀၈၉ |
| စင်ကာပူ | ၇၅၇၈၃ | ၆၉၆၁၄ | ၅၉ |
| လာအို | ၁၈၈၁၄ | ၁၅၁၃၃ | ၁၆ |
| ဘရူနိုင်း | ၄၉၅၇ | ၃၃၃၅ | ၂၆ |

# လုပ်ငန်းခွင်ကို ဝင်ရောက်တဲ့အခါ ကိုဗစ် - ၁၉ ရောဂါကင်းဝေးအောင် စည်းကမ်းချက်တွေကို လိုက်နာရင်း တစ်ဖက်ကလည်း မိမိရဲ့ကာယ၊ ဉာဏအားတွေကို အပြည့်ထည့်ပြီး စွမ်းအားပြည့် လုပ်ဆောင်ပေးကြဖို့ မေတ္တာရပ်ခံလိုပါတယ်

ဒေါက်တာခင်ခင်ကြီး

## ထက်လျှံ

ရုံးပိတ်ရက်ရှည်ကာလကုန်လွန်ပြီး ရုံးတွေပြန်ဖွင့်သည့်အခါ ဝန်ထမ်းများအနေဖြင့် ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ လိုက်နာဆောင်ရွက်ရမည့်အချက်များကို ကျန်းမာရေး ဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုကူးစက်ရောဂါ တိုက်ဖျက်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာခင်ခင်ကြီးနှင့် တွေ့ဆုံမေးမြန်းထားသည်။

**မေး။ ။ ရုံးတွေပြန်ဖွင့်တဲ့အခါ ဝန်ထမ်းတွေအနေနဲ့ ကိုဗစ် – ၁၉ ရောဂါကာကွယ်ရေး နည်းလမ်းတွေနဲ့ ပတ်သက်ပြီး ဘယ်လိုလိုက်နာ ဆောင်ရွက်ရမယ်ဆိုတာကို ပြောကြားပေးပါဦး။**

**ဖြေ။** ။ ရုံးပိတ်ရက်ရှည်တွေ ၇ ကြိမ် ပိတ်ပေးလိုက်တဲ့အတွက် ရောဂါဖြစ်ပွားမှုတွေက တဖြည်းဖြည်းနဲ့ ၁၀ ရာခိုင်နှုန်းအောက်ကို ကျဆင်းလာပြီး ထိန်းချုပ်နိုင်တဲ့အဆင့်ကို ရောက်လာပါပြီ။ ရုံးပိတ်ခြင်း၊ Work from Home ဆောင်ရွက်ခြင်းက ကာကွယ်ထိန်းချုပ်ရေးမှာပါဝင်တဲ့ အစိတ်အပိုင်း တစ်ခုဖြစ်ပါတယ်။ အုပ်ချုပ်ရေး၊ ကျန်းမာရေး၊ ပညာရေးအစရှိတဲ့ လူမှုဘဝတွေ ပြန်လည်စတင်နိုင်ဖို့ ဆိုတာ လုပ်ငန်းခွင်ကို ပြန်လည်ဝင်ရောက်နိုင်ဖို့က အရေးကြီးပါတယ်။

ဒီလိုဝင်ရောက်ဖို့နဲ့ ပတ်သက်ပြီး အချို့ကလည်း မိမိကို မကူးစက်အောင် ဘယ်လိုလုပ်ရမလဲဆိုပြီး စိုးရိမ်ပူပန်တွေရှိနေပါတယ်။ ရုံးကို ပြန်လာရတဲ့အခါ လူရဲ့ စိတ်ပိုင်းဆိုင်ရာမှာ ဘယ်လိုတွေ ခံစားရသလဲဆိုတာကို ၂၀၂၀ ပြည့်နှစ် ဇူလိုင်လ ၅ ရက်မှာ ထုတ်ဝေတဲ့ ကျန်းမာရေးနှင့် အပြုအမူပိုင်းဆိုင်ရာ သိပ္ပံပညာမဂ္ဂဇင်းက ဖော်ပြထားတာကို ပြောကြားလိုပါတယ်။

ပိတ်ရက်ရှည်တွေကနေ လုပ်ငန်းခွင်ကို ပြန်ဝင်ရတော့မယ်။ အချို့တွေက မိတ်ဆွေအပေါင်းအသင်းတွေနဲ့ တွေ့ရမယ်၊ မပြီးပြတ်သေးတဲ့ အလုပ်တွေကို ပြန်လည်လုပ်ဆောင်ရမယ်ဆိုပြီး တက်ကြွပါတယ်။ အချို့တွေက စိုးရိမ်စိတ်တွေ ရှိနေပါတယ်။ ဒါဟာ သင်တစ်ယောက်တည်း မဟုတ်ပါဘူးလို့ ပြောထားပါတယ်။ ဝန်ထမ်းပေါင်း ၁၀၀၀ ကျော်ကို သုတေသနလေ့လာချက်အရ ၇၀ ရာခိုင်နှုန်းသည် လုပ်ငန်းခွင်ကိုဝင်ဖို့ စိုးရိမ်သောကရှိနေပါတယ်။ အဓိက စိုးရိမ်သောကဖြစ်ရတဲ့အချက်တွေကို ကြည့်မယ်ဆိုရင် ၅၁ ရာခိုင်နှုန်းက ရောဂါကူးစက်မှာကို စိုးရိမ်ပါတယ်။

နောက်တစ်ခုက အများပြည်သူသယ်ယူပို့ဆောင်ရေးယာဉ်တွေဖြစ်တဲ့ ဘတ်စ်ကား၊ ရထားစတာတွေနဲ့ လာရတဲ့အတွက်လည်း စိုးရိမ်ပါတယ်။ နောက်တစ်ချက်က ကလေးတွေကို ထားခဲ့ရမှာအတွက်လည်း စိုးရိမ်ပါတယ်။ အဓိက ဒီအချက်တွေကြောင့် ဖြစ်တယ်လို့ ဖော်ပြထားပါတယ်။ မအံ့ဩပါနဲ့။ ဒါဟာ ဖြစ်ရိုးဖြစ်စဉ်သာဖြစ်ပါတယ်။ သင်တစ်ယောက်တည်း ရင်ဆိုင်နေရတာ မဟုတ်ပါဘူး။ အရင်တုန်းက အိမ်မှာ Work from Home အလုပ်လုပ်စဉ်ကလည်း လုပ်နေကျအခြေအနေတစ်ခု မဟုတ်တဲ့အတွက် ခက်ခဲခဲ့ပါတယ်။ ဒါကို ကျော်လွန်ပြီး အောင်မြင်အောင်လုပ်ဆောင်နိုင်ခဲ့ပါတယ်။ အခု အိမ်မှာနေတဲ့ အခြေအနေကနေ ရုံးပြန်တက်ရတယ်၊ လုပ်ငန်းခွင်ကို ပြန်ဝင်တဲ့အခါမှာလည်း အခက်အခဲရှိမယ်ဆိုပြီး စိုးရိမ်ကြပါတယ်။ မစိုးရိမ်ကြပါနဲ့၊ လူရဲ့ ဦးနှောက်က ပုံမှန်အလုပ်တွေ ပြန်လည်လုပ်ဆောင်နိုင်စွမ်းရှိပါတယ်။ တတ်နိုင်သမျှ ကိုယ့်ရဲ့ စိတ်သောကတွေကို လျှော့ချဖို့ ပြောထားပါတယ်။

**မေး။ ။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က လုပ်ငန်းခွင်ဝင်တဲ့အခါ ဘယ်လိုလိုက်နာဆောင်ရွက်ရမယ်ဆိုတာ ထုတ်ပြန်ထားတဲ့အချက်တွေရှိရင်လည်း ပြောကြားပေးပါဦး။**

**◆ ဘယ်လုပ်ငန်းခွင်မှာမဆို အရေးကြီးတဲ့အချက်က လက်ဆေးရမှာဖြစ်ပါတယ်။ အယ်လ်ကိုဟော ၆၀ ရာခိုင်နှုန်းမှ ၇၀ အထက်ရှိနေတဲ့ လက်သန့်စင်ဆေးရည်ကို အသုံးပြုဖို့လိုပါတယ်။ ချောင်းဆိုး၊ နှာချေရင် အုပ်ပြီးဆိုးရမယ်။ အနည်းဆုံး သုံးပေကနေ ခြောက်ပေခွာဖို့လိုပါတယ်။ Mask ကို တပ်ထားရမယ်။ လုပ်ငန်းခွင်မှာ သန့်ရှင်းမှုကိုလည်း အထူးဂရုစိုက်ရမှာ ဖြစ်ပါတယ်။ မလိုအပ်ဘဲ ခရီးသွားတာ၊ သူများစားပွဲကို သွားလည်တာ၊ အတူဝိုင်းဖွဲ့ စားသောက်တာ၊ စကားစမြည်ပြောတာတွေကို လုံးဝမလုပ်ဆောင်သင့်ပါဘူး**

**ဖြေ။** ။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က ပြောထားတာရှိပါတယ်။ လုပ်ငန်းခွင်က ကိုဗစ် – ၁၉ ကူးစက်နိုင်သလားဆိုရင် ကူးစက်နိုင်ပါတယ်။ အသက်ရှူလမ်းကြောင်းကထွက်တဲ့ အစက်အမှုန်တွေရှိနေတဲ့ အသုံးအဆောင်ပစ္စည်းတွေကို ထိတွေ့ကိုင်တွယ်မိရင် ကူးစက်နိုင်ပါတယ်။ လုပ်ငန်းခွင်ကိုသွားစဉ်မှာလည်း ကူးစက်နိုင်ပါတယ်။ အလုပ်ကိစ္စနဲ့အပြင်ကို ထွက်ရရင်လည်း ကူးစက်နိုင်ပါတယ်။ ဒါကြောင့်မို့ WHO က တစ်ယောက်နဲ့တစ်ယောက် အနည်းဆုံး သုံးပေ အကွာနေမယ်။ ထိတွေ့မှုတွေကို တတ်နိုင်သမျှ လျှော့မယ်။ ရောဂါပိုးကပ်ငြိနိုင်တဲ့ စားပွဲ၊ ကုလားထိုင်တွေကို သန့်ရှင်းရေးလုပ်မယ်။ ဒီလိုနည်းနဲ့ အန္တရာယ်ကို လျှော့ချနိုင်ပါတယ်။

လုပ်ငန်းခွင်အပေါ်မူတည်ပြီး အန္တရာယ်ရှိမှုအဆင့်တွေကို ဒီလိုခွဲခြားထားပါတယ်။ အန္တရာယ်အနည်းဆုံးအလုပ်ဆိုတာက အများနဲ့မဆက်ဆံရတဲ့အလုပ်တွေ၊ လုပ်ငန်းခွင်မှာ တစ်ယောက်နဲ့တစ်ယောက် အထိအတွေ့နည်းတဲ့အလုပ်တွေ၊ တယ်လီဖုန်းနဲ့ဖြေကြားရတဲ့ အလုပ်တွေက အန္တရာယ်နည်းပါတယ်။

အသင့်အတင့်အန္တရာယ်ရှိတဲ့ အလုပ်တွေက အများပြည်သူနဲ့ ထိတွေ့မှုတွေရှိနေတဲ့ လုပ်ငန်းတွေဖြစ်ပါတယ်။ ပေါ့ဆလို့မရပါဘူး။ အများစုသောလူတွေက အသင့်အတင့် အန္တရာယ်ရှိတဲ့ လုပ်ငန်းခွင်မှာ လုပ်ကိုင်နေသူတွေဖြစ်ပါတယ်။ ဈေးတွေ၊ ကုန်စုံဆိုင်တွေ၊ အစားအစာရောင်းသူတွေ၊ ဘတ်စ်ကားမောင်းသူတွေ၊ ကူးစက်မှုများတဲ့ဒေသမှာ အများပြည်သူနဲ့ထိတွေ့မှုများတဲ့သူတွေ၊ လက်လီအရောင်းဆိုင် ရောင်းဝယ်ဖောက်ကားသူတွေ၊ ပစ္စည်းပို့သူတွေ၊ တစ်နေရာတည်းမှာ စုစည်းလုပ်ကိုင်ရတဲ့ လုပ်ငန်းတွေ၊ ဆောက်လုပ်ရေးလုပ်ငန်းခွင်တွေ၊ လုံခြုံရေးနဲ့ဆိုင်တဲ့ အဖွဲ့အစည်းတွေ၊ ရေနဲ့ ပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်နေရသူတွေ စသဖြင့်က အလယ်အလတ်အဆင့် အသင့်အတင့် အန္တရာယ်ရှိနိုင်ပါတယ်။

ဘယ်သူတွေက အန္တရာယ်အရှိဆုံးလဲဆိုရင် တချို့အလုပ်တွေက အများနဲ့ထဲထဲဝင်ဝင် ဆက်ဆံရတဲ့အပြင် သူတို့လုပ်ရတဲ့ အလုပ်ရဲ့ သဘောသဘာဝကိုက အန္တရာယ်ရှိနိုင်တဲ့အရာတွေနဲ့ ထိတွေ့နေရတာဖြစ်ပါတယ်။ ဥပမာအနေနဲ့ ပြောရရင် ကိုဗစ်– ၁၉ ရောဂါလက္ခဏာရှိသူ၊ ကိုဗစ် – ၁၉ ပိုးတွေ့သူ၊ သံသယလက္ခဏာခံစားနေရသူတွေကို ပို့ဆောင်ပေးနေရသူတွေဖြစ်ပါတယ်။ နောက်တစ်ခုက ကိုဗစ်– ၁၉ ပိုးတွေ့လူနာတွေ၊ သံသယလက္ခဏာရှိတဲ့သူ၊ ပိုးတွေ့သူနဲ့ ထိတွေ့မိသူတွေရဲ့ အိမ်တွေမှာ သန့်ရှင်းရေးလုပ်ငန်းလုပ်ကိုင်နေရသူတွေ၊ ကိုဗစ်– ၁၉ ကြောင့် သေဆုံးသွားသူတွေကို သယ်ဆောင်ပေးရသူတွေ၊ သဂြိုဟ်ပေးရသူတွေ၊ စည်ပင်သာယာကဝန်ထမ်းတွေဖြစ်ပြီး အလွန်အန္တရာယ်ရှိနိုင်ပါတယ်။ ဒါကြောင့် ဒီလိုအလုပ်တွေကို လုပ်ကိုင်ပေးနေတဲ့ စေတနာလုပ်အားရှင် (Volunteer) တွေက အလွန်လေးစားဖို့ကောင်းပါတယ်။ တော်ရုံစိတ်ဓာတ်နဲ့ မလုပ်နိုင်ပါဘူး။ နောက်ပြီး လူမှုရေးနဲ့ဆိုင်တဲ့ ကူညီပေးတဲ့အဖွဲ့အစည်းတွေ၊ ကိုဗစ် – ၁၉ ပိုးတွေ့သူရဲ့အိမ်ကို ပစ္စည်းပို့ဆောင်ရသူတွေ၊ ရေပိုက်တွေ၊ အဲကွန်းတွေစသဖြင့် ပြင်ဆင်မှုတွေ လုပ်ဆောင်ပေးရသူတွေက အလွန်အန္တရာယ်များပါတယ်။

ကိုယ့်ရဲ့ လုပ်ငန်းခွင်အပေါ်မူတည်ပြီး အန္တရာယ်ရှိတဲ့အဆင့်ကို သိရှိပြီးပြီဆိုရင် လုပ်ငန်းခွင်ရဲ့ ပတ်ဝန်းကျင်၊ အလုပ်ရဲ့သဘောသဘာဝနဲ့ အန္တရာယ်ရှိနိုင်မှု၊ လူ့စွမ်းအားအရင်းအမြစ်နဲ့ အကာအကွယ်ပစ္စည်းတွေရနိုင်မှုကိုလည်း မျှော်တွေးပြီး ကြိုတင်စီစဉ်တာတွေကိုလည်း ထည့်သွင်းစဉ်းစားရမှာဖြစ်ပါတယ်။ အသက်အရွယ်နဲ့ နောက်ခံရောဂါရှိမှု အခြေအနေကလည်း ထည့်သွင်းစဉ်းစားရမယ့် အချက်ဖြစ်ပါတယ်။ WHO က ပြောထားပါတယ်။ အန္တရာယ်ရှိနိုင်တဲ့အလုပ်တွေကို အသက်အရွယ်ကြီးသူ၊ နောက်ခံရောဂါရှိသူတွေကို တတ်နိုင်သမျှ တာဝန်မပေးဖို့၊ အန္တရာယ်နည်းနိုင်တဲ့အလုပ်တွေကို လုပ်ဆောင်စေဖို့ ပြောထားပါတယ်။

အချုပ်အားဖြင့် ဘယ်လုပ်ငန်းခွင်မှာမဆို အရေးကြီးတဲ့အချက်က လက်ဆေးရမှာဖြစ်ပါတယ်။ အယ်လ်ကိုဟော ၆၀ ရာခိုင်နှုန်းမှ ၇၀ အထက်ရှိနေတဲ့ လက်သန့်စင်ဆေးရည်ကို အသုံးပြုဖို့လိုပါတယ်။ ချောင်းဆိုး၊ နှာချေရင် အုပ်ပြီးဆိုးရမယ်။ အနည်းဆုံး သုံးပေကနေ ခြောက်ပေခွာဖို့ လိုပါတယ်။ Mask ကို တပ်ထားရမယ်။ လုပ်ငန်းခွင်မှာ သန့်ရှင်းမှုကိုလည်း အထူးဂရုစိုက်ရမှာ ဖြစ်ပါတယ်။ မလိုအပ်ဘဲ ခရီးသွားတာ၊ သူများစားပွဲကို သွားလည်တာ၊ အတူဝိုင်းဖွဲ့စားသောက်တာ၊ စကားစမြည်ပြောတာတွေကို လုံးဝမလုပ်ဆောင်သင့်ပါဘူး။ ဒီလို ကိုဗစ် – ၁၉ ကာကွယ်ရေးနဲ့ဆိုင်တဲ့ မူဝါဒတွေကို အတိအကျချမှတ်ထားရမှာဖြစ်ပြီး ပညာပေးတာ၊ သင်တန်းပေးတာတွေကိုလည်း လုပ်ဆောင်ထားရမှာ ဖြစ်ပါတယ်။

**ကိုဗစ် – ၁၉ ကာကွယ်ရေးနဲ့ပတ်သက်ပြီး အစစအရာရာမှာ သတိရှိနေရမှာဖြစ်ပါတယ်။ နေမကောင်းဘူး၊ ရောဂါလက္ခဏာတွေခံစားနေရပြီဆိုရင် မိမိတစ်ဦးတည်း သီးသန့်ခွဲနေဖို့လိုအပ်ပါတယ်။ သက်ဆိုင်ရာ လုပ်ငန်းခွင်အကြီးအကဲကို အကြောင်းကြားရမှာဖြစ်ပြီး တာဝန်ကျေချင်ဇောနဲ့ နေမကောင်းဖြစ်နေတာကို လုပ်ငန်းခွင်ကို လာစရာမလိုပါဘူး။ မိမိတင်မကဘူး အခြားသူတွေကို မကူးစက်ဖို့ အားလုံးမှာ တာဝန်ရှိပါတယ်။**

ဒီလိုအန္တရာယ်ရှိတဲ့အဆင့်ကို သိပြီဆိုရင် ဘယ်လိုအန္တရာယ်နည်းအောင် လုပ်ကိုင်ဆောင်ရွက်ပေးရတယ်ဆိုတာကို သိဖို့လိုပါတယ်။ အန္တရာယ်နည်းတဲ့လုပ်ငန်းခွင်က လူတွေက ပြဿနာမရှိပေမယ့် အများစုသောဝန်ထမ်းတွေ တာဝန်ထမ်းဆောင်နေတဲ့ အသင့်အတင့် အန္တရာယ်ရှိတဲ့ လုပ်ငန်းခွင်က လူတွေက ဂရုစိုက်ဖို့လိုပါတယ်။ *စာမျက်နှာ ၁၇ သို့*

# လဂွန်းပြင် ရေပေးဝေရေးစီမံကိန်း စံချိန်စံညွှန်းမီထုတ်လုပ်ပေးနိုင်ရေး ဖြည့်ဆည်းဆောင်ရွက်

**ရန်ကုန် စက်တင်ဘာ ၁၈**

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဒွေးသည် ယနေ့နံနက် ၇ နာရီတွင် ဒဂုံမြို့နယ် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ဝန်ထမ်းအိမ်ရာဝင်း၌ ရွေ့လျားဈေးကား (Mobile Market) စနစ်ဖြင့် မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှကြီးကြပ်၍ ကုန်စိမ်း၊ ကုန်ခြောက်မျိုးစုံ၊ အသားမျိုးစုံနှင့် ငါး/ပုစွန် အမျိုးမျိုးတို့ ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူနိုင်ရန်နှင့် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်နိုင်ရေးအတွက် ဈေးသို့ သွားရောက်ရန်မလိုဘဲ နေအိမ်အနီး အလွယ်တကူ ဝယ်ယူနိုင်ရန် ရောင်းချပေးနေမှုနှင့် ဒဂုံမြို့နယ် သန့်ရှင်းသာယာသပ်ရပ်စေရေးအတွက် အဆိုပါရုံးဝင်းအတွင်း ခရိုင်နှင့် မြို့နယ်စည်ပင်သာယာ ဝန်ထမ်းများဖြင့် မြက်ချုံနွယ်များ ရှင်းလင်းနေမှု၊ သစ်ပင်ကြီးများ ဝိတ်လျှော့ခုတ်ထွင်ရှင်းလင်းပုံသွင်းနေမှု၊ သစ်ပင်အောက်ခြေများ ရှင်းလင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် လသာမြို့နယ် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် (၉၂)ရပ်ကွက် ပဲခူးမြစ်လမ်းနှင့် ကျွန်းရွှေဝါလမ်းထောင့် ယုဇနဥယျာဉ်မြို့တော်အိမ်ရာ၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)မှ မြို့နယ်ခန်းမတည်ဆောက်နေမှုနှင့် အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား) မှ မြို့နယ်ခန်းမအဝင်တံတား တည်ဆောက်နေမှုတို့ကိုလည်းကောင်း၊ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား) မှ ဆောင်ရွက်နေသော ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် ပဲခူးမြစ်လမ်း (ကျားကြီးရေတံခါးနှင့် ဘုရင့်နောင်လမ်းအကြား) ကွန်ကရစ်ခင်းခြင်း ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် အမှတ်(၂) လမ်းနှင့် မြို့ပတ်လမ်းထောင့် မစိုးချောင်းဘေးတွင် အင်ဂျင်နီယာဌာန (ရေပေးဝေရေးနှင့် သန့်ရှင်းမှု) မှ ဆောင်ရွက်လျက်ရှိသည့် လဂွန်းပြင် ရေပေးဝေရေးစီမံကိန်း လုပ်ငန်းခွင်၌ အကြိုအနည်ထိုင်ကန်၊ အနိမ့်ရေတင်စက်ရုံ၊ ရေဖြန့်ခွဲအဆောက်အအုံ၊ အနည်ထိုင်ကန်၊ ရေစုကန်၊ သဲရေစစ်ကန်၊ ရေသန့်စင်စက်ရုံများကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး စက်များကြံ့ခိုင်ကောင်းမွန်ရေးနှင့် စံချိန်စံညွှန်းမီထုတ်လုပ်ပေးနိုင်ရေး မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# နယ်စပ်ရေးရာဝန်ကြီးဌာနမှ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများအတွင်းရှိ ဘုန်းတော်ကြီးကျောင်းများအား ဆွမ်းဆန်တော်၊ ဆီနှင့် ပဲများ လှူဒါန်း

**ဟိုပန် စက်တင်ဘာ ၁၈**

နယ်စပ်ရေးရာဝန်ကြီးဌာနမှ မြန်မာနိုင်ငံတစ်ဝန်း ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါကာလအတွင်း တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ဝါဆိုတော်မူကြသော ရဟန်းသံဃာတော်များနှင့် သီလရှင်ဆရာလေးများအား ဆွမ်းအခက်အခဲမရှိစေရေးအတွက် ဆွမ်းဆန်တော်၊ ဆီနှင့် ပဲများ လှူဒါန်းပေးလျက်ရှိရာ ယနေ့ နံနက် ၁၀ နာရီက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများဖြစ်သည့် "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့နယ်အတွင်းရှိ မြသိန်းတန်ဘုန်းတော်ကြီးကျောင်းတိုက်နှင့် သီရိရတနာသီလရှင်စာသင်တိုက်၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ဒေသ မန်တုံမြို့နယ်အတွင်းရှိ အောင်ချမ်းသာ (မန်တောက်)ဘုန်းတော်ကြီးကျောင်းနှင့် ဇေယျာသုခ (ဟိုနား) ဘုန်းတော်ကြီးကျောင်းတို့ကို ဆွမ်းဆန်တော် ၅၅ အိတ်၊ ဆီ ၁၇၂ ပိဿာနှင့် ပဲ ၃၃၄ ပိဿာတို့ကို နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဆက်ကပ်လှူဒါန်းသည်။

ကိုဗစ်-၁၉ ရောဂါကာလအတွင်း တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ ဝါဆိုတော်မူကြသော ရဟန်းသံဃာနှင့် သီလရှင်ဆရာလေးများအား ဆွမ်းကွမ်းအခက်အခဲမရှိစေရေးအတွက် နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆွမ်းဆန်တော် ၁၂၇၆ အိတ်၊ ဆီ ၁၉၁၇ ပိဿာနှင့် ကုလားပဲ ၃၈၄၅ ပိဿာတို့ကို ဆက်ကပ်လှူဒါန်းနိုင်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

*စာမျက်နှာ ၁၆ မှ*

အသင့်အတင့်အန္တရာယ်ရှိတဲ့ လုပ်ငန်းခွင်က တစ်နေ့ကို နှစ်ကြိမ် သန့်ရှင်းရေးလုပ်ပေးရမှာ ဖြစ်ပါတယ်။ ညစ်ပေမှုများတဲ့နေရာတွေကို ရေနဲ့ဆပ်ပြာသုံးပြီး သန့်ရှင်းရေးလုပ်ရမယ်။ အထူးသဖြင့် အများသုံးတဲ့ပစ္စည်းတွေဖြစ်တဲ့ ရေချိုးခန်း၊ အိမ်သာတွေကို တစ်နေ့ကို နှစ်ကြိမ် သန့်ရှင်းရေးလုပ်ရမှာဖြစ်ပြီး လိုအပ်တဲ့နေရာတွေကို ပိုးသန့်စင်ဆေးရည်နဲ့ သန့်ရှင်းရမှာဖြစ်ပါတယ်။ တတ်နိုင်သမျှ တစ်ယောက်နဲ့တစ်ယောက် ခပ်ခွာခွာနေနိုင်အောင်၊ လုပ်ငန်းခွင်မှာ အချိန်မထပ်အောင် စီမံပေးရမှာ ဖြစ်ပါတယ်။ ပြင်ပလေရအောင်၊ နေရောင်ခြည်ရအောင် တံခါးတွေ ဖွင့်ထားဖို့လိုပါတယ်။ နေရာတိုင်းမှာ လက်ကို အလွယ်တကူဆေးနိုင်အောင် ရေနဲ့ဆပ်ပြာ ထားရှိခြင်း၊ အချို့နေရာတွေမှာ ရေမလိုလက်သန့်စင်ဆေးရည်ကို ထားရှိစီစဉ်ထားသင့်ပါတယ်။ လုပ်ငန်းခွင်အပေါ်မူတည်ပြီး လိုအပ်ရင် ခေါင်းဆောင်း၊ Face Shield ၊ Mask တွေကို သေသေချာချာတပ်ဆင်ဖို့ လိုပါတယ်။ စီစဉ်ထားရှိပေးဖို့လည်း လိုပါတယ်။

အလွန်အန္တရာယ်များတဲ့ လုပ်ငန်းခွင်က လူတွေက အထူးသတိထားပြီး ကိုဗစ် -၁၉ စည်းကမ်းတွေကို လိုက်နာရမှာ ဖြစ်ပါတယ်။ ခုနပြောခဲ့တဲ့အချက်တွေအပြင် လိုအပ်ရင် လက်အိတ်တွေ ၊ မျက်လုံးကို ကာကွယ်ဖို့ Eye Protector တွေ၊ ခန္ဓာကိုယ်ကို ရောဂါပိုးအန္တရာယ်မှကာကွယ်ဖို့ လိုအပ်တဲ့ရင်ဖုံးအကာအကွယ်တွေ၊ လည်ရှည်ဖိနပ်တွေ ဝတ်ဆင်ဖို့ လိုပါတယ်။ ဒီလိုဝတ်ဆင်တတ်အောင်၊ ချွတ်တတ်အောင်၊ အသုံးပြုပြီးရင်လည်း အန္တရာယ်ကင်းစွာ စွန့်ပစ်တတ်အောင် လေ့ကျင့်ပေးထားရမှာဖြစ်ပြီး စနစ်တကျသုံးစွဲမှု ရှိ/မရှိကိုလည်း ကြီးကြပ်ရမှာ ဖြစ်ပါတယ်။ ဒီလို အလွန်အန္တရာယ်များတဲ့ လုပ်ငန်းခွင်မှာ နောက်ခံရောဂါရှိနေသူတွေ၊ ကိုယ်ဝန်ဆောင်တွေ၊ အသက် ၆၀ အထက်တွေကို တာဝန်မပေးဖို့ WHO က ပြောကြားထားပါတယ်။

**မေး ။ ။ လုပ်ငန်းခွင်မှာ အန္တရာယ်ကင်းရှင်းဖို့ ဘယ်လို လုပ်ဆောင်သွားရပါမလဲ။**

**ဖြေ ။** ။ လုပ်ငန်းခွင်မှာ အန္တရာယ်ကင်းရှင်းစွာ လုပ်ဆောင်နိုင်ဖို့ နိုင်ငံတိုင်းက ဆောင်ရွက်လျက်ရှိပါတယ်။ ဥပမာ အိန္ဒိယနိုင်ငံက ရောဂါဖြစ်ပွားမှုများသလို သေဆုံးမှုတွေလည်း များတဲ့နိုင်ငံတစ်ခု ဖြစ်ပါတယ်။ သူတို့လည်း ရုံးတွေပိတ်ရတယ်၊ Stay Home တွေ လုပ်ရတယ်၊ Lockdown တွေ လုပ်ရပါတယ်။ ရုံးတွေပြန်ဖွင့်တဲ့အခါ လိုက်နာရမယ့်အချက်တွေနဲ့ပတ်သက်ပြီး အိန္ဒိယနိုင်ငံရဲ့ သတင်းဌာနတစ်ခုဖြစ်တဲ့ News 18 Life Style ဝက်ဘ်ဆိုက်မှာ ဇွန်လ ၃၀ ရက်က ဖော်ပြထားတဲ့ ရုံးလုပ်ငန်းခွင်တိုင်းက လိုက်နာရမယ့် ကာကွယ်ရေးအချက် ၁၀ ချက် ဆိုပြီးရှိပါတယ်။ ဒါကို ဝေမျှချင်ပါတယ်။

လုပ်ငန်းခွင်အများစုက အရာရာကို မျှဝေသုံးစွဲရပါတယ်။ တစ်ယောက်နဲ့တစ်ယောက် နီးနီးကပ်ကပ် ထိုင်ရတာတွေရှိပါတယ်။ အိမ်သာတွေ၊ ရေချိုးခန်းတွေကလည်း တွဲပြီးသုံးရတာတွေ ရှိပါတယ်။ ဒါကြောင့် ရောဂါကူးစက်နိုင်ခြေတွေ ရှိပါတယ်။ နံပါတ် (၁) ရောဂါလက္ခဏာမရှိသူများသာ ရုံးတက်ရန် ဖြစ်ပါတယ်။ ဖျားနေရင် ရုံးမလာရဘူးဆိုတာ အသိပေးထားမယ်။ ရုံးတွေမှာ အဖျားတိုင်းတာတာတွေ လုပ်သင့်ပါတယ်။ အသက်ကြီးသူ၊ ကိုယ်ဝန်ဆောင်နဲ့ နောက်ခံရောဂါရှိသူတွေကို အများနဲ့ထိတွေ့တဲ့နေရာမှာ တာဝန်မပေးသင့်ပါဘူး။ အထူးဂရုစိုက်ရမှာ ဖြစ်ပါတယ်။

နံပါတ် (၂) ရောဂါပိုးကင်းစင်အောင် ပိုးသန့်စင်ခြင်းကို ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ရုံးတွေရဲ့အဝင်မှာ ရေနဲ့ဆပ်ပြာသုံးပြီး လက်ဆေးဖို့ ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ ကားတွေ၊ ဖယ်ရီတွေ၊ လုပ်ငန်းအပေါ်မူတည်ပြီး အသုံးအဆောင်ပစ္စည်းတွေ၊ အိမ်သာ၊ ရေချိုးခန်းတွေ၊ တံခါးလက်ကိုင်တွေ၊ ဓာတ်လှေကားနံရံတွေ၊ ခလုတ်တွေကိုလည်း သန့်ရှင်းရေးလုပ်ရမှာ ဖြစ်ပါတယ်။ ရုံးကားမောင်းသူ၊ ဖယ်ရီမောင်းသူတွေအနေနဲ့ မိမိကိုယ်တိုင် အန္တရာယ်ကင်းဖို့၊ မိမိရဲ့ကားကိုစီးသူတွေ အန္တရာယ်ကင်းဖို့ အထူးပဲဂရုစိုက်ရမှာ ဖြစ်ပါတယ်။ မောင်းသူနဲ့ ဖယ်ရီစီးသူတွေ အနည်းဆုံး သုံးပေနဲ့ ခြောက်ပေခြားရမှာ ဖြစ်ပါတယ်။ ကားကိုလည်း ဆိုဒီယမ်ဟိုက်ပိုကလိုရိုက် ၁ ရာခိုင်နှုန်းပါဝင်တဲ့ အရည်၊ ဖျန်းဆေးနဲ့ သန့်ရှင်းရေးလုပ်ရမှာ ဖြစ်ပါတယ်။

နံပါတ် (၃) သီးခြားဇုန်တစ်ခုထားဖို့ လိုတယ်လို့ ပြောပါတယ်။ အသက်ကြီးသူတွေ၊ ကိုယ်ဝန်ဆောင်သည်တွေနဲ့ နောက်ခံရောဂါရှိသူတွေကို အများနဲ့ မထိတွေ့ရတဲ့ နေရာတွေ၊ သီးခြားဇုန်တွေမှာ ထားဖို့ လိုပါတယ်။ နံပါတ် (၄) ပါးစပ်၊ နှာခေါင်းစည်း တပ်တယ်။ လိုအပ်ရင် မျက်လုံးကို ကာကွယ်နိုင်ဖို့ Face Shield တပ်ဖို့ လိုအပ်ပါတယ်။ သူတို့ရဲ့ လိုအပ်ချက်အပေါ်မူတည်ပြီး လုပ်ငန်းခွင်ကလည်း ဖြည့်ဆည်းပေးဖို့ လိုပါတယ်။ ချောင်းဆိုး၊ နှာချေရင် လက်ကိုင်ပုဝါ၊ တစ်ရှူးအသုံးပြုဖို့၊ အလွယ်တကူ မရနိုင်ရင် မိမိလက်မောင်း တံတောင်ကွေးနဲ့ ကွယ်ပြီး အုပ်ပြီးဆိုးဖို့ လိုပါတယ်။ နံပါတ် (၅) လက်သန့်ရှင်းဖို့ လိုပါတယ်။ ရေမလိုလက်သန့်စင်ဆေးရည်တွေကို အလွယ်တကူထားပေးဖို့ လိုပါတယ်။ မိမိကိုယ်ပိုင်လည်း ယူဆောင်သွားဖို့ လိုပါတယ်။ ဖြစ်နိုင်ရင် ရေနဲ့ဆပ်ပြာသုံးပြီး သန့်ရှင်းဖို့ လိုပါတယ်။

နံပါတ်(၆) တစ်ယောက်နဲ့တစ်ယောက် ဝေးဝေးနေဖို့ လိုပါတယ်။ တစ်ယောက်နဲ့တစ်ယောက် အနည်းဆုံး သုံးပေနဲ့ ခြောက်ပေ၊ ဖြစ်နိုင်ရင် ခြောက်ပေခြားနိုင်ရင် ပိုကောင်းပါတယ်။ ဖြစ်နိုင်ရင် ကွန်ဖရင့်လို လူများများနဲ့ အစည်းအဝေးလုပ်ရတာကို လူကိုယ်တိုင်နဲ့ တက်ရောက်တာမျိုးမဟုတ်ဘဲ အွန်လိုင်းက လုပ်ဆောင်ဖို့ လိုပါတယ်။ မဖြစ်မနေ လုပ်ဆောင်ရရင် လူအနည်းဆုံးနဲ့ အချိန်တိုတိုနဲ့ ပြီးအောင် လုပ်ဆောင်ဖို့ လိုပါတယ်။

နံပါတ် (၇) တစ်ယောက်နဲ့တစ်ယောက် ခပ်ခွာခွာဖြစ်နေဖို့ လုပ်ငန်းခွင်အချိန်ဇယားကို တစ်ထပ်တည်းမကျအောင် ဆွဲဖို့လိုပါတယ်။ Break Time နားချိန်ပေးဖို့လိုပါတယ်။ လုပ်ငန်းခွင်ရဲ့ ရည်မှန်းချက်ကို ပြည့်မီအောင်လုပ်ဆောင်ရင်းနဲ့ အခြားတစ်ဖက်ကလည်း ရောဂါကင်းဝေးစေရေးအတွက် အစီအမံများကိုလည်း ချမှတ်လုပ်ဆောင်ရမှာ ဖြစ်ပါတယ်။ နံပါတ် (၈) တစ်ကိုယ်ရေသန့်ရှင်းရေးကိုလည်း အားပေးရမှာ ဖြစ်ပါတယ်။ တစ်ကိုယ်ရေသန့်ရှင်းရေးအပြင် ကိုဗစ် -၁၉ ကာကွယ်ရေးအတွက် လိုက်နာရမယ့်စည်းကမ်းတွေကို အသိပေး၊ သတိပေးပိုစတာတွေကို ထားရှိရမှာဖြစ်သလို ဆုပေးတာ၊ ချီးကျူးစကားပြောတာတွေနဲ့ လိုက်နာဆောင်ရွက်မှု အားကောင်းအောင် လုပ်ဆောင်ရမှာ ဖြစ်ပါတယ်။

နံပါတ် (၉) လုပ်ငန်းခွင်က တစ်စုံတစ်ယောက် ဖျားနာနေတယ်၊ သံသယလက္ခဏာရှိတယ်ဆိုရင် အပြစ်တင်တာမျိုးမလုပ်ဘဲ သက်ဆိုင်ရာကို သတင်းပေးပို့ရမှာ ဖြစ်ပါတယ်။ မိမိမှာ သံသယလက္ခဏာရှိတယ်၊ ပိုးတွေ့သူနဲ့ ထိတွေ့မှုရှိတယ်ဆိုရင် အထက်ဌာနကို ချက်ချင်းသတင်းပို့ပြီး သီးခြားခွဲနေရမယ်။ လိုအပ်တဲ့ စစ်ဆေးမှုတွေလုပ်ဆောင်ပြီး လိုအပ်ရင် ကုသမှုတွေ ခံယူရမှာ ဖြစ်ပါတယ်။ လုပ်ငန်းခွင်မှာ ဖျားနာနေတဲ့ လုပ်ဖော်ကိုင်ဖက်တွေကို အပြစ်တင်တာမျိုး မလုပ်ဘဲ ခွင့်ပေးသင့်ပါတယ်။ ဖေးမကူညီရမှာ ဖြစ်ပါတယ်။ နံပါတ် (၁၀) မိမိ လုပ်ငန်းခွင်မှာ ပိုးတွေ့သူ တစ်ယောက်၊ နှစ်ယောက်ရှိရင် သူအလုပ်လုပ်ခဲ့တဲ့နေရာကို ၄၈ နာရီ အသုံးမပြုဘဲ ပိုးသန့်စင်ရမှာ ဖြစ်ပါတယ်။ ပိုးတွေ့သူ များလာရင် ဒီဌာနကို ၄၈ နာရီပိတ်ပြီး ပိုးသန့်စင်ရမှာ ဖြစ်ပါတယ်။

အချုပ်အားဖြင့်ပြောရရင် မိမိရဲ့အလုပ်ကို ချစ်မြတ်နိုးရမှာ ဖြစ်ပါတယ်။ အလုပ်ကို ချစ်မြတ်နိုးမှ မိမိနိုင်ငံကို ချစ်တယ်လို့ပြောနိုင်မှာ ဖြစ်ပါတယ်။ နိုင်ငံတိုင်းက ကိုယ့်ရဲ့ စီးပွားရေး၊ အုပ်ချုပ်ရေး၊ နိုင်ငံရေး၊ ပညာရေး စသဖြင့် ဘက်ပေါင်းစုံက ပြန်ပြီး နာလန်ထူအောင် လုပ်ဆောင်ရမှာဖြစ်တဲ့အတွက် လုပ်ငန်းခွင်ကို ပြန်လည်ဝင်ရောက်တဲ့အခါ ကိုဗစ်-၁၉ ရောဂါကင်းဝေးအောင် စည်းကမ်းချက်တွေကို လိုက်နာရင်း တစ်ဖက်ကလည်း မိမိရဲ့ ကာယ၊ ဉာဏအားတွေကို အပြည့်ထည့်ပြီး စွမ်းအားပြည့်လုပ်ဆောင်ပေးကြဖို့ မေတ္တာရပ်ခံလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

# ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများ၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်



**နေပြည်တော် စက်တင်ဘာ ၁၈**
မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများတွင် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေး စစ်ဆေးပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့လှူဒါန်းပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ သီရိမင်္ဂလာ မန်ဆူရှမ်းကျောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့ရှိ ခတ်စွမ်းဟုန် ဘုန်းတော်ကြီးကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးသဗ္ဗညုကျောင်း၊ မဟာမြတ်မုနိကျောင်းတိုက်၊ မြို့မကျောင်းတိုက်နှင့် မြို့ဦးကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်တောင်ပိုင်းရပ်ကွက်ရှိ သာသနာ့နိယာမပရိယတ္တိစာသင်တိုက်၊ နွယ်ခွေကျေးရွာရှိ ရွှေကျီးပင်စာသင်တိုက်၊ လှည်းကူးမြို့နယ် ရဲမွန်ကျေးရွာရှိ ဇေတဝန်ကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့ ရွှေပြည်အေးကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် အိုးဘိုပရဟိတ ဘုန်းတော်ကြီးကျောင်းတို့ရှိ ဆရာတော်၊ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၈**
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ် ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ဆိပ်ကမ်းများနှင့် မူဆယ်၊ ချင်းရွှေဟော်၊ ကန်ပိုက်တီး၊ မြဝတီနှင့် တာချီလိတ် စခန်းငါးခုတို့မှ တင်သွင်းရာ၌ ကုမ္ပဏီ ၁၀ ခုမှ ယာဉ်စီးရေ ၁၆ စီးဖြင့် အောက်ဆီဂျင်(အရည်) Bowser ယာဉ်သုံးစီးဖြင့် ၅၆ တန်၊ အောက်ဆီဂျင်(အိုးခွံ) ၄၆၃၀၊ Oxygen Plant ရှစ်ခု၊ အိမ်သုံး Oxygen Concentrator ၁၀ ခု၊ PPE ဝတ်စုံ ၅၀၀ နှင့် နှာခေါင်းစည်း (Mask) ၁၁ တန် တင်သွင်းခဲ့သည်။ အောက်ဆီဂျင်(အရည်) Bowser ယာဉ်သုံးစီးမှာ ရန်ကုန်မြို့သို့ တစ်စီး၊ မန္တလေးမြို့သို့ နှစ်စီးဖြစ်ပြီး Oxygen Plant ရှစ်ခုမှာ ရန်ကုန်မြို့သို့ နှစ်ခု၊ ပခုက္ကူမြို့သို့ နှစ်ခု၊ မုံရွာမြို့၊ မြိုင်မြို့၊ ဂန့်ဂေါမြို့နှင့် ထန်ထလန်မြို့များသို့ တစ်ခုစီဖြစ်ကြောင်း သိရှိရသည်။



စက်တင်ဘာ ၁ ရက်မှ ၁၈ ရက်အတွင်း ကုမ္ပဏီ ၂၀၄ ခုမှ ယာဉ်စီးရေ ၃၈၀ ဖြင့် အောက်ဆီဂျင်(အရည်) Bowser ယာဉ်ဖြင့် ၅၈၆ တန်၊ အောက်ဆီဂျင်အရည် (အိုးဖြင့်) ၁၂၆ တန်၊ အောက်ဆီဂျင်ခတ်ငွေ့ (Bowser) ယာဉ်ဖြင့် တန် ၂၀၊ Storage Container လေးခု၊ အောက်ဆီဂျင် (အရည်) Distributor တစ်ခု၊ အောက်ဆီဂျင် (အိုးခွံ) ၇၄၀၀၀၊ Oxygen Plant ၁၅၃ ခု၊ ဆေးရုံသုံး အောက်ဆီဂျင်ဖြည့်စက် နှစ်ခု၊ Oxygen Generator ၁၈ ခု၊ အိမ်သုံး အောက်ဆီဂျင်စက် (Oxygen Concentrator) ၁၁၃၂၈ခု၊ Test Kit ခုရေ ၇၀၀၀၀၊ PPE အစုံရေ ၁၀ သိန်း၊ လက်အိတ် ၈၁ တန်နှင့် နှာခေါင်းစည်း (Mask) တန် ၂၂၇၀ တင်သွင်းခွင့်ပြုခဲ့ပြီးဖြစ်သည်။




စက်တင်ဘာ ၁ ရက်မှ ၁၈ ရက်အတွင်း ပြည်ပမှတင်သွင်းလာသည့် အောက်ဆီဂျင် (အရည်) Bowser ယာဉ် စုစုပေါင်း ၂၉ စီးမှာ ရန်ကုန်မြို့သို့အစီး ၂၀၊ မန္တလေးမြို့သို့ လေးစီး၊ မော်လမြိုင်မြို့သို့ နှစ်စီး၊ ပဲခူးမြို့၊ မုံရွာမြို့နှင့် ပြည်မြို့များသို့ တစ်စီးစီဖြစ်ပြီး Oxygen Plant စုစုပေါင်း ၁၅၃ ခုမှာ ရန်ကုန်မြို့သို့ ၁၀၈ ခု၊ မန္တလေးမြို့သို့ ၁၂ ခု၊ ပခုက္ကူမြို့သို့ သုံးခု၊ ချောက်မြို့သို့ သုံးခု၊ လားရှိုးမြို့သို့ နှစ်ခု၊ မင်းဘူးမြို့သို့ နှစ်ခု၊ မအူပင်မြို့သို့ နှစ်ခု၊ မော်လမြိုင်၊ မုံရွာ၊ မြစ်ကြီးနား၊ မိုးကောင်း၊ မြင်းမူ၊ မုဒုံ၊ပြည်၊ မိတ္ထီလာ၊ မြောင်းမြ၊ ဝိုင်းမော်၊ တာချီလိတ်၊ မိုးညှင်း၊ ကံကြီးထောင့်၊ ဖားကန့်၊ အောင်လံ၊ ကဝ၊ စဥ့်ကူး၊ မြိုင်၊ ဂန့်ဂေါ၊ ထန်တလန်နှင့် တန့်ယန်းမြို့များသို့ တစ်ခုစီဖြစ်ကြောင်း သိရှိရသည်။

ကိုဗစ်-၁၉ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိပါကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရှိရသည်။

**သတင်းစဉ်**

## ကာတွန်းဆရာကြီး ဦးဘဂျမ်း၏ ခေတ်အမြင် ကာတွန်း



## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၉-၉-၂၀၂၁ တနင်္ဂနွေနေ့

**MRTV HD**

**၀၆:၀၀** မေတ္တာသုတ်၊ ရတနသုတ်၊ ဓမ္မစကြာသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** ခမ်းနားထည်ဝါ အင်းသားတို့ရဲ့ရှေးလက်ရာ
**၀၉:၁၀** တရုတ်ကာတွန်း **'မိုးကောင်းကြီး ဥယျာဉ်စွန့်စားခန်း'** (အပိုင်း-၃၂)
**၀၉:၃၅** MRTV Travelogue
**၁၀:၂၀** **'ဝဿန်မိုးရာသီ'** တေးသီချင်းများ ဖျော်ဖြေပွဲထုတ်လွှင့်မှုအစီအစဉ်
**၁၁:၃၀** အသိပညာနှင့်အမှန်တရား **'ကျန်စစ်သားမင်းကြီး၏ ငေါင်းဆောင်မှုအရည်အသွေး'**
**၁၁:၄၅** ဖြူစင်စိတ်ထား အဖြူရောင်မေတ္တာတရား
**၁၁:၅၅** MRTV National News
**၁၃:၄၀** မြန်မာဂန္တဝင်ရုပ်ရှင် **'ရုပ်ရှင်ရှုံးမလေး'** (စိန်မြင့်၊ အောင်လွင်၊ ခင်သန်းနု)
**၁၆:၃၅** ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေးဆိုင်ရာဆောင်ရွက်ချက် များအကြောင်းသိကောင်းစရာ
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၁၅** သုတဝေဖြာသိရှိဖွယ်ရာ
**၁၉:၂၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'အမှန်တရားရဲ့ရှုမြင်ချက်'** (အပိုင်း-၂၄)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** ဘဝနှင့်အနုပညာ
**၂၁:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'နှလုံးသားခေါင်းဆောင်ရာ'** (အပိုင်း-၇၀)

**mitv**

**07:01** News
**07:27** Gold: King Of All Metals
**08:01** Dances of Myanmar: Mon Traditional Shwe Hintha Dance
**08:07** The Art of Making Paper Toys
**08:11** Today Myanmar: Preparedness for Natural Disasters in Myanmar (Part-2)
**08:26** Pyin Oo Lwin Sweater
**08:34** Discovering Tribes: Kanan their life and customs (Part-II)
**09:01** History And Mystery Behind The Caves
**09:26** Maha Myatmuni Buddha Image In Rakhine
**09:39** Chef Life: Shaul Ben-Aderet (Israel)
**10:16** Myanmar Master Class "Still Life" (Fruit)
**11:17** Myanmar's Traditions and Culture "Myanmar Pottery"
**11:41** Kabyar Wa Beach

**MRTV NRC**

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
ကယန်းတိုင်းရင်းသားတို့စံပျော်ရာပန်ပက်ရွာ
**ဝကောကရင် (၀၈:၀၀ မှ ၀၉:၀၀)**
သင်ယူလေ့လာတို့ရဲ့စာ(အပိုင်း-၁၀)
**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
ထီလာပုဂံ
**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၁၁)
**ချင်း (လိုင်ဇိုး) (၁၁:၀၀ မှ ၁၂:၀၀)**
ကြက်ဥနှင့်ကျန်းမာရေး
**ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)**
ချင်း(ချိုး)သီချင်းကြီး(အပိုင်း-၂)
**မွန် (၁၃:၀၀ မှ ၁၅:၀၀)**
ဒူးရင်းသီးနှင့်ကျန်းမာရေးအကျိုးကျေးဇူး
**ရခိုင် (၁၅:၀၀ မှ ၁၈:၀၀)**
လခြမ်းမြေမှရှိုးရာအလှ(အပိုင်း-၂)
**ရှမ်း (၁၈:၀၀ မှ ၁၉:၀၀)**
ငှက်ပျောဖူးဟင်းထုပ်ပြုလုပ်နည်း
**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
မုန့်ဖက်ထောင်းစားကြရအောင်
**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
အဖိုးတန်မြေမှကျွန်းစိုက်ခင်း

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ကြေညာချက် သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း(အပိုင်း-၇)
**၁၁:၀၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'ငပ္ပငွေးချယ်မှု'**
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၇)

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** မြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

MRTV Farmers' Channel ကို နေ့စဉ် နံနက် (၆:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေ မှအပ နံနက် (၁၀:၀၀)နာရီမှ ညနေ(၆:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။
SCAN ME
www.mrtv.gov.mm twitter.com/mrtvwebportal t.me/mrtvnews

# ဈေးနှုန်းသက်သာစွာဖြင့် ဆန်ရောင်းချမှုအစီအစဉ် ရန်ကုန်တိုင်းအတွင်း စတင်လုပ်ဆောင်နေ




**ရန်ကုန် စက်တင်ဘာ ၁၈**

ရန်ကုန်တိုင်းအတွင်းရှိ စားသုံးသူပြည်သူများအတွက် ဈေးနှုန်းသက်သာစွာဖြင့် ဆန်ရောင်းချမှုအစီအစဉ်ကို စက်တင်ဘာ ၁၄ ရက်မှစတင်ပြီး ဆောင်ရွက်ပေးလျက်ရှိကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ သိရသည်။

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း Myanmar Rice နှင့် ဆန်စပါးကုန်စည်ဒိုင် (ဝါးတန်း) တို့၏ ပူးပေါင်းညှိနှိုင်းစီစဉ်မှုအရ ယခုကဲ့သို့ ဆောင်ရွက်ခြင်းဖြစ်ကြောင်း တာဝန်ရှိသူများထံမှ သိရသည်။

ဆန်ဝယ်ယူသူများ အနေဖြင့် မိမိတို့ ကြိုက်နှစ်သက်သည့် ဆန်အိတ်တစ်အိတ်မှ သုံးအိတ်အထိ ဝယ်ယူရရှိနိုင်ပြီး ဆန်အမျိုးအစားအလိုက် ဈေးနှုန်းများမှာ ၁၀၈ ပေါင် ဆန်တစ်အိတ်လျှင် ရွှေဘိုပေါ်ဆန်း ငွေကျပ် ၅၂၀၀၀၊ ရောဝတီပေါ်ဆန်း ငွေကျပ် ၄၂၀၀၀၊ ရောမင်း ၅ ရာခိုင်နှုန်း ငွေကျပ် ၄၂၀၀၀၊ ရက် ၉၀ ငွေကျပ် ၂၇၅၀၀၊ ဧည့်မထငွေကျပ် ၂၄၀၀၀ စသည်ဖြင့် ဈေးနှုန်းသက်သာစွာ ရောင်းချပေးလျက်ရှိသည်။

**လာရောက်ဝယ်ယူနိုင်**

အဆိုပါအစီအစဉ်အရ ဆန်များကို နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၃ နာရီအတွင်း ဝါးတန်း ကုန်စည်ဒိုင်တွင် လာရောက်ဝယ်ယူနိုင်ပါကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ သိရသည်။

**နန်းထက်ထက်ချစ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၁၈**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဇလ**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၈ - ၉ - ၂၀၂၁

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၈၅၅၀၀၀ |
| ရန်ကုန် ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၇၄၅၉၀၀ |
| မန္တလေး ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၈၅၅၀၀၀ |
| မန္တလေး ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၇၄၅၉၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၁၆၀/၁၁၇၀ ကျပ် | ၁၁၉၀/၁၂၂၀ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၁၆၅/၁၁၈၀ ကျပ် | ၁၂၀၅/၁၂၃၅ကျပ် |
| အောက်တိန်း ၉၂ | ၁၁၆၅/၁၁၇၅ ကျပ် | ၁၂၂၀/၁၂၅၀ကျပ် |
| အောက်တိန်း ၉၅ | ၁၁၉၀ /၁၂၁၅ ကျပ် | ၁၃၀၀/၁၃၂၅ကျပ် |

(၃၆၀ ဒီဂရီ စက်သုံးဆီအရောင်းဆိုင်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၇၅၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၆၁ . ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၀၀ . ၇ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၂ . ၆၃၉ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၉၁ . ၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၁၉ . ၄၆ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၁ . ၁၉ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၈၀၈ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၈၀၀ | ၈၉၀၀ | ၂၉၀ | ၂၅၆၂၀၀၀ |
| MTSH | ၃၁၀၀ | ၃၁၀၀ | ၆၃၅၂ | ၁၉၉၄၁၂၀၀ |
| MCB | ၇၈၀၀ | ၇၈၀၀ | ၁၂၂၀ | ၉၅၁၆၀၀၀ |
| FPB | ၁၉၅၀၀ | ၂၀၀၀၀ | ၁၂၀ | ၂၃၈၃၀၀၀ |
| TMH | ၂၇၅၀ | ၂၇၅၀ | ၁၀ | ၂၇၅၀၀ |
| EFR | ၃၀၀၀ | ၂၉၀၀ | ၂၁၉ | ၆၃၇၀၀၀ |
| AHP | ၅၀၀၀ | ၅၀၀၀ | ၂၅ | ၁၂၅၀၀၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

ဗုဒ္ဓ အဆုံးအမဖြင့် အောင်မြင်ခြင်း

# ဉာတကာနဉ္စသင်္ဂဟော

## ဆွေမျိုးတို့ကို ပေးကမ်းထောက်ပံ့ခြင်းသည် မင်္ဂလာမည်၏ ။

ကျော်ကျော်လှိုင်

**ဉာတကာနဉ္စသင်္ဂဟော– ဆွေမျိုးတို့ကို ပေးကမ်းထောက်ပံ့ခြင်းသည် မင်္ဂလာမည်၏ဟု ဗုဒ္ဓဘုရားရှင်က ၃၈ ဖြာ မင်္ဂလာတရားတော်တွင် ဟောခဲ့ပါသည်။ ဆွေမျိုးဟုဆိုလျှင် လူအများစုသည် မိမိနှင့် အမျိုးတော်စပ်သူကိုသာ တွေးမိကြပါသည်။ မြန်မာစကားတွင် "ခင်ရာ ဆွေမျိုး မြိန်ရာဟင်းကောင်း" ဆိုသည့် စကားရှိပါသည်။ စားကောင်းသည့်အခါ ဟင်းကောင်းဖြစ်သလို၊ ခင်မင်မှုရှိမှသာ ဆွေမျိုးဟု အဓိပ္ပာယ်ရပါသည်။ "ရပ်ဆွေရပ်မျိုး" ဆိုသည့် မြန်မာစကားလည်း ရှိပါသည်။ မိမိနေသည့်အရပ်၊ မိမိနေခဲ့ဖူးသော အရပ်ဒေသများမှ ခင်မင်ရင်းနှီးသူများသည် ဆွေမျိုးပင် ဖြစ်ပါသည်။ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားညီအစ်ကိုမောင်နှမများသည်လည်း ဆွေမျိုးများ ဖြစ်ပါသည်။ ရှင်းပြခဲ့သောဆွေမျိုး အမျိုးအစားများကိုလည်း ပေးကမ်းထောက်ပံ့ခြင်းပြုရန် မင်္ဂလာတရားတော်က လမ်းညွှန်ပါသည်။**

ဆွေမျိုးများကို သင်္ဂဟတရားနှင့် အညီ ကျင့်ကြံခြင်းသည်လည်း ပေးကမ်းထောက်ပံ့ခြင်း မည်ပါသည်။

**သင်္ဂဟတရားလေးပါး ဆိုသည်မှာ**

၁။ ဒါန – ပေးကမ်းစွန့်ကြဲခြင်း။

၂။ ပေယျဝဇ္ဇ – ချစ်ဖွယ်သော စကားကိုဆိုခြင်း၊ တန်ဖိုးထား၍ ဆက်ဆံခြင်း။

၃။ အတ္ထစရိယ– ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးတို့တွင် အကျိုးဖြစ်ထွန်းအောင် ကူညီခြင်း။

၄။ သမာနတ္တတာ – မိမိနှင့် အတူပူးပေါင်း၍ စီးပွားဖြစ်ထွန်းအောင် ကူညီခြင်း။

**မှန်ကန်သော ပေးကမ်းထောက်ပံ့နည်း**

ပေးကမ်း ထောက်ပံ့သည့်အခါ ငွေကြေးအပြင် ငွေကြေးထက်တန်ဖိုးရှိသည့် အရာများလည်း ထောက်ပံ့သင့်ပါသည်။ မိမိဆွေမျိုးများ၏ အသိပညာများမြင့်မားလာစေရန်၊ အကျင့်စာရိတ္တများ ပိုကောင်းလာစေရန်၊ လူမှုဘဝများ ပိုမြင့်မားလာရန် ကူညီထောက်ပံ့ပေးရပါမည်။ ဆင်းရဲသည့် ဆွေမျိုးကို အသိပညာပေးခြင်း၊ အတတ်ပညာတစ်ခု တတ်အောင် သင်ပေးခြင်းသည် ငွေကြေးထောက်ပံ့ခြင်းထက် ရေရှည်တွင် တန်ဖိုးပိုရှိမည်ဖြစ်ပါသည်။ "ငါးတစ်ကောင်ပေးလျှင် ယနေ့အတွက်ပဲ စားစရာရမည်။ ငါးဖမ်းနည်းသင်ပေးလျှင် တစ်ဘဝလုံးအတွက် စားစရာရမည်" ဆိုသည့် အဆိုအရလည်း အသိပညာ၊ အတတ်ပညာ သင်ပေးခြင်းသည် တစ်ဘဝလုံး အဆင်ပြေရန် ကူညီခြင်း ဖြစ်ပါသည်။ အသိပညာတိုးတက်စေရန် စာအုပ်စာပေများ ပေးကမ်းထောက်ပံ့ခြင်း၊ စာဖတ်အောင် လေ့ကျင့်ပျိုးထောင်ပေးခြင်းသည်လည်း အကျင့်စာရိတ္တများ ကောင်းလာအောင် အထောက်အကူပြုပါသည်။

ကျွန်တော်တို့နိုင်ငံ၏ ပြည်သူအများစုသည် အသိပညာနည်းပါး၍ ဆင်းရဲကြပါသည်။ ဆင်းရဲ၍ ပညာမသင်နိုင်သည့်အခါ အသိပညာနည်းပြန်ပါသည်။ ဤသို့ဖြင့် ပြဿနာသည် ဘဲဥ အစရှာမရသကဲ့သို့ ဖြစ်ရပါသည်။ ယနေ့ သတင်းစာ၊ ဂျာနယ်များတွင် လုယက်မှု၊ လူသတ်မှု၊ ကလေးသူငယ်မုဒိမ်းမှုများ နေရာအနှံ့ ဖြစ်ပွားနေသည်ကို စိတ်မချမ်းမြေ့ဖွယ် တွေ့ရပါသည်။ ရန်ကုန်တွင်လည်း စကားများရာမှ ရိုက်နှက်မှုများ မကြာခဏ ဖြစ်ပွားသည်ကို မြင်တွေ့ကြားသိနေရပါသည်။ ဤအရာအားလုံး၏ ပြဿနာအရင်းအမြစ်သည် လူတော်တော်များများ အတန်းပညာနည်းသည့် လူများ တိုးပွားလာသည့်အတွက် ဖြစ်ပါသည်။ အတန်းပညာ နည်းလာသည့်အခါ အသိပညာလည်း နည်းလာပါသည်။

၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံတစ်နိုင်ငံလုံး သန်းခေါင်စာရင်း ကောက်ခဲ့ပါသည်။ သန်းခေါင်စာရင်းအရ လူဦးရေအများဆုံး အသက်အပိုင်းအခြားသည် ၁၀ နှစ်နှင့် ၁၄ နှစ်အတွင်းဖြစ်ပြီး

> ❖ **ပေးကမ်းထောက်ပံ့သည့်အခါ ငွေကြေးအပြင် ငွေကြေးထက်တန်ဖိုးရှိသည့် အရာများလည်း ထောက်ပံ့သင့်ပါသည်။ မိမိဆွေမျိုးများ၏ အသိပညာများမြင့်မားလာစေရန်၊ အကျင့်စာရိတ္တများ ပိုကောင်းလာစေရန်၊ လူမှုဘဝများပို မြင့်မားလာရန် ကူညီထောက်ပံ့ပေးရပါမည်။ ဆင်းရဲသည့် ဆွေမျိုးကို အသိပညာပေးခြင်း၊ အတတ်ပညာတစ်ခု တတ်အောင်သင်ပေးခြင်းသည် ငွေကြေး ထောက်ပံ့ခြင်းထက် ရေရှည်တွင် တန်ဖိုးပိုရှိမည်ဖြစ်ပါသည်။ "ငါးတစ်ကောင်ပေးလျှင် ယနေ့အတွက်ပဲ စားစရာရမည်။ ငါးဖမ်းနည်းသင်ပေးလျှင် တစ်ဘဝလုံးအတွက် စားစရာရမည်" ဆိုသည့် အဆိုအရလည်း အသိပညာ၊ အတတ်ပညာ သင်ပေးခြင်းသည် တစ်ဘဝလုံး အဆင်ပြေရန် ကူညီခြင်းဖြစ်ပါသည်**

ကလေးသူငယ် ဦးရေ ၅ ဒသမ ၁ သန်း ရှိပါသည်။ အလယ်တန်းကျောင်းသားအရွယ် ဖြစ်ပါသည်။ မြန်မာပြည်တွင် ဒုတိယလူဦးရေအများဆုံး အသက်အပိုင်းအခြားသည် ၄ နှစ်နှင့် ၉ နှစ်အတွင်း ဖြစ်ပါသည်။ မူလတန်းကျောင်းသားအရွယ်ဖြစ်ပြီး ကလေးဦးရေ ၄ ဒသမ ၈ သန်း ရှိပါသည်။ စာရင်းဇယားထုတ်ပြန်ချက်များအရ ကျွန်တော်တို့နိုင်ငံတွင် အသက် ၄ နှစ်မှ ၉ နှစ်အတွင်းရှိသည့် ကလေး ၄ ဒသမ ၈ သန်းသည် မူလတန်းကျောင်း တက်နိုင်သည့် ကလေးများ ဖြစ်ပါသည်။ ၈၄ ဒသမ ၉ ရာခိုင်နှုန်း ကျောင်းတက်သဖြင့် မူလတန်းပညာသင်ကြားသော ကလေး ၄ ဒသမ ၃ သန်း ရှိပါသည်။ ဝမ်းနည်းစရာကောင်းသည်မှာ အလယ်တန်းသို့ ရောက်သောအခါ ပညာသင်ကြားသော ကလေးသူငယ်ဦးရေမှာ ၂ ဒသမ ၅ သန်းသာ ကျန်ပါသည်။ ကလေး ၁ ဒသမ ၈ သန်း ပျောက်သွားပါသည်။ မူလတန်းပညာသင်ကြားပြီး အလယ်တန်းသို့ ရောက်မလာသည့် ကလေး ၁ ဒသမ ၈ သန်း ရှိပါသည်။ ဤကလေးများ မည်သည့်နေရာသို့ ရောက်သွားသနည်း။

မြန်မာနိုင်ငံအနှံ့အပြားရှိ လုပ်ငန်းခွင်များထဲသို့ ကလေးအလုပ်သမားများအဖြစ် ရောက်သွားပါသည်။ မည်သည့်အတွက်ကြောင့် ကလေးအလုပ်သမားများ ဖြစ်သွားရသနည်း။ ပထမအချက်သည် မိဘများ ဆင်းရဲ၍ ဖြစ်ပါသည်။ သားသမီးက ဆယ်နှစ်၊ ဆယ့်လေးနှစ် ရောက်လာသည့်အခါ ဆင်းရဲသည့် မိဘက ငွေကြေးလိုအပ်၍ သားသမီးကို အလုပ်လုပ်ခိုင်းပါသည်။ ဒုတိယအချက်မှာ ရွာတော်တော်များများတွင် အလယ်တန်းကျောင်း မရှိ၍ ဖြစ်ပါသည်။ ကလေးအများစုသည် အလယ်တန်းကျောင်းတက်ရန် မိမိရွာမှ ၂ မိုင်၊ ၃ မိုင် လမ်းလျှောက်တက်ရပါသည်။ မြစ်ကူးချောင်းဖြတ်တက်ရသူများလည်း ရှိပါသည်။ အချိန်ကုန်ပါသည်။ ပင်ပန်းပါသည်။ မိုးရွာသည့်အခါ ပိုခက်ခဲပါသည်။ ရေရှည်တက်ရသည့်အခါ ကလေးများက ငြီးငွေ့ပင်ပန်း၍ ကျောင်းကထွက်ပါသည်။ မိဘအများစုကလည်း ကျောင်းထွက်ရန် အားပေးပါသည်။

အတန်းပညာလည်း မရှိ၊ အသိပညာလည်းနည်း၊ စိတ်ဓာတ်ရာများလည်း ရထားသည့်လူငယ်များ လူ့အဖွဲ့အစည်းတွင် တိုးပွားမလာအောင် ကျွန်တော်တို့ ကြိုးစားရပါမည်။

လုပ်ငန်းခွင်သို့ ရောက်သွားသည့် အသက် ၁၀ နှစ်မှ ၁၄ နှစ် ကလေးသူငယ်များသည် အသက် ၁၅ နှစ်ကျော် ၁၆ နှစ် လူပျိုပေါက် ဖြစ်လာသောအခါ ခိုင်းရခက်လာသည့် အတွက်ကြောင့်လည်းကောင်း၊ အုပ်ချုပ်ရန် ခက်လာသည့်အတွက်လည်းကောင်း၊ လုပ်အားခ ပိုပေးရမည်ကိုစိုးရိမ်၍ လည်းကောင်း၊ အလုပ်ရှင်များက လုပ်ငန်းခွင်မှ ဖယ်ရှားလိုက်ပါသည်။ ဖယ်ရှားခံရသည့် ကလေးအများစုသည် လမ်းပေါ်ရောက်သွားပြီး ကြုံရာကျပန်း အလုပ်လုပ်ကြပါသည်။ အတန်းပညာအားဖြင့် မူလတန်းသာရှိပြီး လမ်းပေါ်ရောက်လာသော လူငယ်များသည် အသက် ၁၀ နှစ်မှစ၍ မိဘနှင့် ခွဲနေရသူများဖြစ်သည်ကို သတိချပ်ရပါမည်။ မိဘရင်ခွင်တွင်နေ၍ မိဘ၏ ယုယမှုကို ခံရမည့် ၁၀ နှစ်သားအရွယ်ကတည်းက လုပ်ငန်းခွင်တွင် အုပ်ချုပ်သူများ၏ အောက်တွင် စည်းကမ်းတင်းကျပ်စွာ နေခဲ့ရပါသည်။ အုပ်ချုပ်သူများ၏ ဆူပူကြိမ်းမောင်းမှုများကို နေ့စဉ်လိုလို ကြုံတွေ့ခဲ့ရပါမည်။ ဤအချက်များကြောင့် အုပ်ချုပ်သူလူတန်းစားကို မုန်းတီးသည့် စိတ်ဓာတ်ရာလည်း ရထားပါသည်။ အုပ်ချုပ်သူလူတန်းစားကို ဆန့်ကျင်လိုစိတ် အမြဲရှိနေပါသည်။ အတန်းပညာလည်း မရှိ၊ အသိပညာလည်းနည်း၊ စိတ်ဓာတ်ရာများလည်း ရထားသည့် လူငယ်များ လူ့အဖွဲ့အစည်းတွင် တိုးပွားမလာအောင် ကျွန်တော်တို့ ကြိုးစားရပါမည်။ သို့မှသာ ရာဇဝတ်မှုခင်းများလည်း ကျဆင်းလာပြီး အေးချမ်းသာယာသည့် လူ့အဖွဲ့အစည်းကို ကျွန်တော်တို့ တည်ဆောက်နိုင်ပါမည်။ ကျွန်တော်တို့ ပတ်ဝန်းကျင်မှာရှိသည့် ဆွေမျိုးများမှစ၍ လူအများကို အသိပညာ၊ အတတ်ပညာ တိုးလာအောင် ကူညီထောက်ပံ့ရပါမည်။

ပညာရေးသာလျှင် ဆင်းရဲတွင်းက လွတ်မြောက်နိုင်ပါသည်။ ထို့အတွက်ကြောင့် နိုင်ငံတော်တော်များများတွင် အလယ်တန်းပညာရေးအထိကို မသင်မနေရ ပညာရေးအဖြစ် သတ်မှတ်ထားပါသည်။ ကျွန်တော်တို့နိုင်ငံတွင် အလယ်တန်းကျောင်းများသည် အခမဲ့ပညာရေး ဖြစ်ပါသည်။ အခမဲ့ပေးခြင်းသည် ကောင်းပါသည်။ အခမဲ့သင်ပေးသော်လည်း ကျောင်းသားများသည် ကျောင်းမလာဘဲ အလုပ်ခွင်ထဲရောက်နေလျှင် ရည်ရွယ်ချက်ကောင်းသော်လည်း အဖြေမကောင်းနိုင်ပါ။ ကလေးလူငယ်တိုင်း အလယ်တန်းပညာသင်ကြားခွင့်ရရန် ကလေးသူငယ်ခိုင်းစေခြင်းကို ဥပဒေများဖြင့် တားဆီးပြီး ချိုးဖောက်သူများကို တင်းတင်းကျပ်ကျပ် အရေးယူရပါမည်။ မြန်မာနိုင်ငံတွင် ကျေးရွာပေါင်း ခြောက်သောင်းကျော်ရှိ၍ ရွာတိုင်းတွင် အလယ်တန်းကျောင်းရှိရန် မဖြစ်နိုင်ပါ။ အလယ်တန်းကျောင်းနှင့် ဝေးသည့် ကျေးလက်တောရွာတွင် နေသည့် ကျောင်းသားများအတွက် မြို့ပေါ်ရှိ အလယ်တန်းကျောင်းများတွင် ကျောင်းအိပ်ကျောင်းစား အခမဲ့တက်ခွင့်ရအောင် နိုင်ငံတော်အစိုးရက စီစဉ်ပေးသင့်ပါသည်။ အသက် ၁၀ နှစ်မှ ၁၄ နှစ်အတွင်းရှိသော သားသမီးကို ကျောင်းသို့ လွှတ်သည့် အမေမုဆိုးမကို နိုင်ငံတော်အစိုးရက ကရုဏာကြေး ထုတ်ပေးသင့်ပါသည်။ ဤကဲ့သို့ အစီအစဉ်များကိုစီမံကိန်းချပြီး ဆောင်ရွက်မှသာ ကျွန်တော်တို့နိုင်ငံတွင် ကလေးအလုပ်သမားများ ပပျောက်ပြီး ပညာတတ်သည့် လူ့အဖွဲ့အစည်း၊ အသိပညာ ပြည့်ဝသည့် လူ့အဖွဲ့အစည်း၊ ယဉ်ကျေးပြီး ကျင့်ဝတ်များကို လိုက်နာသည့် လူ့အဖွဲ့အစည်း၊ တစ်ယောက်အပေါ် တစ်ယောက်စာနာသည့် လူ့အဖွဲ့အစည်း၊ ရာဇဝတ်မှုလုပ်ရမှာကို ရှက်ကြောက်သည့် လူ့အဖွဲ့အစည်း ဖြစ်လာမည်။

နိဂုံးချုပ်အနေဖြင့် ဆွေမျိုးများ ဖြစ်သော တိုင်းရင်းသားညီအစ်ကို အချင်းချင်း ချစ်ကြည်ရင်းနှီးစွာဖြင့် တစ်ဦးနှင့်တစ်ဦးပေးကမ်းထောက်ပံ့ခြင်းများ ပြုလုပ်မှသာ ချမ်းသာကြွယ်ဝပြီး သာယာငြိမ်းချမ်းသော နိုင်ငံတော်ကို တည်ဆောက်နိုင်ပါမည်။ ပြည်သူတစ်ဦးချင်း အနေဖြင့်လည်း "ဉာတကာနဉ္စသင်္ဂဟော" ကို လိုက်နာကျင့်ကြံမှသာ မင်္ဂလာတရားတော်နှင့်အညီ ချမ်းသာအောင်မြင်ပါမည်။

### "မှတ်သားစရာ"

**မိမိနေထိုင်သည့်အရပ်၊ နိုင်ငံတွင်ရှိသောသူများသည် ဆွေမျိုးများ ဖြစ်ပါသည်။**

**နည်းလမ်းမှန်စွာ ထောက်ပံ့ပေးကမ်းမှသာလျှင် ရေရှည်အကျိုးများပါမည်။**

ကျမ်းကိုး
၁။ သုတေသန သရုပ်ပြအဘိဓာန်။ အရှင်ဩဘာသ ဘိဝံသ မထေရ်မြတ်။
၂။ The 2014 Myanmar Population and Housing Census, The Union Report.

ဗုဒ္ဓအဆုံးအမဖြင့် အောင်မြင်ခြင်းစာအုပ်ပါ အကြောင်းအရာများသည် မင်္ဂလာတရားတော် ၃၈ ပါးအနက်မှ ၃၁ ပါးကို ခေတ်အမြင်ဖြင့် စာရေးသူက တစ်ပါးချင်းလေ့လာပြီး ဘဝအတွေ့အကြုံများပါပေါင်းစပ်ရေးသားထားခြင်း ဖြစ်ပါသည်။ စာဖတ်သူပရိသတ်များအနေဖြင့် မင်္ဂလာတရားတော်နှင့်အညီ လောကီအကျိုး၊ လောကုတ္တရာအကျိုးများ ရရှိဆင်ခြင်နိုင်စေရန် စေတနာမွန်ဖြင့် ထုတ်နုတ်ဖော်ပြခြင်း ဖြစ်ပါသည်။

**စာတည်းအဖွဲ့**

# ကော့သောင်းနယ်စပ်ဂိတ်မှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများအား အသွားအလာကန့်သတ်ထားရှိ

**ကော့သောင်း စက်တင်ဘာ ၁၈**

နေရပ်ပြန် မြန်မာရွှေ့ပြောင်း အလုပ်သမားများနှင့် ထိုင်းနိုင်ငံ အတွင်း အကြောင်းအမျိုးမျိုးဖြင့် ပြစ်ဒဏ်ကျခံရပြီး ပြန်လည်လွတ်မြောက်လာသည့် မြန်မာနိုင်ငံသား အမျိုးသား ၁၃၃ ဦး၊ အမျိုးသမီး ၃၆ ဦး စုစုပေါင်း အလုပ်သမား ၁၆၉ ဦးအား ယမန်နေ့က ထိုင်းနိုင်ငံ ရနောင်းမြို့ မှတစ်ဆင့် ကော့သောင်းမြို့ တာဝန်ရှိအဖွဲ့အစည်းများထံသို့ ပွဲချိတ်စက်လှေ ၁၁ စင်းဖြင့် ရေလမ်းခရီးမှ လာရောက် လွှဲပြောင်းပေးအပ် ကြောင်း သိရသည်။

အဆိုပါ မြန်မာအလုပ်သမားများမှာ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသည့် ကာလအတွင်း အကြောင်းအမျိုးမျိုးဖြင့် ထိုင်းနိုင်ငံအတွင်း ပိတ်မိနေသူများနှင့် အရေးယူ ခံခဲ့ရသူများဖြစ်ကာ ပြန်လည် ဝင်ရောက်လာသည့် အလုပ်သမားများကို ကော့သောင်းခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ တာဝန်ရှိသူများ၊ ကျန်းမာရေးဌာနနှင့် ဌာနဆိုင်ရာများ၊ NGO အဖွဲ့အစည်းများက ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုသံသယရှိသူများ ပါဝင်လာခြင်း ရှိ မရှိ၊ မြန်မာနိုင်ငံသား မဟုတ်သူများပါဝင်လာခြင်း ရှိ မရှိ စစ်ဆေးလက်ခံခဲ့ပြီး အစားအသောက်၊ ကျန်းမာရေးနှင့် လိုအပ်သည့် ထောက်ပံ့ကူညီမှုများ ဆောင်ရွက်ပေးကြသည်။

ယခုရက်ပိုင်းအတွင်း ထိုင်းနိုင်ငံအနှံ့ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု မြင့်တက်နေခြင်းကြောင့် ပြန်လည်ဝင်ရောက်လာသူများကို ကော့သောင်းမြို့ရှိ အသွားအလာ ကန့်သတ်စောင့်ကြည့်ရေးစင်တာ သုံးခုတွင် အထူးကြပ်မတ်ကာ ၁၄ ရက် အသွားအလာ ကန့်သတ်ထားရှိ စောင့်ကြည့်ပြီး ကိုဗစ်-၁၉ ရောဂါပိုး စစ်ဆေးတွေ့ရှိခြင်း မရှိမှသာ မိမိတို့နေထိုင်ရာ နေရပ် ဒေသအသီးသီးသို့ ပြန်လည် ပို့ဆောင်ပေးမည် ဖြစ်ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**



# မြန်မာနိုင်ငံသား ၄၃ ဦးအား တရုတ်နိုင်ငံမှ ပြန်လည်လွှဲပြောင်း

**ချင်းရွှေဟော် စက်တင်ဘာ ၁၈**

ရှမ်းပြည်နယ် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ချင်းရွှေဟော်မြို့ တရုတ်-မြန်မာ နယ်စပ်စစ်ဆေးရေးစခန်းသို့ တရုတ်နိုင်ငံရှိ မြို့အသီးသီးတွင် အလုပ်သွားရောက်လုပ်ကိုင်နေသည့် မြန်မာနိုင်ငံသား ၄၃ ဦးအား တရုတ်နိုင်ငံနယ်ခြားစောင့်လူဝင်မှုစစ်ဆေးရေးဌာန၊ ရဲမှူး ကျန်းကျင်းကွေး ဦးဆောင်သောအဖွဲ့မှ ချင်းရွှေဟော်နှစ်နိုင်ငံနယ်စပ် တံတားပေါ်တွင် ယမန်နေ့က လွှဲပြောင်းပေးအပ်ရာ အမှတ်(၁၂၉) ရှေ့တန်းခြေလျင်တပ်ရင်းမှ ဒုတိယ ဗိုလ်မှူးကြီးထွန်းမင်းခိုင်၊ မြို့အုပ်ချုပ်ရေးမှူး ဦးသက်ဦးပိုင်နှင့် ဌာနဆိုင်ရာများပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် စိစစ်လက်ခံဆောင်ရွက်ကြောင်း သိရသည်။

အဆိုပါ ပြန်လည်လွှဲပြောင်းပေးသည့် အမျိုးသား ကိုးဦး၊ အမျိုးသမီး ၃၄ ဦး စုစုပေါင်း ၄၃ ဦးအား ချင်းရွှေဟော် ပြည်သူ့ဆေးရုံ တာဝန်ခံဆရာဝန်နှင့် ကျန်းမာရေး ဝန်ထမ်းများက ကျန်းမာရေး စစ်ဆေးပေးခြင်းတို့ ဆောင်ရွက်ခဲ့သည်။ နေရပ်ပြန်များအား ရပ်ကွက်(၃)ရှိ အခြေခံပညာ အထက်တန်းကျောင်း ယာယီကန့်သတ်စောင့်ကြည့်ရေးစင်တာတွင် ထားရှိပြီး သတ်မှတ်ရက်တွင် ကိုဗစ်-၁၉ စစ်ဆေးပြီး ရောဂါပိုးမတွေ့သူများအား ၎င်းတို့နေရပ်သို့ ပြန်လည် စေလွှတ်မည်ဖြစ်ကြောင်း သိရသည်။

**စည်သူမောင်မောင်**



# ကျိုက်လတ်မြို့ပေါ်ရှိ သံဃာတော်များနှင့်သီလရှင်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲများ ဆက်ကပ်

**ကျိုက်လတ် စက်တင်ဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများရှိ ဆရာတော်၊ သံဃာတော်၊ သာမဏေနှင့် သီလရှင်များအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ ဆက်ကပ်လှူဒါန်းခြင်းကို ယမန်နေ့က ဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့လှူဒါန်းရာတွင်ကျိုက်လတ်မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ၂၃၄ ကျောင်း ၊ သီလရှင်ကျောင်း ၁၀ ကျောင်း စုစုပေါင်း ၂၄၄ ကျောင်းရှိ ဆရာတော်/သံဃာတော် ၁၅၅၉ ပါးနှင့် သီလရှင် ၄၄ ပါး စုစုပေါင်း ၁၆၀၃ ပါးတို့အား ဆွမ်းဆန် ၅၃၄ အိတ်၊ ဆီ ၈၀၀ ပိဿာ၊ ပဲ ၈၀၀ ပိဿာ၊ ဆား ၁၆၀၃ ပိဿာ စုစုပေါင်း တန်ဖိုး ၂၀၉၇၉၂၀၀ ကို မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းသိန်းအောင်နှင့် အဖွဲ့ဝင်များက သွားရောက်လှူဒါန်းကြကြောင်း သိရသည်။ မြို့နယ်( ပြန်/ဆက်)

# တာချီလိတ်မြို့နယ်ရှိ အိမ်ထောင်စုပေါင်း ၁၂၀၀ အတွက် အခြေခံစားသောက်ကုန်များ ထောက်ပံ့

**တာချီလိတ် စက်တင်ဘာ ၁၈**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့နယ် မိုင်းဟဲကျေးရွာအုပ်စု တောင်ပေါ်ကျေးရွာ ၂၇ ရွာရှိ အိမ်ထောင်စုပေါင်း ၁၂၀၀ အတွက် အခြေခံစားသောက်ကုန်များကို မိုးမိသားစုကုမ္ပဏီနှင့် ရွှေမိုင်းဟဲမိသားစုတို့မှ ယမန်နေ့က ထောက်ပံ့လှူဒါန်းပေးကြောင်း သိရသည်။

ထိုသို့ လှူဒါန်းရာ၌ ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းအတွင်း စားဝတ်နေရေးခက်ခဲသည့်တောင်ပေါ်နေ တိုင်းရင်းသားပြည်သူ လားဟူ၊ အာခါ၊ ပလောင်နှင့် ရှမ်းလူမျိုး အများစုနေထိုင်သည့် ကျေးရွာများကို ပထမအကြိမ်အဖြစ် တစ်အိမ်ထောင်စုလျှင် ထိုင်းဘတ် ၂၀၀ တန်ဖိုးရှိ ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်နှင့် အခြား အခြေခံစားသောက်ကုန်ပစ္စည်းများကို အိမ်ထောင်စု ၁၂၀၀ အတွက် အလှူရှင်များက ပေးအပ်လှူဒါန်းရာ သက်ဆိုင်ရာကျေးရွာ ဒေသခံတိုင်းရင်းသားများက လက်ခံယူကြသည်။ ဆက်လက်၍ ထောက်ပံ့လှူဒါန်းသွားရန်လည်း စီစဉ်ထားရှိကြောင်း အလှူရှင် ကုမ္ပဏီမှတာဝန်ရှိသူ ဦးဝီလ်ဆင်မိုးထံမှ သိရသည်။

**ယာဆေး (ပြန်/ဆက် )**

# မိတ္ထီလာမြို့နယ်၌ လူမှုဖူလုံရေးအကျိုးခံစားခွင့်ရှိသူ ၂၄၉၇ ဦးအတွက် ငွေကျပ်သိန်း ၂၂၀၀ ကျော် ထုတ်ပေးနိုင်ခဲ့

**မိတ္ထီလာ စက်တင်ဘာ ၁၈**

မိတ္ထီလာမြို့နယ် လူမှုဖူလုံရေးရုံးမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် လူမှုဖူလုံရေးဥပဒေနှင့်အညီ ကျန်းမာရေးနှင့် လူမှုရေးစောင့်ရှောက်မှု အာမခံစနစ်၊ အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့် အာမခံစနစ်နှင့် ကိုဗစ်ကာလအတွင်း မိသားစုထောက်ပံ့မှု အာမခံစနစ်များမှ လူမှုဖူလုံရေးအကျိုးခံစားခွင့် ရရှိသူ ၂၄၉၇ ဦးအတွက် ငွေကျပ်သိန်း ၂၂၀၀ ကျော် ထုတ်ပေးနိုင်ခဲ့ကြောင်း မြို့နယ်လူမှုဖူလုံရေးရုံးမှ သိရသည်။

မိတ္ထီလာမြို့နယ် လူမှုဖူလုံရေးရုံး၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ကျန်းမာရေးနှင့် လူမှုဖူလုံရေးစောင့်ရှောက်မှု အာမခံစနစ်၊ အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့်အာမခံစနစ်နှင့် ကိုဗစ်-၁၉ ကာလအတွင်း မိသားစုထောက်ပံ့မှု အာမခံစနစ်တွင် လူမှုဖူလုံရေးအကျိုးခံစားခွင့်များ အဖြစ် ထောက်ပံ့ငွေများ ထုတ်ပေးခဲ့ရာ ကျန်းမာရေးနှင့် လူမှုရေးစောင့်ရှောက်မှု အာမခံစနစ်တွင် ၂၄၁၇ ဦးအတွက် ၂၁၂၀၄၇၀၉၅ ဒသမ ၅၄ ကျပ်၊ အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့် အာမခံစနစ်တွင် ၁၈ ဦးအတွက် ၁၀၄၁၄၉၈၆ ဒသမ ၇၈ ကျပ်နှင့် မိသားစုထောက်ပံ့မှုအာမခံစနစ် တွင် ၆၂ ဦးအတွက် ၂၃၈၆၉၄၆ ဒသမ ၆၆ ကျပ်တို့ကို ထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

လူမှုဖူလုံရေး စီမံကိန်းကို တစ်မျိုးသားလုံး အကျုံးဝင်သည့် စီမံကိန်းဖြစ်စေရန် မျှော်မှန်းချက်ဖြင့် လူ့အဖွဲ့အစည်းရှိ လူတိုင်းလူမှုဘဝလုံခြုံရေး၊ လူတိုင်းဂုဏ်သိက္ခာရှိရှိ ရပ်တည်နိုင်ရေး၊ မျှတမှုနှင့် ဆင်းရဲနွမ်းပါးမှုများကို ကာကွယ်လျှော့ချရန်နှင့် ပုံမှန်ဝင်ငွေရရှိစေရန် အမျိုးသားလူမှုဖူလုံရေးစနစ် ထူထောင်ပြီး ဆောင်ရွက်လျက်ရှိရာ လူမှုဖူလုံရေးစနစ်သည် မိမိတို့ လုပ်ခလစာမှ အနည်းငယ်စုပေါင်းထည့်ဝင်ခြင်းဖြင့် မိမိတို့ကို လူမှုဒုက္ခတို့မှ ကာကွယ်မှုပေးပြီး အခြားလူမှုဒုက္ခ အခက်အခဲကြုံတွေ့နေရသည့် သူများကိုလည်း ဆေးဝါးကုသမှု အခွင့်အရေးနှင့် ငွေကြေး အကျိုးခံစားခွင့်တို့ရရှိစေရန် ဥပဒေနှင့်အညီ ဝန်ဆောင်မှုပေးလျက်ရှိကြောင်း မြို့နယ်ဦးစီးမှူး ဦးသိန်းထိုက်ထံမှ သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**




# ဟိုပုံးမြို့မဈေးအား ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှု မရှိစေရေး ယာယီဆက်လက်ပိတ်ထားမည်

**ဟိုပုံး စက်တင်ဘာ ၁၈**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု ကြိုတင်ကာကွယ်ရေးအတွက် မြို့မဈေးအား စက်တင်ဘာ ၁၆ ရက်မှ ၃၀ ရက်အထိ ယာယီ ဆက်လက်ပိတ်ထားမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးဌာနမှ သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှုန်း လျော့နည်းမှုမရှိသေးသဖြင့် မြို့နယ်ကိုဗစ်-၁၉ စောင့်ကြည့် ထိန်းချုပ်ရေးကော်မတီ၏ စက်တင်ဘာ ၁၇ ရက်တွင်ကျင်းပသည့် အစည်းအဝေးဆုံးဖြတ်ချက်အရ ဟိုပုံးမြို့မဈေးအား စက်တင်ဘာ ၁၆ ရက်မှ ၃၀ ရက်အထိ ယာယီဆက်လက်ပိတ်ထားမည်ဖြစ်ကြောင်းနှင့် ဟိုပုံးမြို့မဈေးအား ကိုဗစ်-၁၉ ရောဂါ တတိယအကျော့ဖြစ်ပွားစဉ် ကာလအတွင်း ဇူလိုင် ၂၂ ရက်မှစ၍ ယာယီပိတ်ထားခဲ့ခြင်းဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးဌာနမှ သိရသည်။

**မအိ (ပြန်/ဆက်)**

# ကျောက်ဆည်မြို့နယ်၌ မဲခေါင်-လန်ချန်း အထူးရန်ပုံငွေများဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းများ ဆောင်ရွက်

ကျောက်ဆည် စက်တင်ဘာ ၁၈

**မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ နေ့စဥ်ဝင်ငွေရရှိပြီး လူမှုဘဝ အဆင်ပြေစေရေးအတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် မဲခေါင်-လန်ချန်းအထူး ရန်ပုံငွေများဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး(CFW)စီမံကိန်းလုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။**

အဆိုပါ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်သူများ နေ့စဥ်ဝင်ငွေ ရရှိစေရေးအတွက် ကျေးရွာ စီမံကိန်းကော်မတီ ဦးဆောင်မှုဖြင့် ပုံမှန်ဝင်ငွေမရှိသည့် ပြည်သူများ၏ လုပ်အားဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ဖိုကုန်းကျေးရွာတွင် ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၁၀၀ ဖြင့် အရှည် ပေ ၂၀၀၀ ၊ အကျယ် ၁၂ ပေ၊ ထု ကိုးလက်မရှိ ကျေးရွာတွင်းလမ်းများ ဂျင်းကျောက်မြေခင်းခြင်းနှင့် အရှည်ပေ ၁၅၀၀၊ အကျယ် တစ်ပေ၊ အနက် တစ်ပေခွဲရှိ လမ်းဘေးရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်းရှိကျေးရွာများတွင် မြို့ပြနှင့် ကျေးလက်ကွာဟမှုမရှိစေရေးအတွက် ကျေးလက်မီးလင်းရေး၊ သောက်သုံးရေဖူလုံရေး၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သက်မောင်**
**(ကျောက်ဆည်)**


ကျေးရွာအတွင်း လမ်းခင်းဆောင်ရွက်နေမှုကို တွေ့ရစဥ်။

## ဖောင်းပြင်မြို့နယ်တွင် ချောင်းရေတိုက်စားမှုကြောင့် ပျက်စီးသွားသော ကျေးရွာချင်းဆက်တံတား စုပေါင်းလှူဒါန်းမှုဖြင့် ပြန်လည်ပြုပြင်ပြီးစီး

**ဖောင်းပြင် စက်တင်ဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ဖောင်းပြင်မြို့နယ်တွင် ဩဂုတ် ၁ ရက်က မိုးသည်းထန်စွာ ရွာသွန်းပြီး ချောင်းရေမြင့်တက်ကာ ရေတိုက်စားမှုကြောင့် နန်းမခွင်ချောင်းနှင့် ခြသေ့်ချောင်းတစ်လျှောက်တို့၌ ပျက်စီးသွားသည့် တံတား ၁၀ စင်းအနက် နန်းမခွင်ချောင်းရှိ ရွှေညောင်ပင်- ကုန်းအောက်တောင်း ကျေးရွာချင်းဆက်တံတားအရှည်ပေ ၄၈၀ ၊ အကျယ် ၁၂ ပေ တံတားကို စုပေါင်းလှူဒါန်းမှုဖြင့် ဩဂုတ် ၁၆ ရက်က စတင်၍ ပြန်လည်ပြုပြင်ခဲ့ရာ ယခုအခါ ပြန်လည်အသုံးပြုနိုင်ပြီဖြစ်ကြောင်း သိရသည်။


ပြန်လည်ပြုပြင် ပြီးစီးသွားသည့် နန်းမခွင်ချောင်းတံတားကို တွေ့ရစဥ်။

အဆိုပါ တံတားကို အသုံးပြုသွားလာနေကြသည့် ကျေးရွာပေါင်း ၅၀ ကျော်မှအလှူရှင်များ၊ မြို့နယ်အတွင်း အလှူရှင်များ၏ ထည့်ဝင်လှူဒါန်းငွေစုစုပေါင်း ကျပ်သိန်း ၅၀ ကျော်ဖြင့် ပြုပြင်တည်ဆောက်ခဲ့ရာ ခံနိုင်ဝန် ၃ တန်ဝန်းကျင်အထိရှိကြောင်း တံတားဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ၊ ရွှေပုဂံကျောင်းတိုက်ဆရာတော် ဦးဇဝနထံမှ သိရသည်။

ယင်းတံတားကို ကျေးရွာပေါင်း ၅၀ ကျော်က အသုံးပြုနေရပြီး ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးနှင့် တောင်သူများ၏ လယ်ယာထွက်သီးနှံများ ဈေးကွက်သို့ ပို့ဆောင်ရသည့် ပင်မတံတားဖြစ်ကြောင်း ဒေသခံများထံမှ သိရသည်။

**ကိုထွန်း(ဖောင်းပြင်)**

## မတ္တရာမြို့နယ်၌ သဘာဝဘေးကြောင့် သီးနှံထိခိုက်ပျက်စီး ဆုံးရှုံးခဲ့သည့် တောင်သူများအား ထောက်ပံ့

**မတ္တရာ စက်တင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်တွင် သဘာဝဘေးကြောင့် သီးနှံထိခိုက် ပျက်စီးဆုံးရှုံးခဲ့သည့် တောင်သူများအား ထောက်ပံ့ငွေများ ပေးအပ်ပွဲကို ယနေ့မွန်းလွဲ ၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သူရသိန်းက ပျက်စီးဆုံးရှုံးမှုများနှင့် ပတ်သက်၍ ပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြတ်သီတာက ပျက်စီးဆုံးရှုံးမှုများအတွက် ထောက်ပံ့ကြေးပေးအပ်ရသည့် နှုန်းထားများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သူရသိန်းနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများမှ တောင်ကန် ကျေးရွာ၊ တဲကုန်းကျေးရွာ၊ လမိုင်းကျေးရွာ၊ ထန်းပင်ကုန်းကျေးရွာ၊ သိမ်ကုန်းကျေးရွာ၊ စက်ထိပ်ကျေးရွာ၊ ဝန်စု ကျေးရွာ၊ သရက်တော ကျေးရွာ၊ ရှမ်းတောကျေးရွာ၊ ပန်းယျကျေးရွာနှင့် သဲကောကျေးရွာတို့မှ တောင်သူ ၂၉၁ ဦး၏ သီးနှံ ၁၀၂၇ ဧကအတွက် ပျက်စီးဆုံးရှုံးမှုထောက်ပံ့ ငွေကျပ် ၁၁၁၆၀၀၀၀ ကို ပေးအပ်သည်။

**စိုးကျော်သူထွေး(မတ္တရာ)**

# အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများအား လူမှုရေးပင်စင်ထောက်ပံ့ငွေများ ပေးအပ်

### ဆီဆိုင်

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်တွင် နိုင်ငံတော်မှ ထောက်ပံ့ပေးအပ်သော လူမှုရေးပင်စင်ထောက်ပံ့ငွေများကို စက်တင်ဘာ ၁၇ ရက်က ကုန်းဆွတ်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာခုနစ်ရွာမှ အသက် ၈၅ နှစ်နှင့်အထက် ဘိုးဘွားခုနစ်ဦးတို့အား ထောက်ပံ့ပေးအပ်ခဲ့သည်။

ထိုသို့ ထောက်ပံ့ရာတွင် အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးအဘိုးအဘွားများအတွက် နိုင်ငံတော်မှ တစ်လလျှင် ငွေကျပ်တစ်သောင်းနှုန်းဖြင့် သုံးလတစ်ကြိမ် ထောက်ပံ့ပေးခြင်းဖြစ်ပြီး ဆီဆိုင်မြို့နယ်တွင် ရပ်ကွက်ခြောက်ခုနှင့် ကျေးရွာအုပ်စု ၁၃ အုပ်စုအတွင်းရှိ အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွား ၁၂၉ ဦးရှိကြောင်း သိရသည်။

**မျိုးမြတ်(ဆီဆိုင်)**

### ငပုတော

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်အတွင်းရှိ အသက် ၈၅ နှစ်နှင့်အထက် ဘိုးဘွားများအား လူမှုရေးပင်ပင်စင်ထောက်ပံ့ပေးအပ်ခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်များနှင့်၎င်းတို့မှ မွေးဖွားလာသော အသက်နှစ်နှစ်အောက် ကလေးငယ်များအတွက် ထောက်ပံ့ကြေးငွေများ ပေးအပ်ခြင်းကို စက်တင်ဘာ ၁၈ ရက်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်သည်။

လူမှုဝန်ထမ်းဦးစီးဌာနမှ ငပုတောမြို့နယ်အတွင်းရှိ အသက် ၈၅ နှစ်နှင့်အထက် ဘိုးဘွားတစ်ဦးလျှင် သုံးလစာငွေကျပ် သုံးသောင်းနှုန်းဖြင့် စုစုပေါင်းဘိုးဘွား ၁၇၇၇ ဦးအတွက် ငွေကျပ် ၅၃၃၁၀၀၀၀ ကို


ပင်းတယမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မိုးလွင်က မြို့နယ်အတွင်းရှိ အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွား ၂၅၅ ဦးအတွက် သုံးလစာလူမှုရေးပင်စင် ထောက်ပံ့ငွေ စုစုပေါင်း ငွေကျပ် ၇၆၅၀၀၀၀ ကို သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများထံ စက်တင်ဘာ ၁၇ ရက်က လွှဲပြောင်းပေးအပ်စဥ်။ မြို့နယ်(ပြန်/ဆက်)

လည်းကောင်း၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှမွေးဖွားလာသော အသက်နှစ်နှစ်အောက် ကလေးငယ်များအား တစ်လလျှင်ငွေကျပ် ၁၅၀၀၀ နှုန်းဖြင့် စုစုပေါင်း ၅၇၁ ဦးအတွက် သုံးလစာငွေကျပ် ၂၅၇၀၈၅၀၀၀ကို ထောက်ပံ့ပေးပြီးဖြစ်ကြောင်းသိရသည်။

**လှမင်းထွဋ်(ပြန်/ဆက်)**

### သုံးခွ

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ်တွင် အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများအား နိုင်ငံတော်မှလူမှုရေး ပင်စင်များ ထောက်ပံ့ငွေများ ပေးအပ်ခြင်းကို စက်တင်ဘာ ၁၇ ရက်က ဆောင်ရွက်ကြောင်း သိရသည်။

လူမှုဝန်ထမ်းဦးစီးဌာနမှ သက်ကြီးဘိုးဘွားများအား တစ်ဦးလျှင် လူမှုရေးပင်စင် ထောက်ပံ့ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် စုစုပေါင်းသက်ကြီးဘိုးဘွား ၇၈၇ ဦးတို့အတွက် ငွေကျပ် ၂၃၆၁၀၀၀၀ ကို သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းစိုးက ပေးအပ်ခဲ့ပြီး ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများက သက်ကြီးဘိုးဘွားများအား အိမ်တိုင်ရာရောက် လိုက်လံပေးအပ်ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### ရွှေဘို

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်အတွင်းရှိ အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးအဘိုးအဘွား ၂၀၈၄ ဦးအား လူမှုရေးပင်စင် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း ရွှေဘိုမြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ ထောက်ပံ့ငွေများကို စက်တင်ဘာ ၁၇ ရက်က ရွှေဘိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများကို ပေးအပ်ခဲ့ပြီး သက်ကြီးဘိုးဘွားများအား ထောက်ပံ့ပေးမည်ဖြစ်သည်။

ရွှေဘိုမြို့နယ်တွင် မြို့ပေါ်ရပ်ကွက် ၁၀ ခုနှင့် ကျေးရွာအုပ်စု ၇၆ အုပ်စုမှ အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွား ၂၀၈၄ ဦးရှိကြောင်း၊ ၎င်းတို့အတွက် လူမှုရေးပင်စင်ထောက်ပံ့ငွေသုံးလစာ တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ငွေကျပ်သိန်း ၆၂၅၂၀၀၀၀ ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ပွင့်ဖြူမြို့မှ ရှစ်ခန်းတွဲ ငါးထပ် နိုင်ငံ့ဝန်ထမ်းအငှားအိမ်ရာ ၄၀ ရာခိုင်နှုန်း ဆောက်လုပ်ပြီးစီး



**ပွင့်ဖြူ စက်တင်ဘာ ၁၈**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် နိုင်ငံ့ဝန်ထမ်းများ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေနိုင်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် အကောင်အထည်ဖော် တည်ဆောက်နေသည့် ရှစ်ခန်းတွဲ ငါးထပ် ဝန်ထမ်းအိမ်ရာ အဆောက်အအုံမှာ ယခုအခါ ၄၀ ရာခိုင်နှုန်း တည်ဆောက်ပြီးစီးပြီဖြစ်ကြောင်း တင်ဒါစနစ်ဖြင့် တာဝန်ယူ တည်ဆောက်နေသည့် မကွေးမြို့ ကျော်သာဆောက်လုပ်ရေးကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးမောင်အေးထံမှ သိရသည်။

အဆိုပါ အဆောက်အအုံမှာ အလျား ၉၃ ပေ ၆ လက်မ ၊ အနံ ၉၃ ပေ ၆ လက်မ သံကူကွန်ကရစ် အမျိုးအစားဖြစ်ပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာနှစ်၊ ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေကျပ် ၉၈၉ သန်းဖြင့် မကွေးမြို့ ကျော်သာ ဆောက်လုပ်ရေး ကုမ္ပဏီက တာဝန်ယူ တည်ဆောက်နေခြင်းဖြစ်ကာ ယခုအခါ ၄၀ ရာခိုင်နှုန်း တည်ဆောက်ပြီးစီးပြီဖြစ်ကြောင်းနှင့် ဌာနဆိုင်ရာဝန်ထမ်းများ စိတ်အေးချမ်းသာစွာ နေထိုင်သွားနိုင်ရေး အတွက် သတ်မှတ် ကာလအတွင်း အချိန်မီ ပြီးစီးအောင် ကြိုးပမ်းတည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

အိမ်ရာ တည်ဆောက်နေမှု အခြေအနေများ၊ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရန်နှင့် လုပ်ငန်းအရည်အသွေး ပြည့်မီရေးအတွက် မြို့နယ်တည်ဆောက်ရေးလုပ်ငန်းကြီးကြပ်မှု ကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြတ်ခိုင်နှင့် အဖွဲ့ဝင်များကလည်း စက်တင်ဘာ ၁၇ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကာ တာဝန်ခံအင်ဂျင်နီယာများက တည်ဆောက်ပြီးစီးမှု အခြေအနေနှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြကြပြီး မြို့နယ်တည်ဆောက်ရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌက ရေရှည်တည်တံ့ ကောင်းမွန်ရေးအတွက် တင်ဒါပါ စည်းကမ်းချက်များနှင့်အညီ လုပ်ငန်းအရည်အသွေးပြည့်မီရေး ကြိုးပမ်းတည်ဆောက်ဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

**ရဲဝင်းနိုင်**
**(ညောင်ဦး)**

## နတ်မောက်မြို့နယ်၌ ချောင်းရေစီးသန်၍ မော်တော်ယာဉ်တစ်စီးတိမ်းမှောက်

**နတ်မောက် စက်တင်ဘာ ၁၈**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်တွင် ယမန်နေ့က မိုးရွာသွန်းမှုကြောင့် လေးအိမ်ကျေးရွာ မိုင်တိုင်အမှတ် (၅၆/၂)နှင့် (၅၆/၃) ကြား အလျားပေ ၁၀၀ ခန့်ကျယ်သောချောင်းတွင် ရေစီးသန်၍ မန္တလေးဘက်မှ တောင်တွင်းကြီးဘက်သို့ ကွမ်းသီးခြင်းများ သယ်ဆောင်လာသော ယာဉ်အမှတ် DYNA 1D/7611 မော်တော်ယာဉ်သည် ရေကျော်ကို ဖြတ်သန်းမောင်းနှင်စဉ် ရေမျောပါသွားပြီး တိမ်းမှောက်သွားကြောင်း သိရသည်။



ထိုသို့ ရေမျောပါ တိမ်းမှောက်သွားသော မော်တော်ယာဉ်ကို မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်မိ/ရပ်ဖများက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးပြီး မော်တော်ယာဉ်အတွင်းပါလာသော ကွမ်းသီးခြင်းများကိုလည်း ကူညီသယ်ဆောင်ပေးကြ၍ မော်တော်ယာဉ်ပေါ်တွင် ပါလာသည့် လူနှင့် ကုန်ပစ္စည်းများ ထိခိုက်ပျက်စီးဆုံးရှုံးမှုမရှိကြောင်း သိရသည်။

**လှဝင်း**

## လေးမျက်နှာမြို့နယ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းကျေးရွာရွေးချယ်

**လေးမျက်နှာ စက်တင်ဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အဆင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းအတွက် ကျေးရွာရွေးချယ်ခြင်းကို မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကြီးမှူး၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယမန်နေ့က ပြုလုပ်သည်။

ကျေးရွာရွေးချယ်ရာတွင် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးကျော်သူက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းအကြောင်းနှင့် ကျေးရွာရွေးချယ်ရာတွင် ဦးစီးဌာန ရန်ပုံငွေကျပ်သိန်း ၄၀၀ အပြင် ကျေးရွာမှ ထည့်ဝင်ငွေများဖြင့် ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်လိုသည့် ကျေးရွာများ၊ အကျိုးခံစားရမည့် အိမ်ထောင်စုများသည့် ကျေးရွာများ၊ လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့မှုနှင့် နယ်မြေလုံခြုံတည်ငြိမ်အေးချမ်းမှုရှိသည့် ကျေးရွာများ၊ ကျေးရွာသူကျေးရွာသားများ၏ စိတ်အားထက်သန်မှု၊ စည်းလုံးညီညွတ်မှုနှင့် တက်ကြွစွာဆောင်ရွက်လိုမှုရှိသည့် ကျေးရွာများ၊ မည်သည့်စီမံကိန်းမှ မရရှိသေးသည့်ကျေးရွာများ၊ ကျေးရွာများမှ Mini – grid နှင့် အိမ်သွယ်ရေတိုင်စနစ် လုပ်ငန်းများတွင် ကိုယ့်အားကိုယ်ကိုးဆောင်ရွက်နိုင်မှုရှိသည့် ကျေးရွာများကို စိစစ်ရွေးချယ်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့ပြင် ဘဏ္ဍာရေးအလိုက် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ရွေးချယ်ခြင်းမပြုရန် အမည်ပျက်စာရင်းဝင်အဖြစ် သတ်မှတ်ထားသော ကျေးရွာများ၊ မြစိမ်းရောင်စီမံကိန်း ကြွေးကျန်ဖြစ်ပေါ်နေသော ကျေးရွာများနှင့် ကြွေးကျန်များကြောင့် ကျေးရွာပြောင်းလဲ ဆောင်ရွက်ထားသော ကျေးရွာများ၊ VDP စီမံကိန်း ဆောင်ရွက်ပြီးသည့် ကျေးရွာများနှင့် ယခင်ဘဏ္ဍာနှစ်များတွင် ကျေးရွာပြောင်းဆောင်ရွက်ခဲ့သည့် ကျေးရွာများအား ရွေးချယ်ခြင်းပြုလုပ်မည် မဟုတ်ကြောင်းလည်း လက်ထောက်ညွှန်ကြားရေးမှူးက ပြောကြားသည်။

**ကျော်ဟိန်း(ပြန်/ဆက်)**

## မုဒုံမြို့ ပြည်သူ့ဆေးရုံသို့ အလှူငွေနှင့် ဆေးရုံသုံးပစ္စည်းများ လှူဒါန်း

**မုဒုံ စက်တင်ဘာ ၁၈**

မွန်ပြည်နယ် မုဒုံမြို့နယ်အတွင်းရှိ ကိုဗစ်–၁၉ ရောဂါဝေဒနာခံစားနေရသည့် လူနာများ ဆေးဝါးလုံလောက်စွာရရှိရေး၊ ဆေးကုသခံယူနိုင်ရေးအတွက် မုဒုံမြို့နယ်ပြည်သူ့ဆေးရုံသို့ အလှူငွေများနှင့် လိုအပ်သည့် ဆေးရုံသုံးပစ္စည်းများကို အလှူရှင်များက ယမန်နေ့က လှူဒါန်းကြောင်း သိရသည်။

မုဒုံမြို့နေ ဒေါ်ခင်စမ်းရီ မိသားစုက Enoxaparin Sodium ထိုးဆေးများ၊ အောက်ဆီဂျင် လီတာ ၄၀ ဆံ့ အိုး သုံးလုံးနှင့် ဆေးရုံအတွင်းရှိ အောက်ဆီဂျင်အိုးများကို နေ့စဉ်အောက်ဆီဂျင်အရည်ဖြည့်သွင်းရန်အတွက် အလှူငွေကျပ် သိန်း ၅၀ ကို လည်းကောင်း၊ မန္တလေးမြို့နေ ဦးခင်မောင်ဝင်း မိသားစုက အလှူငွေကျပ် ၁၀ သိန်းကိုလည်းကောင်း လှူဒါန်းခဲ့ကာ မုဒုံမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်မိုးနိုင်က လက်ခံယူ၍ အလှူရှင်များအား ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

မုဒုံမြို့နယ်တွင် စက်တင်ဘာ ၁၇ ရက်အထိ ကိုဗစ်–၁၉ ရောဂါအတည်ပြုလူနာ စုစုပေါင်း ၁၀၆၀ ရှိရာ အတည်ပြုလူနာများအနက် ကျန်းမာရေးပြန်လည်ကောင်းမွန်ပြီး ဆေးရုံမှဆင်းခွင့်ရရှိသူ ၉၀၉ ဦး၊ သေဆုံးသူ ၈၇ ဦးရှိကာ မုဒုံမြို့နယ်ပြည်သူ့ဆေးရုံနှင့် ဘဲရမ်းကျေးရွာ မိုးကုတ်ဝိပဿနာကျောင်းတိုက်ရှိ ကိုဗစ်စင်တာတို့တွင် ကုသခံယူနေသူ ၆၄ ဦးရှိကြောင်း မုဒုံမြို့နယ်ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

**အောင်မျိုးသူ(ပြန်/ဆက်)**

## ဝေါမြို့ အောက်ဆီဂျင်စက်ရုံသို့ လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး အလုံး ၅၀ လှူဒါန်း

**ဝေါ စက်တင်ဘာ ၁၈**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့ပြည်သူ့ဆေးရုံရှိ အောက်ဆီဂျင်စက်ရုံမှ အောက်ဆီဂျင်များ ဖြန့်ဝေပေးရာတွင် အသုံးပြုရန်အတွက် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး အလုံး ၅၀ ကို အလှူရှင် ဦးကျော်ခင်(ADVANCE Air–conditioning & Engineering ကုမ္ပဏီလီမိတက်)က စက်တင်ဘာ ၁၇ ရက်တွင် လှူဒါန်းသည်။

ဝေါမြို့ ဦးမိုးစုဘုန်းကြီးကျောင်းဆရာတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ဝေါမြို့နယ်ဆေးရုံရှိ လူနာများအား ကုသမှုပေးရန် လိုအပ်သော လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး အလုံး ၅၀ ကို ပေးအပ်လှူဒါန်းခြင်း ဖြစ်ကာ မြို့နယ် ကိုဗစ်–၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီ ဥက္ကဋ္ဌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမော်နှင့် အဖွဲ့ဝင် ဗိုလ်မှူးမျိုးဝင်းအောင်၊ ဦးကြည်ဝင်းတို့က လက်ခံယူသည်။

**အောင်မြတ်လင်း (ပြန်/ဆက်)**

## မောင်တောခရိုင်ရှိ ပရဟိတအသင်းအဖွဲ့များအတွက် ကိုဗစ်-၁၉ ကာကွယ်ရေးသုံးပစ္စည်းများ ထောက်ပံ့

**မောင်တော စက်တင်ဘာ ၁၈**

ရခိုင်ပြည်နယ် မောင်တောခရိုင်အတွင်းရှိ စေတနာ့ဝန်ထမ်း ပရဟိတအသင်းအဖွဲ့များ၏ ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် ရောဂါကာကွယ်ရေးသုံးပစ္စည်းများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနက ခရိုင်လူမှုဝန်ထမ်း ဦးစီးဌာနရုံး၌ စက်တင်ဘာ ၁၇ ရက်က ထောက်ပံ့ပေးအပ်သည်။


ခရိုင်လူမှုဝန်ထမ်းရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သူနိုင်နှင့် ဝန်ထမ်းများက မောင်တောမြို့ရှိ ကရုဏာကွန်ရက် လူမှုကူညီရေးအဖွဲ့နှင့် ဘူးသီးတောင်မြို့နယ်ရှိ အနောက်တံခါးလူမှုကူညီရေးအဖွဲ့များ၏ ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် လူမှုကူညီရေးအဖွဲ့ တစ်ဖွဲ့လျှင် နှာခေါင်းစည်း ၂၅ ဘူး၊ 95(Mask) ၁၇၅ ခု၊ လက်သန့်ဆေးရည်ဘူးများ၊ ရောဂါကာကွယ်ရေးဝတ်စုံ (Level III) အခု ၁၀၀၊ မျက်မှန် ၁၀၀၊ ဖိနပ် ၂၅ စုံ၊ ခွဲစိတ်ခန်းသုံးခေါင်းဆောင်း ၉၀၀၊ Body Pack ၁၇၅ ခုနှင့် လက်အိတ် ၁၀ ဘူးစီကို ထောက်ပံ့ပေးအပ်ခြင်းဖြစ်သည်။

**ခရိုင်(ပြန်/ဆက်)**

# ကိုဗစ်ကို ဘယ်လိုအဆုံးသတ်မလဲ

ဒေါက်တာမြင့်သန်း(ညောင်လေးပင်)

**ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး (WHO) က ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၃၀ ရက်က ကိုရိုနာဗိုင်းရပ်စ်ကူးစက်ရောဂါ (Corona Virus Disease 2019)သည် “Public Health Emergency of International Concern” ကမ္ဘာလုံးဆိုင်ရာအရေးပေါ် အခြေအနေရောဂါဟု သတ်မှတ်ပြီး ကမ္ဘာကိုကြေညာခဲ့ပါသည်။ ထို့နောက် ဖေဖော်ဝါရီ ၂၈ ရက်တွင် ကူးစက်မြန် (သို့မဟုတ်) တိုင်ကြားရမည့် ကူးစက်ရောဂါအဖြစ် သတ်မှတ်ခဲ့ပြီး မတ် ၁၁ ရက်တွင် ကမ္ဘာ့ကပ်ရောဂါအဖြစ် ကြေညာခဲ့သည်။ လွတ်လပ်သော ကျွမ်းကျင်ပညာရှင် ၁၉ ဦးတို့ကလည်း ယခုဗိုင်းရပ်စ်ပိုး ကူးစက်ရောဂါသည်သည် တိရစ္ဆာန်များမှ စတင်ကူးစက်သည့် ရောဂါပိုးဖြစ်ကြောင်း တစ်ကမ္ဘာလုံး ဝိုင်းဝန်းလက်တွဲဆောင်ရွက်ကြရန် အရေးကြီးကြောင်း တိုက်တွန်းခဲ့သည်။ ကိုဗစ်-၁၉ ဟု အမည်ပေးထားသည့် ကပ်ရောဂါကြီးသည် ၂၀၁၉ နှစ်ကုန်ပိုင်းမှ စတင်ကာ ကမ္ဘာမြေတစ်ဝန်းလုံးကို ဒုက္ခပေးခဲ့သည်။**



ကိုဗစ်-၁၉ ကပ်ရောဂါသည် လူပေါင်းသန်း ၂၀၀ ကျော်ကို ကူးစက်နေစေလျက်ရှိပြီး လူငါးသန်းခန့်ကိုလည်း သေဆုံးစေလျက်ရှိသည်။ ဆက်လက်၍လည်း ဆက်လက်ကူးစက်ပြန့်ပွား သေဆုံးနေစေလျက်ရှိသည်ကို တွေ့နိုင်ပါသည်။ လက်ရှိသက်ရှိထင်ရှားလူသားတို့အတွက် မမေ့နိုင်ဖွယ် သိသာထင်ရှားသော ကပ်ရောဂါကြီးတစ်ခုအဖြစ်မှတ်တမ်းတင်ရမည်ဖြစ်သည်။ ပြင်းထန်သော ကျန်းမာရေးပြဿနာများ တွေ့ကြုံကြရခြင်း၊ မိသားစုဘဝများ ဆုံးရှုံးပျက်စီးရခြင်း၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေးလုပ်ငန်းများစွာ ထိခိုက်ဆုံးရှုံးရခြင်း ကမ္ဘာတစ်ဝန်း လစဉ်ငွေကြေးဒေါ်လာ ၃၇၅ ဘီလီယံမျှ ဆုံးရှုံးနေရခြင်းတို့ကြောင့် အရှိန်အဟုန်ဖြင့် ရွေ့လျားနေသော ကမ္ဘာ့ယန္တရားကြီး ရပ်တန့်သွားရသည်အထိ အထိနာလျက်ရှိပါသည်။

ယင်းအတွက် ကပ်ရောဂါကြီးကို ထိရောက်စွာ ဟန့်တားကာကွယ် အဆုံးသတ်နိုင်ရေးအတွက် အထိရောက်ဆုံး နည်းလမ်းများမှာ အများပြည်သူတို့ ပူးပေါင်းဆောင်ရွက်ကြခြင်း၊ ကာကွယ်ဆေးထိုးခြင်းနှင့် ထိရောက်သော ဆေးကုသခြင်းတို့ဖြစ်သည်။ အထူးသဖြင့် ကာကွယ်ဆေးထိုးခြင်းသည် အလွန်ထိရောက်သည်ကို တွေ့ရပါသည်။

### ကာကွယ်ဆေးထိုးကြစို့

လူတစ်ဦးတစ်ယောက်ချင်း မလုံခြုံသရွေ့ မည်သူမျှမလုံခြုံပါ။ လူတစ်ဦးချင်းစီမှာ ကူးစက်ခံနေရသရွေ့ အများအတွက် ကူးစက်ခံနေရနိုင်ပါသည်။ လုံခြုံစိတ်ချနိုင်မည်မဟုတ်ပါ။ ယင်းအတွက် လူတိုင်းကာကွယ်ဆေးထိုးနှံမှုကို ဆောင်ရွက်နိုင်ရန် အလွန်အရေးကြီးပါသည်။ ကာကွယ်ဆေးများ၏ ကာကွယ်ခုခံနိုင်အားသည် အခြားနည်းလမ်းများ (ခုခံအားဖြည့်ဆေးဝါးများ အခြားဆေးဝါးများနှင့် နည်းလမ်းများ)ထက် ပိုမိုထိရောက်ပါသည်။ ဦးစားပေးအဆင့်အလိုက်- ကျန်းမာရေး စောင့်ရှောက်ပေးနေသူများ၊ ကျန်းမာရေးဝန်ထမ်းများကူးစက်လွယ်သူများ စသည်ဖြင့်မှသည် လူတိုင်းထိုးနှံ လွှမ်းခြုံပေးနိုင်မှသာ ထိရောက်သောကာကွယ်မှု ရရှိနိုင်ပါသည်။ ချမ်းသာဆင်းရဲမရွေး လူသားတိုင်း ကာကွယ်ဆေးထိုးခွင့်ရအောင် ဆောင်ရွက်ပေးနိုင်ဖို့ အထူးအရေးကြီးလှပါသည်။

COVAX (COVID-19) Vaccines Global Access သည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို ကမ္ဘာတစ်ဝန်း ညီမျှစွာ ထိုးနှံပေးခြင်းဖြင့် ထိုကပ်ရောဂါကြီးကို ထိရောက်စွာ ကာကွယ်ဟန့်တားအဆုံးသတ်နိုင်စေရန် ဖွဲ့စည်းထားသော အဖွဲ့ကြီးဖြစ်သည်။ Gavi၊ the Vaccine Alliance၊ the Coalition for Epidemic Preparedness Innovations CEPI၊ ကမ္ဘာ့ ကျန်းမာရေးအဖွဲ့ (WHO) စသည့် အဖွဲ့အစည်း၏ လမ်းညွှန်မှု ပူးပေါင်းဆောင်ရွက်မှုများဖြင့် ၂၀၂၀ ပြည့်နှစ် ဧပြီလက စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ စတင်တည်ထောင်သူများမှာ ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီး (WHO)၊ ဥရောပကော်မရှင် (EU)နှင့် ပြင်သစ်အစိုးရတို့ ဖြစ်ကြသည်။ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ ( UNICEF) ကလည်း ပံ့ပိုးကူညီသလို အမေရိကတိုက်များတွင် PAHO Revolving Fund အဖွဲ့ကလည်း COVAX အတွက် လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးကြောင်း သိရသည်။

အလားတူ ကိုဗက်အဖွဲ့ကြီးနှင့်အတူ ACT-Accelerator (The Access to COVID19 Tools) အဖွဲ့ကြီးကလည်း ကာကွယ်ဆေးရရှိစေမှု၊ စစ်ဆေးမှု၊ ကုသမှုတို့အတွက် လိုအပ်သော ဆေးဝါးပစ္စည်း နည်းပညာတို့ကို ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ ထို ACT အဖွဲ့သည် ဒေါ်လာ ၇ ဒသမ ၇ ဘီလီယံမျှ စတင်ရင်းနှီးကူညီနေသည်ဟုလည်း သိရသည်။

### မညီမျှသောကာကွယ်ဆေးထိုးနှံမှု အဆုံးသတ်ရေး

ကာကွယ်ဆေးထိုးနှံမှု၊ စစ်ဆေးမှုကုသမှုနှင့် အခြားနည်းပညာဆိုင်ရာများတွင် မညီမျှမှုများ ရှိနေခြင်းက အထူးအဟန့်အတား ဖြစ်နေပါသည်။ ကာကွယ်ဆေးထိုးနှံမှုတွင် ၂၀၂၁ ခုနှစ် ဧပြီလကုန်အထိဆင်းရဲသော အာဖရိကနိုင်ငံသားတို့၏ ၂ ရာခိုင်နှုန်းခန့်သာ ကာကွယ်ဆေးထိုးခွင့် ရနေပါသေးသည်။ ထိုကာလတွင် ချမ်းသာသော အမေရိကန်နိုင်ငံသားတို့၏ ၄၀ ရာခိုင်နှုန်း၊ ဥရောပနိုင်ငံသားတို့၏ ၂၀ ရာခိုင်နှုန်းခန့်တို့သည် ကာကွယ်ဆေးတစ်ကြိမ် ထိုးနှံပေးပြီးဖြစ်သည်ကို တွေ့ရသည်။ ၂၀၂၁ ခုနှစ် ဩဂုတ်လကုန်ပိုင်းအထိ အမေရိကန်ပြည်ထောင်စုတွင် အသက် ၁၂ နှစ်နှင့်အထက်ရှိသူများကို ကိုဗစ်-၁၉ ကာကွယ်ဆေး အပြည့်ထိုးနှံပေးမှုမှာ ၆၃ ရာခိုင်နှုန်းအထိ ရှိပြီဖြစ်ကြောင်း အမေရိကန် ရောဂါကာကွယ်ထိန်းချုပ်ရေးအဖွဲ့ကြီးက ဆိုပါသည်။ ကာကွယ်ဆေး နှစ်ကြိမ်အပြည့်ထိုးပေးပြီးသူများကိုပင် မကြာမီ တတိယအကြိမ်ထိုးပေးရန် စတင်မည်ဖြစ်ကြောင်း အမေရိကန်ကူးစက်ရောဂါဌာန ညွှန်ကြားရေးမှူးအန်သိုနီဖောင်ချီက ဆိုပါသည်။ ထိုတတိယအကြိမ် ကာကွယ်ဆေးကို လွန်ခဲ့သည့်ရှစ်လက မော်ဒါနာနှင့်ဖိုက်ဇာကာကွယ်ဆေးထိုးပြီးသူ မှန်သမျှကို ထိုးပေးရန် သမ္မတ ဂျိုးဘိုင်ဒင်က ပြောကြားထားကြောင်း သိရသည်။ ဗြိတိန်နိုင်ငံကလည်း အသက် ၁၂ နှစ်မှ ၁၅ နှစ်အထိ ကလေးများကို ကာကွယ်ဆေးထိုးပေးမည်။ စာသင်ကျောင်းများတွင်လည်း ကလေးပေါင်းသုံးသန်းတို့ကို ကာကွယ်ဆေးထိုးနိုင်အောင် စီစဉ်ထားကြောင်း၊ ပညာရေး ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ဗြိတိန်ကျန်းမာရေးဝန်ကြီး ဆာဂျစ်ဂျာဗစ်က ပြောကြားသည်။

### သေဆုံးရသူ မြင့်တက်လျက်ရှိ

ကာကွယ်ဆေးမထိုးထားသူများတွင် ကိုဗစ်-၁၉ ကြောင့် သေဆုံးရသူ မြင့်တက်လျက်ရှိသည်။ ကူးစက်မှုမှာလည်း လေးဆမှ ခြောက်ဆမျှ ပိုမိုများပြားကြောင်း အမေရိကန် ရောဂါကာကွယ်ထိန်းချုပ်ရေးအဖွဲ့ကြီးက ဆိုပါသည်။ ဆေးရုံတက်ရမှုမှာ ၁၀ ဆ၊ သေဆုံးမှုမှာ ၁၁ ဆ ရှိသည့် ကိုဗစ်-၁၉ ရောဂါသည် တစ်ချိန်တွင် သာမန်အဖျားရောဂါတစ်ခုအသွင်သာ ဖြစ်သွားလိမ့်မည်၊ ထိုအခြေအနေရောက်ရန် အချိန်ယူရလိမ့်ဦးမည်ဟု Wall Street Journal တွင် ရောဂါဗေဒနှင့် ကူးစက်ရောဂါပညာရှင်တို့၏ ပြောကြားချက်ကို ဖော်ပြထားကြောင်းလည်း သိရပါသည်။ ကိုဗစ်-၁၉ ရောဂါပိုးသည် မျိုးဗီဇများ တစ်မျိုးပြီးတစ်မျိုး ကွဲပြားနေတတ်သော်လည်း ကာကွယ်ဆေးများများ ထိုးထားနိုင်လေ မျိုးဗီဇကွဲများ မဖြစ်ပွားစေဖို့ တားဆီး နိုင်လေလည်းဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ သည် ကျန်းမာရေးပြဿနာတစ်ခုဖြစ်သော်လည်း ယင်းကို မဟန့်တားနိုင်ပါက တစ်ကမ္ဘာလုံး၏ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှုရေးစသည်တို့သည်လည်း ယိုင်လဲပြိုကျနေမည်ဖြစ်သည်။ မိမိနိုင်ငံသားများသာ ကာကွယ်ပေးနေနိုင်ရုံဖြင့်မပြီးနိုင်ဘဲ အားလုံးညီတူညီမျှ ကာကွယ်ခွင့်ရနိုင်မှုသည်သာ အောင်မြင်သော လမ်းကြောင်းပေါ် ရောက်နိုင်မည်ဖြစ်ပါသည်။

ကမ္ဘာ့ငွေကြေးရန်ပုံငွေအဖွဲ့ကြီး (IMF) က ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် လေ့လာတင်ပြထားမှုကို တင်ပြလိုပါသည်။

၁။ ကမ္ဘာ့လူဦးရေ၏(အနည်းဆုံး)၄၀ ရာခိုင်နှုန်းကို၂၀၂၁ ခုနှစ်ကုန်တွင် ကာကွယ်ဆေးထိုးနှံပေးရန် ၂၀၂၂ ခုနှစ် နှစ်ဝက်တွင် ၆၀ ရာခိုင်နှုန်းတို့ကို ထိုးနှံပေးနိုင်ရန်။

၂။ ကူးစက်ပြန့်ပွားနိုင်မှုအားလုံးကို စစ်ဆေးဖော်ထုတ်ပေးကြရန်။

၃။ ကာကွယ်ဆေးမထိုးနိုင်သေးသည့် ဒေသများတွင် စစ်ဆေးကုသမှုစသည်များကို ဆတက်ထမ်းပိုး တိုးမြှင့်ပူးပေါင်းဆောင်ရွက်ကြရန်တို့ ဖြစ်သည်။ အဓိက လိုအပ်ချက်များမှာ ငွေကြေးရန်ပုံငွေများ စုဆောင်းထူထောင်ခြင်း၊ ကာကွယ်ဆေးများ လှူဒါန်းဖြန့်ဝေခြင်း၊ ရောဂါကူးစက်လွယ်နေသော အခြေအနေများအတွက် ငွေကြေးနှင့်နည်းပညာများပံ့ပိုးကူညီခြင်းတို့ဖြစ်သည်။ နိုင်ငံအစိုးရများ အခြားအရင်းအမြစ်များအတွက် စုစုပေါင်းလိုအပ်ငွေမှာ ဒေါ်လာဘီလီယံ ၅၀ မျှ ဖြစ်သည်။ ယင်းတွင် အနည်းဆုံး ဒေါ်လာ ၃၅ ဘီလီယံခန့်မှာ စုဆောင်းရရှိနိုင်ဖွယ်ရှိသည်။ ကမ္ဘာ့ထိပ်သီးနိုင်ငံ ၂၀ (G-20)က ဒေါ်လာ ၂၂ ဘီလီယံမျှထည့်ဝင်ကြမည်ဟု ဆိုကြကြောင်း ACT Access to COVID Tools ၏ ထုတ်ပြန်ချက်အရ သိရသည်။ ဒေါ်လာ ၁၃-၁၅ ဘီလီယံခန့်သာ ထပ်မံစုဆောင်းရန် လိုပါသည်။ စုစုပေါင်းဒေါ်လာ ၁၅ ဘီလီယံကို *စာမျက်နှာ ၂၅ သို့*

❖ ကိုဗစ်-၁၉ ကပ်ရောဂါသည် လူပေါင်းသန်း ၂၀၀ ကျော်ကို ကူးစက်နေစေလျက်ရှိပြီး လူငါးသန်းခန့်ကိုလည်း သေဆုံးစေလျက်ရှိသည်။ ဆက်လက်၍လည်း ဆက်လက်ကူးစက်ပြန့်ပွား သေဆုံးနေစေလျက်ရှိသည်ကို တွေ့နိုင်

❖ ကပ်ရောဂါကြီးကို ထိရောက်စွာ ဟန့်တားကာကွယ် အဆုံးသတ်နိုင်ရေးအတွက် အထိရောက်ဆုံး နည်းလမ်းများမှာ အများပြည်သူတို့ ပူးပေါင်းဆောင်ရွက်ကြခြင်း၊ ကာကွယ်ဆေးထိုးခြင်းနှင့် ထိရောက်သော ဆေးကုသခြင်းတို့ဖြစ်သည်

# စစ်ကိုင်းတိုင်းဒေသကြီး၌ မွေးမြူရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်

**စစ်ကိုင်း စက်တင်ဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြတ်ကျော်သည် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး/ ခရိုင် / မြို့နယ် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက စစ်ကိုင်းမြို့နယ် မာလဲတောကျေးရွာ မိုးပျံနဂါး ဘက်စုံမွေးမြူရေးခြံသို့ ရောက်ရှိရာ တာဝန်ရှိသူများက နွား၊ ဝက်၊ ဆိတ်၊ ကြက် မွေးမြူထားရှိမှု အခြေအနေများ၊ အစားအစာရရှိနေမှုများ၊ ဒေသခံပြည်သူများ အလုပ်အကိုင် ရရှိနေမှုများကို ရှင်းလင်းတင်ပြပေးပြီး ဘက်စုံမွေးမြူထားသည့် အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းများ အဆင်ပြေ ချောမွေ့စေရေး အတွက် ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်ကိုင်းမြို့နယ် ပန်းချီကျေးရွာ သဇင်ပန်း ကြက်မွေးမြူရေးခြံနှင့် ကျောက်ဆည်ကျေးရွာရှိ ဦးစန်းယု ဝက်မွေးမြူရေးခြံ တည်ဆောက်ရေး လုပ်ငန်းများသို့ ရောက်ရှိရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများ၊ ရှေ့ဆက်လက် လုပ်ဆောင်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် စစ်ကိုင်းမြို့ ခုတင်(၂၀၀)ဆံ့ ဆေးရုံကြီးအတွင်း တိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီမံဆောင်ရွက်မှုဖြင့် တည်ဆောက်လျက်ရှိသော အောက်ဆီဂျင်စက်ရုံ တည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား စက်ရုံ အမြန်ဆုံးလည်ပတ်နိုင်ရေး မှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။

**ဇော်မြင့်နိုင်**



## ကျွန်းလှမြို့နယ်၌ မိုးစပါးလျာထားချက် ထက်ကျော်လွန်

**ကျွန်းလှ စက်တင်ဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်အတွင်းရှိ လယ်ယာမြေများမှာ မိုးကောင်းသောက်ဖြစ်ရာ ယခုနှစ်တွင် မိုးပိုမိုရွာသွန်းခြင်းကြောင့် မိုးစပါးလျာထားချက် ၃၄၈၉၅ ဧက ရာနှုန်းပြည့် စိုက်ပျိုးနိုင်ပြီး လျာထားချက်ကျော်လွန်အောင် ဆက်လက်စိုက်ပျိုးလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဒေါ်မြင့်မြင့်ရီထံမှ သိရသည်။

ကျွန်းလှမြို့နယ်အနေဖြင့် မိုးစပါးစိုက်ပျိုးရာတွင် မျိုးလေးမျိုးကို အဓိကထားစိုက်ပျိုးကြကြောင်း၊ ရှောမင်းဧက ၁၄၅၀၀ ၊ ဆင်းသုခ ၁၆၃၇၈ ဧက၊ မနောသုခ ၁၁၆၆ ဧက၊ ရွှေသွယ်ရင် ၂၈၅၁ ဧက စုစုပေါင်း ၃၄၈၉၅ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း၊ တောင်သူများ SRI စိုက်နည်းစနစ်၊ အစေ့ချစိုက်နည်းစနစ်၊ ပေါင်ပျိုးစိုက်နည်းစနစ်များ အသုံးပြုစိုက်ပျိုးလာကြကြောင်း၊ မျိုးစေ့ထုတ်ကွက် ဧက ၁၅၀ စိုက်ပျိုးထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**မျိုးဝင်းညို (ကျွန်းလှ)**

*စာမျက်နှာ ၂၄ မှ*

နိုင်ငံအစိုးရများအပါအဝင် ကမ္ဘာ့တစ်ဝန်းအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များစသည်တို့ ကထည့်ဝင်ရန် လိုအပ်ပါသည်။ ကိုဗစ်-၁၉ကပ်ရောဂါကြီးကို ထိရောက် လျင်မြန်စွာ မတားဆီးနိုင်ပါက လူသားသန်းပေါင်းများစွာ ဆက်လက်သေဆုံးနိုင်သည့်အပြင် ကမ္ဘာ့စီးပွားရေး အခြေအနေသည်လည်း ၂၀၂၅ ခုနှစ်တွင် ဒေါ်လာ ၉ ထရီလီယံမျှ ထိခိုက်ဆုံးရှုံးနိုင်ဖွယ်ရှိနေပါသည်။

ထို့ကြောင့် ငွေကြေးဆိုင်ရာနှင့် အခြားဆောင်ရွက်သင့်သည့်အချက်များကို တင်ပြထားသည်။

၁။ ကာကွယ်ဆေးထိုးနှံမှုအတွက် COVAX အဖွဲ့ကြီးသို့ ငွေကြေး (အနည်းဆုံး)ဒေါ်လာ ၄ ဘီလီယံမျှ လှူဒါန်းရန် လိုအပ်ပါသည်။

၂။ အသိအမှတ်ပြု ကာကွယ်ဆေးများကို သတ်မှတ်ချက်များနှင့်အညီ ထုတ်လုပ်ဖြန့်ဝေခြင်းကို ပုဂ္ဂလိကအဖွဲ့များကပါ ပါဝင်ဆောင်ရွက်ခွင့်ပေးနိုင်ရန် ဆောင်ရွက်ရပါမည်။

၃။ ၂၀၂၁ ခုနှစ်အတွက် ကာကွယ်ဆေး အနည်းဆုံး တစ်ဘီလီယံ (သန်း ၅၀၀ နှစ်ကြိမ်စာ) လိုအပ်နေရာ ယင်းအတွက် အလျင်အမြန် လှူဒါန်းကြရန်လိုအပ်ပါသည်။

၄။ ၂၀၂၂ ခုနှစ် နှစ်ဆန်းပိုင်းတွင် ကာကွယ်ဆေး တစ်ဘီလီယံမျှ ထုတ်လုပ်ဖြန့်ဝေနိုင်ရန် (ယင်းသည် ဆင်းရဲသော ၉၁ နိုင်ငံအတွက် သာမက မျိုးဗီဇပြောင်းပိုးများအတွက် ထပ်ဆောင်းထိုးနှံမှုအပါအဝင်) အတွက် ဒေါ်လာ ၈ ဘီလီယံမျှ လိုအပ်ပါသည်။

၅။ ဗိုင်းရပ်စ်ပိုး၏ ဗီဇတည်ဆောက်စီစဉ်မှု၊ ကာကွယ်ဆေးများ စနစ်တကျ စီမံဖြန့်ဝေမှုတို့ကို သေချာစွာ စောင့်ကြည့်ဆောင်ရွက်ကြရန် ယင်းအတွက် ဒေါ်လာ ၃ ဘီလီယံမျှ လိုအပ်မည်။

၆။ စစ်ဆေးကုသမှုများ မြှင့်တင်ပေးရန်၊ ပြည်သူလူထု ပါဝင်ဆောင်ရွက်မှုကဏ္ဍများကို မြှင့်တင်ပေးရန်၊ ကာကွယ်ဆေးဖြန့်ဝေပေးနိုင်မှုအတွက် ကြိုတင်ပြင်ဆင်ထားရန်အတွက် ဒေါ်လာ ၃၀ ဘီလီယံမျှ လိုအပ်ပါမည်။

၇။ လိုအပ်သော ထပ်မံထိုးနှံမှုများအတွက် ကာကွယ်ဆေးများ ထပ်မံစုဆောင်းပြီး အဆင်သင့်လုပ်ထားရန် လိုအပ်ပါသည်။ (ယင်းအတွက် ဒေါ်လာ ၂ ဘီလီယံမျှ လိုအပ်ပါမည်)။

အခြားထပ်မံလိုအပ်ချက်များအတွက် ငွေကြေး ၃ဘီလီယံမျှလည်းအရန်သင့်ထားရန် လိုအပ်ပါမည်။ အဆင့် ၄ မှ ၇ အထိတို့သည် အခြေခံလူတန်းစားများအတွက် ထိရောက်သော အကာအကွယ်နှင့် ရောဂါ၏ နောက်ဆက်တွဲပြဿနာများကို ကောင်းစွာ ကိုင်တွယ်ဖြေရှင်းနိုင်ရန်ဖြစ်သည်။

ယခုတင်ပြထားသော အဆိုပြုချက်သည် IMF အဖွဲ့ကြီးသာမက ကမ္ဘာ့ထိပ်သီး နိုင်ငံ ၂၀ (G-20) နှင့် ထိပ်သီးခုနစ်နိုင်ငံ(G-7)တို့၏ ကပ်ရောဂါ ဆိုင်ရာ ကာကွယ်ရေးပူးပေါင်းဆောင်ရွက်တုံ့ပြန်မှုဆိုင်ရာ အဆင့်မြင့်ဆွေးနွေးမှုများအရလည်း သဘောတူထားကြောင်း သိရပါသည်။ ယင်းသို့ လက်တွေ့လုပ်ဆောင်နိုင်မှုသည် တစ်ကမ္ဘာလုံးယခုကြုံတွေ့နေရသော ကပ်ရောဂါကြီးကို ထိရောက်စွာ ဟန့်တားအဆုံးသတ်နိုင်လိမ့်မည်ဟု ယုံကြည်ကြကြောင်း သိရပါသည်။ နိုင်ငံအားလုံးလက်တွဲလုပ်ဆောင်ကြရုံမက ငွေကြေးကိစ္စကိုလည်း ထည့်သွင်းလုပ်ဆောင်ကြမှ လက်တွေ့အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်။

### အဆုံးသတ်ကြစို့

ကိုဗစ်-၁၉ ကို အဆုံးသတ်စေဖို့ အဓိကလိုအပ်ချက် (၃) ချက်ကို တင်ပြလိုပါသည်။

၁။ လူတိုင်းအချင်းချင်းအကြား မကူးစက်စေနိုင်သည့် နေထိုင်သွားလာဆက်ဆံမှု ပုံစံများကို ဆက်လက်ဆောင်ရွက်သွားရန်၊

၂။ ဆေးကုသခြင်း၊

၃။ ကာကွယ်ဆေးထိုးခြင်း။

အထူးသဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ခွင့်ပြုထားသော မော်ဒါနာ၊ ဖိုက်ဇာ၊ ရမ်ဒက်ဆီဗာ စသည့် ကာကွယ်ဆေးခုနစ်မျိုးတို့ကို ထိုးနှံခြင်းဖြင့် ကာကွယ်နိုင်ပါသည်။ ရာနှုန်းပြည့်မဟုတ်သည့်တိုင် ပြင်းထန်သော ဖြစ်ပွားမှုသေဆုံးမှုစသည်တို့အထိ မရောက်ရှိစေရန် ကာကွယ်ပေးနိုင်သည်ကို တွေ့ရပါသည်။ အထက်ဖော်ပြပါကဲ့သို့ ကာကွယ်ဆေးများကို ဆင်းရဲချမ်းသာမရွေး ထိုးနှံပေးနိုင်ပါက အထူးထိရောက်ကာ ကပ်ရောဂါကြီးကိုအဆုံးသတ်နိုင်ဖွယ် ရှိလိမ့်မည်ဖြစ်ကြောင်း တင်ပြလိုက်ပါသည်။ ။

**Ref;**
**May 21, 2021 "A proposal to end the COVID19 Pandemic" By Kristalina Georgieva, Gita Gopinath, and Ruchir Agarwal(IMF Blog)။**

**လက်ရှိဇာတိဒေသတွင် အမြဲတမ်းနေထိုင်၍ အိမ်ထောင်စုလူဦးရေစာရင်းရှိပြီး ကိုင်ဆောင်လက်မှတ် မရှိသူများအား ဆောင်ရွက်ပေးခြင်း (ပန်းခင်းစီမံချက်)**

- ❖ မြို့နယ်လဝကရုံးများရှိ ရုံးလက်ခံအိမ်ထောင်စုစာရင်းများမှ (၃-၁၁-၂၀၂၂) ရက်တွင် အသက် (၁၈) နှစ် ပြည့်လာမည့်သူများနှင့် အသက်(၁၈) နှစ်ပြည့်ပြီးသူများအနက် မည်သည့်လက်မှတ်မျှ ကိုင်ဆောင်ထားခြင်းမရှိသူ တစ်ဦးချင်း အမည်စာရင်းကို ရပ်ကွက်/ကျေးရွာအလိုက် ကောက်ယူစာရင်းပြုစုခြင်း၊
- ❖ ပြုစုထားရှိသည့် အမည်စာရင်းနှင့် ရွှေ့ပြောင်းလျှောက်လွှာပုံစံများအား သက်ဆိုင်ရာရပ်ကွက်/ ကျေးရွာအုပ်စုစီမံအုပ်ချုပ်ရေးမှူးများထံပေးပို့၍ အမှန်တကယ်နေထိုင်မှုရှိ/မရှိ၊ လူကျန်ခြင်း ရှိ/မရှိ စိစစ်ဖြည့်စွက်ပြီး ရွှေ့ပြောင်းလျှောက်လွှာများအား မြို့နယ်လဝကရုံးများသို့ ပြန်ကြားခြင်း၊
- ❖ မြို့နယ်လဝကရုံးများ၏ တစ်နေ့တာဆောင်ရွက်ပေးနိုင်မည့်ဦးရေနှင့် အမည်စာရင်းကို (၃)ရက် ကြိုတင်၍ သက်ဆိုင်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးမှူးများမှတစ်ဆင့် သက်ဆိုင်ရာရပ်ကွက်/ကျေးရွာ စီမံအုပ်ချုပ်ရေးမှူးများထံပေးပို့ထားပြီး ယူဆောင်လာရမည့် စာရွက်စာတမ်းနှင့် လိုအပ်ချက်များကို စာဖြင့် အကြောင်းကြားခြင်း၊
- ❖ မွေးရာပါနိုင်ငံသားများ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို မြို့နယ်ရုံးများ၌ ဆောင်ရွက်ပေးရမည့် လုပ်ငန်းစဉ်များအတိုင်း လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်၍ ကာယကံရှင်ထံသို့ တိုက်ရိုက်ထုတ်ပေးခြင်း၊
- ❖ ဥပဒေအရနိုင်ငံသားများအတွက် ကိုင်ဆောင်လက်မှတ်တစ်မျိုးမျိုးထုတ်ပေးရေးကို လိုအပ်သည့် အထောက်အထားများ တင်ပြလျှောက်ထားလာပါက အမြန်ဆုံးဆောင်ရွက်ပေးခြင်း၊
- ❖ ရုံးလက်ခံ အိမ်ထောင်စုစာရင်းနှင့် ကာယကံရှင်လက်ဝယ်ရှိ အိမ်ထောင်စုစာရင်းများတွင် ရေးသွင်းခြင်း၊

**ပြည်သူ့အတွက်ပန်းခင်း စီမံချက်**

- ❖ လက်ရှိဇာတိဒေသတွင် အမြဲတမ်းနေထိုင်၍ အိမ်ထောင်စု လူဦးရေစာရင်းရှိပြီး ကိုင်ဆောင်လက်မှတ်မရှိသူများအား ဆောင်ရွက်ပေးခြင်း၊
- ❖ လက်ရှိဇာတိဒေသတွင် အမြဲတမ်းနေထိုင်၍ အိမ်ထောင်စု လူဦးရေစာရင်းမရှိ၊ ကိုင်ဆောင်လက်မှတ်မရှိသူများအား ဆောင်ရွက်ပေးခြင်း၊
- ❖ ရွှေ့ပြောင်းနေထိုင်သူများအတွက် မူလဒေသတွင် အိမ်ထောင်စုလူဦးရေစာရင်းရှိသော်လည်း လက်ရှိဒေသတွင် ကိုင်ဆောင်လက်မှတ်မရှိသူများအား ဆောင်ရွက်ပေးခြင်း၊
- ❖ ရွှေ့ပြောင်းနေထိုင်သူများအတွက် မူလဒေသတွင် အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်လက်မှတ် မရှိ၊ လက်ရှိဒေသတွင်လည်း အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်လက်မှတ်မရှိသူများအား ဆောင်ရွက်ပေးခြင်း၊

## ပခုက္ကူမြို့၌ ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေးနေမှုများ သွားရောက်ကြည့်ရှု



**ပခုက္ကူ စက်တင်ဘာ ၁၈**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်နေသည့် အခြေအနေများကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်နှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ယမန်နေ့က ကွင်းဆင်းစစ်ဆေးသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပခုက္ကူခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးစန်းလှိုင်နှင့်အတူ ပခုက္ကူမြို့ ပြည်သာယာခန်းမ၌ ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေးနေမှုများကို သွားရောက်ကြည့်ရှုပြီး(ယာပုံ) ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေးနေမှု၊ ဆေးဝါးရရှိမှုနှင့် ရောဂါပိုး ရှိ/ မရှိ စစ်ဆေးပေးနေမှုတို့ကို ဆွေးနွေးကာ ကာကွယ်ဆေး လာရောက်ထိုးနှံသူများအား ရောဂါကာကွယ်ရေးသုံးပစ္စည်းများနှင့် အာဟာရဖြည့် အစားအသောက်များ ဝေငှပေးသည်။ ထို့နောက် ပခုက္ကူမြို့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီးဝင်းအတွင်း အောက်ဆီဂျင်စက်ရုံ တည်ဆောက်ထားရှိမှုအခြေအနေကို သွားရောက်ကြည့်ရှု စစ်ဆေးကြသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရွှေတန့်တစ်ကျေးရွာ၌ ပြည်သူများအား ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးနေမှု အခြေအနေကို သွားရောက်ကြည့်ရှုကာ ဆောင်ရွက်ပြီးစီးသည့် အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ပြည်သူများထံ ပေးအပ်သည်။

ထို့နောက် ရွှေတန့်တစ်ကျေးရွာ၌ မြို့နှင့် ကျေးရွာချင်းဆက်ကတ္တရာ လမ်းခင်းနေမှုနှင့် ကြီးရွာမြစ်ရေတင်ဖြင့် တောင်သူများအတွက် စိုက်ပျိုးရေဖြန့်ဝေပေးနိုင်မှု အခြေအနေများကို သွားရောက်စစ်ဆေးပြီး တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

**ဆလိုင်းကိုကီး(ပြန်/ဆက်)**

## သီပေါမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကွင်းဆက်ပြတ်တောက်ရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်



**သီပေါ စက်တင်ဘာ ၁၈**

ရှမ်းပြည်နယ် မြောက်ပိုင်း သီပေါမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကွင်းဆက်ပြတ်တောက် ထိန်းချုပ်နိုင်ရေးအတွက် မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်စာသင်တိုက်များ၊ မြို့အဝင်စစ်ဆေးရေးဂိတ်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ လိုက်လံစစ်ဆေးခြင်းကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။ (ဝဲပုံ)

ထိုသို့ ဆောင်ရွက်ရာတွင် ယနေ့နံနက်ပိုင်းက ဘုရားကြီးကွင်း၌ ယာယီဖွင့်လှစ်ထားသော ပျံကျဈေးသည်များကိုလည်း မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းကော်မတီ ဦးဆောင်မှုဖြင့် ကျန်းမာရေးဝန်ထမ်းများ၊ လူမှုကူညီရေး၊ ပရဟိတစေတနာရှင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ပျံကျဈေးသည် ၁၅၃ ဦးတို့ကို ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ(RTD) Test Kit ဖြင့် ကွင်းဆင်းစစ်ဆေးပေးကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## လီဗာပူးနှင့် အာဆင်နယ် အနိုင်ရပြီး မန်စီးတီး သရေကျ

**ပရီမီယာလိဂ် ပွဲစဉ် (၅) အဖြစ် စက်တင်ဘာ ၁၈ ရက် ညပိုင်းက လီဗာပူးနှင့် ခရစ္စတယ်ပဲလေ့စ်အသင်းတို့ပွဲစဉ်ကို လီဗာပူးအိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ လီဗာပူးအသင်းက သုံးဂိုး-ဂိုးမရှိ ဖြင့် အနိုင်ရရှိခဲ့သည်။**

လီဗာပူးအသင်းသည် ယနေ့ပွဲစဉ်၌ ချန်ပီယံလိဂ်ပြိုင်ပွဲတွင် အေစီမီလန်အသင်းကို အနိုင်ရရှိခဲ့သည့် ကစားသမားစာရင်းကို ငါးဦးအထိ အပြောင်းအလဲ ပြုလုပ်ပြီး ဆာလာ၊ ဂျိုတာ၊ မာနေးတို့ ဦးဆောင်ကာ ပဲလေ့စ်အသင်းကို ရင်ဆိုင်လာခဲ့သည်။ ပဲလေ့စ်အသင်းက ပြီးခဲ့သည့် ပွဲစဉ်တွင် စပါးအသင်းကို ဂိုးပြတ်အနိုင်ရရှိခဲ့သည့် ကစားသမားစာရင်းကို အပြောင်းအလဲ ပြုလုပ်လာခြင်း မရှိဘဲ ဇာဟာ၊ ဘန်တီကီ၊ အယူးတို့ ဦးဆောင်ကာ လီဗာပူးအသင်းကို ရင်ဆိုင်လာခဲ့သည်။

ပထမပိုင်း ပွဲချိန်အတွင်း အပြန်အလှန်ထိုးဖောက်မှု၊ တိုက်စစ်ဆင်မှုများနှင့်အတူ အကြိတ်အနယ်ရှိခဲ့သော်လည်း ပွဲချိန် မိနစ် ၄၀ ကျော်သည်အထိ တစ်ဖက်နှင့်တစ်ဖက် ဂိုးသွင်းယူနိုင်ခြင်းမရှိချေ။ ပွဲချိန်ပြီးဆုံးရန် နီးကပ်လာသည်နှင့်အမျှ ပဲလေ့စ်အသင်း၏ ကစားအား ကျဆင်းလာပြီး လီဗာပူးအသင်းက ထိန်းချုပ်ကစားနိုင်ခဲ့သည်။ ပွဲချိန် ၄၃ မိနစ် အရောက်တွင် ဖိအားပေးတိုက်စစ်ဆင်နေသည့် လီဗာပူးအသင်းက မာနေး၏ သွင်းဂိုးဖြင့် ပဲလေ့စ်အသင်းကို ဦးဆောင်ထားနိုင်ခဲ့သည်။

ဒုတိယပိုင်းတွင်လည်း ပဲလေ့စ်အသင်း၏ ကစားအားတက်လာခြင်းမရှိဘဲ လီဗာပူးအသင်း၏ ဖိအားပေးမှုကိုသာ ခံခဲ့ရသည်။ လီဗာပူးအသင်းအတွက် ဒုတိယဂိုးကို ပွဲချိန် ၇၈ မိနစ်တွင် ဆာလာက သွင်းယူပေးပြီး အသင်းအတွက် တတိယဂိုးကို ပွဲချိန်ပြီးခါနီးတွင် ကီတာက သွင်းယူပေးခဲ့သည်။

လီဗာပူးအသင်းသည် ယနေ့ပွဲစဉ်တွင် ပဲလေ့စ်အသင်းကို အနိုင်ရရှိခဲ့သောကြောင့် ပွဲစဉ် (၅) ယှဉ်ပြိုင်ကစားအပြီးတွင် လေးပွဲနိုင်၊ တစ်ပွဲသရေဖြင့် ရမှတ် ၁၃ မှတ် ရရှိထားသည်။ ပဲလေ့စ်အသင်းက ငါးပွဲကစားပြီး ငါးမှတ်သာ ရရှိထားသေးသည်။

အခြားသော ပွဲစဉ်ရလဒ်များတွင် နယူးကာဆယ်အသင်းနှင့် လိဒ်စ်အသင်းတို့ ပွဲစဉ်မှာ တစ်ဖက် တစ်ဂိုးစီ၊ မန်စီးတီးနှင့် ဆောက်သမ်တန်အသင်းတို့ ဂိုးမရှိသရေကျခဲ့ပြီး ဘရန့်ဖို့ဒ်က ဝုဖ်ကို နှစ်ဂိုး-ဂိုးမရှိ၊ အာဆင်နယ်က ဘန်လေအသင်းကို တစ်ဂိုး-ဂိုးမရှိ၊ ဝက်ဖို့ဒ်က နော့ဝှစ်ချ်ကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

**အောင်ဇော်**

## မြို့နယ်အသီးသီး၌ မိုးသီးနှံချေးငွေများ ဆက်လက်ထုတ်ချေးပေးလျက်ရှိ

### ချောက်

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်အတွင်းမှ တောင်သူများအတွက် ၂၀၂၁ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေများကို ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ စည်းကမ်းချက်နှင့်အညီ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ဆက်လက်ထုတ်ချေးပေးလျက်ရှိရာ စက်တင်ဘာ ၁၇ ရက်တွင် ကျေးရွာအုပ်စု သုံးစုမှ တောင်သူ ၆၁ ဦး၏ သီးနှံ ၃၅၄ ဧကအတွက် ငွေကျပ် ၃၅၄ သိန်းကို ထုတ်ချေးပေးသည်။

၂၀၂၀ ပြည့်နှစ်အတွက် မိုးရာသီစိုက်ပျိုးစရိတ် ဘဏ်ချေးငွေ ပြေကျေသည့် တောင်သူများအား ချောက်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ချေးငွေများထုတ်ပေးလျက်ရှိရာ စက်တင်ဘာ ၁၆ ရက်အထိ ကျေးရွာအုပ်စု ၃၅ အုပ်စုမှ တောင်သူဦးရေ ၃၄၀၀ ၏ သီးနှံ ၁၉၉၅၄ ဧကအတွက် မိုးရာသီ စိုက်ပျိုးစရိတ်ဘဏ်ချေးငွေကျပ် ၁၉၉၅၆ သိန်းကို ထုတ်ချေးပေးထားပြီးဖြစ်ကြောင်းနှင့် ချောက်မြို့နယ်တွင် ၂၀၂၁ ခုနှစ်အတွင်း မိုးသီးနံ ၂၅၈၉၈ ဧကစိုက်ပျိုးနိုင်ရန် လျာထားကာ တောင်သူများအတွက် မိုးသီးနှံစရိတ်ချေးငွေကျပ်သိန်း ၂၅၉၀၀ ကို စက်တင်ဘာ ၃၀ ရက် နောက်ဆုံးထား၍ ထုတ်ချေးပေးနိုင်ရန်လျာထားကြောင်း မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမန်နေဂျာ ဦးအောင်သောင်းထံမှ သိရသည်။

**ကိုညီ(ချောက်)**



### ရေကြည်

ရောဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို ကျေးလက်နေတောင်သူများအား ဆက်လက်ထုတ်ချေးပေးလျက်ရှိရာ စက်တင်ဘာ ၁၈ ရက်တွင် ဆပ်ကွင်းကျေးရွာအုပ်စုမှ တောင်သူ ၅၀၊ သခွပ်ကုန်းကျေးရွာအုပ်စုမှတောင်သူ ၁၉ ဦးနှင့် ဝွေးတောက်ကျေးရွာအုပ်စုမှ တောင်သူ ၂၁ ဦးတို့အတွက် ငွေကျပ်သိန်း ၈၄၀ ကို ထုတ်ပေးခဲ့သည်။

ရေကြည်မြို့နယ်၌ စက်တင်ဘာ ၁၆ ရက်အထိ ကျေးရွာအုပ်စု ၅၀ မှ တောင်သူ ၂၀၃၅ ဦးအတွက် ချေးငွေစုစုပေါင်း ငွေကျပ် ၂၂၁၇၃ သိန်းကို ထုတ်ချေးပေးထားပြီးဖြစ်ကာ ချေးငွေထုတ်ပေးရာတွင် ယခင်နှစ်က ချေးယူထားသော မိုးရာသီစိုက်ပျိုးစရိတ်ဘဏ်ချေးငွေများကို အကျေပေးဆပ်ပြီးသည့် ကျေးရွာအုပ်စုအလိုက်တောင်သူများအား တစ်ဧကလျှင် ငွေကျပ်တစ်သိန်းခွဲနှုန်းဖြင့် ထုတ်ချေးပေးခြင်းဖြစ်ပြီး ချေးငွေအတိုးနှုန်းမှာ ငွေကျပ် ၁၀၀ အတွက် တစ်နှစ်လျှင် ငါးရာခိုင်နှုန်းသာဖြစ်ကြောင်း သိရသည်။ **အောင်သူဟန်(ပြန်/ဆက်)**

### ချောင်းဆုံ

ချောင်းဆုံမြို့နယ် လယ်ယာစိုက်ပျိုးရေးဘဏ်ခွဲမှ မိုးစပါးစိုက်ပျိုးတောင်သူများအား ၂၀၂၁ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ထုတ်ချေးပေးလျက်ရှိရာ စက်တင်ဘာ ၁၈ ရက်က ရွာလွတ်ကျေးရွာရှိ တောင်သူ ၁၀၀ ၏ သီးနှံစိုက်ဧက ၆၉၆ ဧကအတွက် ချေးငွေကျပ် ၁၀၄၄ သိန်းကို နှစ်သုတ်ခွဲ၍ ထုတ်ပေးသည်။

၂၀၂၁ ခုနှစ် မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေ ထုတ်ပေးရာတွင် ယခင်နှစ်က ချေးငွေရယူထားပြီး ပြန်လည်ပေးဆပ်ပြီးသူများကိုသာ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း၊ လက်ရှိအချိန်အထိ ကျေးရွာ ၂၁ ရွာမှ တောင်သူ ၁၇၇၁ ဦး၏ စိုက်ဧက ၁၁၉၇၄ ဧကအတွက် ချေးငွေကျပ် ၁၇၆၉ သိန်းကို ထုတ်ချေးပေးခဲ့ပြီးဖြစ်ကြောင်းနှင့် ချေးငွေထုတ်ပေးရန် ကျေးရွာ ၂၆ ရွာ ကျန်ရှိသေးကြောင်း မြို့နယ်ဘဏ်ခွဲမန်နေဂျာ ဦးဇော်လေးထံမှ သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် စက်တင်ဘာ ၁၈**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် အဓိကအခန်းကဏ္ဍတွင်ပါဝင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုကို တိုင်းဒေသကြီး နှင့် ပြည်နယ်အသီးသီးတို့၌ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များအပါအဝင် လူမျိုးမရွေးဘာသာမရွေး အသက် ၅၅ နှစ်နှင့်အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများနှင့် ယာယီတိုက်ပွဲရှောင်စခန်းများတွင်ရှိသူများ စသည့်



ဦးတည်အုပ်စု (၁၆)စု သတ်မှတ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို နေ့စဉ်ထိုးနှံပေးလျက်ရှိသည်။ ယနေ့တွင်လည်း နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ် ရှစ်မြို့နယ်၌ ၆၄၉၈ ဦး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ ၁၆၅ ဦး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၆ မြို့နယ်၌ ၃၂၄၁၉ ဦး၊ တနင်္သာရီတိုင်းဒေသကြီးရှိ မြို့နယ် ခြောက်မြို့နယ်တို့၌ ၆၁၉၅ ဦး၊ ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ် သုံးမြို့နယ်တို့၌ ၂၆၇၅ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၄ မြို့နယ်တို့၌ ၉၇၇၀ ဦး၊ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်အတွင်းရှိ ကယ်ဆယ်ရေးစခန်းများ၌ ဘင်္ဂါလီလူမျိုး ၇၈ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် ၁၀ မြို့နယ်တို့၌ ၆၁၈၈ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့၌ ၃၄၃ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့၌ ၁၀၁၅၄ ဦးနှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၁ မြို့နယ်တို့၌ ၁၀၃၀၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး(ဓာတ်ပုံ) လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြောက်ဦးမြို့နယ်အတွင်းရှိ တိုက်ပွဲရှောင်စခန်းများမှ ပြည်သူများအား ကိုဗစ်-၁၉ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေးလျက်ရှိ

**မြောက်ဦး စက်တင်ဘာ ၁၈**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦး မြို့နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက်များတွင် ယာယီဖွင့်လှစ်ထားသော တိုက်ပွဲရှောင်စခန်းများမှ ဆေးထိုးနှံရန် ကျန်ရှိသော လာရောက်ခိုလှုံသူ ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး (Sinopharm) ဆေးများ ဆက်လက်ထိုးနှံခြင်းကို ယနေ့ နံနက် ၈ နာရီက သတ်မှတ်စုရပ်(၈)နေရာ၌ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများက အဆိုပါတိုက်ပွဲရှောင်စခန်းများသို့ သွားရောက်ပြီး ကိုဗစ်ကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)**

**ကာကွယ်ဆေးထိုးနှံပေး**

ထိုသို့ ကာကွယ်ဆေးများ ဆက်လက် ထိုးနှံပေးရာတွင် တိုက်ပွဲရှောင်စခန်းများဖြစ်သည့် စင်းဘောကိုင်း တိုက်ပွဲရှောင်စခန်း၊ သျှစ်သောင်းတိုက်ပွဲရှောင်စခန်း၊ မြတန်ဆောင်း တိုက်ပွဲရှောင်စခန်း၊ လက်ကောက်ဈေး တိုက်ပွဲရှောင်စခန်း၊ ရွှေထီးဆောင်း တိုက်ပွဲရှောင်စခန်း၊ ထမ္မရာဇ် တိုက်ပွဲရှောင်စခန်းနှင့် ကျောက်ရာဇ်ကေ တိုက်ပွဲရှောင်စခန်းများမှ အသက် (၁၈)နှစ်မှ (၄၅)နှစ်အထိ ပြည်သူ ၃၁၉ ဦး၊ အသက်(၄၅)နှစ်မှ(၆၅)နှစ်အထိ ပြည်သူ ၆၉ ဦး၊ အသက် (၆၅)နှစ်အထက် ပြည်သူ ၂၃ ဦးအား မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများ၊ မြို့ပေါ် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်စာရေးများနှင့် တိုက်ပွဲရှောင်စခန်း တာဝန်ခံများ ပူးပေါင်းကာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက် ထိုးနှံပေးလျက်ရှိသည်။

**ကျန်းမာရေးစစ်ဆေးပေး**

ထိုသို့ မြို့နယ်အတွင်းရှိ တိုက်ပွဲရှောင် စခန်းများ၌ ကာကွယ်ဆေးများ ဆက်လက် ထိုးနှံပေးရာတွင် ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်- ၁၉ ရောဂါဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ ကိုယ်အပူချိန် တိုင်းတာပေးခြင်း၊ သွေးပေါင်ချိန် တိုင်းတာပေးခြင်း၊ သွေးတိုးနှင့် ဆီးချိုရောဂါ ရှိ/မရှိ စစ်ဆေးပေးခြင်းများနှင့် ပုံမှန်အနေအထားရောက်ရှိမှသာ ကိုဗစ်ကာကွယ်ဆေးများဆက်လက်ထိုးနှံပေးခြင်းဖြစ်ရာ ကာကွယ်ဆေးထိုးနှံပြီးသူများ မိနစ် ၃၀ ခန့် အနားယူစောင့်ကြည့်ခြင်းများ ဆောင်ရွက်လျက်ရှိပြီး ယနေ့နံနက်ပိုင်းအထိ မြောက်ဦးမြို့ပေါ်ရပ်ကွက်များရှိ တိုက်ပွဲရှောင်စခန်း ရှစ်ခုမှ တိုက်ပွဲရှောင်ပြည်သူ စုစုပေါင်း ၄၁၁ ဦးအား ကိုဗစ်ကာကွယ်ဆေးများ ဆက်လက် ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

**ခင်မောင်ထွန်း**

**(ပြန်/ဆက်)**




## ကျောက်တော်မြို့နယ်အတွင်းရှိ တိုက်ပွဲရှောင်စခန်းများမှ ပြည်သူများအား ကိုဗစ်-၁၉ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေး

**ကျောက်တော် စက်တင်ဘာ ၁၈**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် ကျောက်တော်မြို့နယ်အတွင်းရှိ တိုက်ပွဲရှောင် စခန်းများတွင် လာရောက် ခိုလှုံနေကြသော ဝါးတောင်ကျေးရွာ တိုက်ပွဲရှောင်စခန်းနှင့် ကန်စောက်ကျေးရွာ တိုက်ပွဲရှောင်စခန်းများရှိ ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး (Sinopharm) ပထမအကြိမ် ထိုးနှံခြင်းကို ယနေ့ နံနက် ၉ နာရီက ကန်စောက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းစုရပ်၌ကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။**(အပေါ်ပုံ)**

**ကာကွယ်ဆေးထိုးနှံပေး**

ထိုသို့ ကာကွယ်ဆေးများ ဆက်လက် ထိုးနှံပေးရာတွင် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်စွာညွန့်၏ စီမံဆောင်ရွက်မှုဖြင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဦးစီးမှူး ဒေါက်တာသိန်းထွန်းဦး ဦးဆောင်ကာ မြို့နယ်ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တိုက်ပွဲရှောင်စခန်းမှ တာဝန်ခံများ ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများအား ထိုးနှံခြင်းဖြစ်ပြီး နေပူခံ တိုက်ပွဲရှောင်စခန်းမှ ပြည်သူများအား ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ အဆိုပါ တိုက်ပွဲရှောင်စခန်းရှိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး လာရောက် ထိုးနှံသူများအား ကာကွယ်ဆေး ထိုးနှံခြင်းမပြုမီ ကျန်းမာရေး ဝန်ထမ်းများက ကိုယ်အပူချိန် တိုင်းတာပေးခြင်း၊ သွေးတွင်း အောက်ဆီဂျင်ပါဝင်မှုပမာဏများ တိုင်းတာပေးခြင်းတို့ကို ဆောင်ရွက်ပေးပြီး ပုံမှန်အနေအထား ရောက်ရှိမှသာ ကာကွယ်ဆေး ထိုးနှံပေးခြင်းဖြစ်ပြီး ဆေးထိုးနှံပေးပြီးနောက် မိနစ် ၃၀ ခန့် စောင့်ကြည့်ပြီးမှ ဆေး လာရောက်ထိုးနှံသူများအား ကျန်းမာရေး အသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်ကြောင်း သိရသည်။

**ဆက်လက်ထိုးနှံပေး**

ယနေ့တွင် ဝါးတောင်တိုက်ပွဲရှောင်စခန်းရှိ ပြည်သူ ၁၀၀ နှင့် ကန်စောက်ကျေးရွာ တိုက်ပွဲရှောင်စခန်းရှိ ပြည်သူ ၂၀၀ စုစုပေါင်း တိုက်ပွဲရှောင်ပြည်သူ ၃၀၀ အား တရုတ်နိုင်ငံထုတ်(Sinopharm) ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

**ခင်မောင်ထွန်း**

**(ပြန်/ဆက်)**



# အာဆီယံဆူဇူကီးဖလားပြိုင်ပွဲကို ကပ်ရောဂါကြောင့် အိမ်ရှင်နိုင်ငံရွေးချယ်၍ ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၁၈**

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ၂၀၂၀ အာဆီယံ ဆူဇူကီးဖလားပြိုင်ပွဲကို အိမ်ရှင်နိုင်ငံ ရွေးချယ်၍ ပြုလုပ်မည်ဖြစ်သည်။

ယခုပြိုင်ပွဲကို ပုံမှန်အရ ၂၀၂၀ ပြည့်နှစ်တွင် ကျင်းပရမည်ဖြစ်သော်လည်း ကပ်ရောဂါကြောင့် ရွှေ့ဆိုင်းခဲ့ရပြီး ယခုနှစ်တွင် ပြန်လည်ကျင်းပမည်ဖြစ်သော်လည်း ၂၀၂၀ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲအမည်ဖြင့်သာ ပြုလုပ်မည်ဖြစ်သည်။ ၂၀၂၀ အာဆီယံ ဆူဇူကီးဖလားပြိုင်ပွဲကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၅ ရက်မှ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁ ရက်အထိ ကျင်းပမည်ဖြစ်သည်။အာဆီယံဘောလုံး အဖွဲ့ချုပ်အနေဖြင့် ၂၀၁၈ ပြိုင်ပွဲပုံစံအတိုင်း ကျင်းပနိုင်ရန် ကြိုးပမ်းခဲ့သော်လည်း မဖြစ်နိုင်သဖြင့် အိမ်ရှင်နိုင်ငံ ရွေးချယ်ကျင်းပရခြင်းဖြစ်သည်။ အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ၂၀၁၈ ပြိုင်ပွဲပုံစံဖြစ်သည့် အုပ်စုလေးပွဲကို အိမ်ကွင်းနှစ်ပွဲ၊ အဝေးကွင်းနှစ်ပွဲ၊ ဆီမီးဖိုင်နယ်နှင့် ဗိုလ်လုပွဲကို အိမ်ကွင်း၊ အဝေးကွင်းပုံစံဖြင့် ကျင်းပရန် မဖြစ်နိုင်သဖြင့် အိမ်ရှင်နိုင်ငံရွေးချယ်ကာ ပြုလုပ်သွားမည်ဖြစ်သည်။

အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရန် ကမ္ဘောဒီးယား၊ ထိုင်း၊ စင်ကာပူစသည့် နိုင်ငံများက ကြိုးပမ်းနေပြီး ကမ္ဘောဒီးယားနိုင်ငံမှာ ၂၀၂၃ ဆီးဂိမ်းပြိုင်ပွဲအတွက် တည်ဆောက်ပြီးစီးသွားသည့် Morodok Techo ဘောလုံးကွင်း၌ ပြုလုပ်ရန် ဆန္ဒရှိနေခြင်းဖြစ်သည်။ ကပ်ရောဂါအခြေအနေကြောင့် မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံအများစုမှာ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်မဟုတ်ဘဲ အာဆီယံဘောလုံးအဖွဲ့ချုပ်အနေဖြင့် စက်တင်ဘာ ၂၁ ရက်တွင် ပြုလုပ်မည့် အုပ်စုမဲခွဲပွဲ၌ အတည်ပြုထုတ်ပြန်သွားဖွယ်ရှိနေသည်။

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ၂၀၂၀ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲကို အုပ်စုနှစ်စုခွဲ၍ ကျင်းပမည်ဖြစ်ပြီး ငါးသင်းနှစ်အုပ်စုခွဲ၍ ပြုလုပ်မည်ဖြစ်သည်။

**ရဲရင့်လွင်**

## ခြေစွမ်းတည်ငြိမ်နေသည့် ဝက်စ်ဟမ်းကို အနိုင်ယူရန် အကြိတ်အနယ်ယှဉ်ပြိုင်ရမည့် မန်ယူ

ပရီမီယာလိဂ်ပွဲစဉ် (၅) အဖြစ် စက်တင်ဘာ ၁၉ ရက် ည ၇ နာရီခွဲတွင် ဝက်စ်ဟမ်းအသင်းနှင့် မန်ယူအသင်းတို့ပွဲစဉ်ကို ဝက်စ်ဟမ်း အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပွဲစဉ် (၄) ယှဉ်ပြိုင်အပြီးတွင် မန်ယူအသင်းက ရမှတ် ၁၀ မှတ်ဖြင့် ဝက်စ်ဟမ်းအသင်း အထက်တွင် ရပ်တည်နေသည်။ အဆိုပါ နှစ်သင်းကြား ရမှတ်ကွာဟမှုသည် နှစ်မှတ်သာရှိသောကြောင့် ယနေ့ပွဲစဉ်သည် အကြိတ်အနယ် ရှိလာမည်ဖြစ်သည်။

ဝက်စ်ဟမ်းအသင်းသည် ယခုပွဲစဉ် မတိုင်မီ ယူရိုပါလိဂ်တွင် ဒိုင်နမိုဇာဂရက် အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ပြီး နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိထားသည်။ မန်ယူအသင်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ယန်းဘွိုင်းစ်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ပြီး နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

မန်ယူအသင်းသည် ယခုနှစ် ပရီမီယာလိဂ်တွင် ယှဉ်ပြိုင်ကစားခဲ့သည့် အဝေးကွင်း နှစ်ပွဲတွင် တစ်ပွဲနိုင်ပြီး တစ်ပွဲရှုံးနိမ့်ထားသည်။ အဆိုပါနှစ်ပွဲတွင် ရဂိုးက နှစ်ဂိုးသာရှိထားသည်ကို တွေ့ရသည်။ အိမ်ကွင်းတွင်ယှဉ်ပြိုင်ကစားခဲ့သည့်နှစ်ပွဲတွင် ရဂိုးက ကိုးဂိုးအထိရှိသောကြောင့် မန်ယူအသင်းအနေဖြင့် အဝေးကွင်းထက် အိမ်ကွင်းစွမ်းဆောင်ရည် ပိုမိုကောင်းမွန်နေ သည်။ ဝက်စ်ဟမ်းအသင်းက ယခုနှစ်ရာသီ အိမ်ကွင်း၊ အဝေးကွင်း စွမ်းဆောင်ရည် တည်ငြိမ်နေသည်။

ဝက်စ်ဟမ်းအသင်းနှင့် မန်ယူအသင်းတို့ နောက်ဆုံးထိပ်တိုက် တွေ့ဆုံခဲ့သည့် နောက်ဆုံး လေးကြိမ်တွင် မန်ယူအသင်းက အသာရထားပြီး တစ်ကြိမ်သရေကျကာ သုံးကြိမ်အထိ နိုင်ပွဲရရှိထားသည်။ ဝက်စ်ဟမ်းနှင့် မန်ယူအသင်းတို့အနေဖြင့် ယခုပွဲစဉ်ပြီးလျှင် ကာရာဘောင်ဖလား တတိယအဆင့်ပွဲစဉ်အဖြစ် စက်တင်ဘာ ၂၃ ရက်တွင် မန်ယူအိမ်ကွင်း၌ ထပ်မံယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**အောင်ဇော်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကိုယ်ပွားသတင်းစာတိုက် (ကျိုင်းတုံ)တွင် အသုံးပြုရန် ၃၀" နိုင်ငံခြားသတင်းစာစက္ကူလိပ်များနှင့်ပတ်လည်ပုံနှိပ်စက်များမှ ထွက်ရှိသည့် လုံးကျန်၊ လိပ်ခွာများကို (၂၃ ၁/၄"x၃၀")အရွယ်သတင်းစာစက္ကူများ ဖြတ်တောက်ခြင်းနှင့် လုံးကျန်၊ လိပ်ခွာ၊ စက္ကူလိပ်၏ (အူတိုင်အလွတ်)များရောင်းချခြင်းကို ၁-၁၀-၂၀၂၁ရက်မှ ၃၁-၃- ၂၀၂၂ရက်အထိ ကာလအတွင်း ဆောင်ရွက်ရန်ရှိပါသဖြင့် စိတ်ပါဝင်စားသူ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များမှ ဈေးနှုန်းလွှာများ တင်သွင်းကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို အောက်ပါလိပ်စာတွင် ၂၀-၉-၂၀၂၁ ရက်မှ ၄-၁၀-၂၀၂၁ရက်အထိ နေ့စဉ် နံနက် ၉:၃၀ နာရီမှ ညနေ ၄:၃၀ နာရီအတွင်း လာရောက်ထုတ်ယူနိုင်ပြီး ၅-၁၀-၂၀၂၁ ရက် ညနေ ၃ နာရီအတွင်း တင်သွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်သိရှိလိုပါက အထွေထွေမန်နေဂျာ ဖုန်း-၀၆၇-၃၄၁၂၁၄၅၊ စာတည်းမှူးချုပ် (ရန်ကုန်တာဝန်ခံ) ဖုန်း-၀၁- ၈၂၉၄၆၃၀၊ ရန်ကုန်(ထုတ်လုပ်ဌာန) ဖုန်း-၀၁- ၈၂၀၁၁၉၂၀ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့**

## ကျန်းမာရေးဝန်ကြီးဌာန<br>မြို့နယ်ကုသရေးဦးစီးဌာန၊<br>မြို့နယ်ဆေးရုံ အထောက်အကူပြုအဖွဲ့<br>ပဲခူးတိုင်းဒေသကြီး၊ ပေါင်းတည်မြို့<br>အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း<br>(၁၃၈၃ ခုနှစ် တော်သလင်းလဆန်း ၁၀ ရက်)<br>၂၀၂၁ ခုနှစ် စက်တင်ဘာ ၁၅ရက်

၁။ ပဲခူးတိုင်းဒေသကြီး၊ ပေါင်းတည်မြို့နယ်ကုသရေးဦးစီးဌာနမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ နေပြည်တော်၏ (၀၄၀၂) ငွေစာရင်းခေါင်းစဉ် ပြင်ဆင်ထိန်းသိမ်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ပေါင်းတည်မြို့နယ်ဆေးရုံရှေ့မျက်နှာစာ ခြံစည်းရိုးပြုပြင်ရန်လုပ်ငန်း (ပစ္စည်းဖိုး+လုပ်အားခ)များအား ဘဏ္ဍာနှစ်အတွင်း ပြီးစီးအောင်ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား မြန်မာ(ကျပ်ငွေ)ဖြင့် အိတ်ဖွင့်တင်ဒါ(Open Tender) ပေးသွင်းရန်ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| တင်ဒါအဆိုပြုလွှာက်လွှာရောင်းချမည့်ရက် (လုပ်ငန်းတင်ဒါ) | - | ၁၆-၉-၂၀၂၁ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီ |
| တင်ဒါအဆိုပြုလျှောက်လွှာပိတ်ရက် (လုပ်ငန်းတင်ဒါ) | - | ၂၉-၉-၂၀၂၁ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီ |
| အိတ်ဖွင့်တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက် (လုပ်ငန်းတင်ဒါ) | - | ၂၉-၉-၂၀၂၁ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီ |
| အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့်ရက်/နေရာ (လုပ်ငန်းတင်ဒါ) | - | ၃၀-၉-၂၀၂၁ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီ မြို့နယ်ကုသရေးဦးစီးဌာနမှူးရုံး၊ ပေါင်းတည်မြို့ |

၂။ တင်ဒါလျှောက်လွှာပုံစံများနှင့် စည်းကမ်းချက်များကို ပေါင်းတည်မြို့နယ်ကုသရေးဦးစီးဌာနမှူး ရုံးခန်းရုံးအဖွဲ့တွင် ၁၇-၉-၂၀၂၁ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်ဝယ်ယူတင်သွင်းနိုင်ပါသည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၅၃-၃၈၀၃၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**မြို့နယ်ကုသရေးဦးစီးဌာန၊ ပေါင်းတည်မြို့**

## ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၂)၊ မြေကွက်အမှတ်(၃၅၈)၊ ဦးအေးကြိုင်(N/RGN-001892)အမည်ပေါက်၊ အကျယ်အဝန်း (၀.၀၅၅)ဧကရှိ ပါမစ်မြေအမျိုးအစား၊ အမှတ်(၃၅၈)ဟုခေါ်တွင်သော မြေကွက်အား ဆက်စပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးဝင်းမင်းထွန်း (၁၂/ကမတ(နိုင်)၀၀၁၄၁၉)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်တွင်း ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

**ဒေါ်ယဉ်ယဉ်သူ(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၂၅၈၃၂)**
**ဖုန်း-၀၉-၇၆၄၈၅၂၈၇၉**

**နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့**
**သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့**

## မွေးနေ့ဆုတောင်း

မိသားစု၏ ချစ်ခင်လေးစား အားကိုးရပါသော **ဦးမြင့်ကျော်**၏ မွေးနေ့မှသည် အသက်(၁၂၀)တိုင်အောင် စိတ်ချမ်းသာကိုယ်ကျန်းမာစွာဖြင့် လောကီလောကုတ္တရာ နှစ်ဖြာသောအကျိုးကို ဆောင်ရွက်နိုင်ပါစေ။

**ချစ်ဇနီးနှင့် သားများ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၀)ရပ်ကွက်၊ ဒူးယား(၄)လမ်း(ခ)သရဖီလမ်း၊ မြေကွက်အမှတ် (၄၇၈)၊ အကျယ်အဝန်း(၄၀ပေ × ၆၀ပေ)ရှိ ဦးအောင်ဝင်း(AA-၀၄၉၀၁၅) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ဆွေ (၁၂/ဗဟန (နိုင်) ၀၄၂၄၀၈) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် အတွက်စရံငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါ သည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့် အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဦးပြည့်ဖြိုးအောင်** |
| LL.B, D.B.L, D.I.L, | LL.B, |

တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)အထက်တန်းရှေ့နေ(စဉ်-၄၅၅၃၀)
**Hein Htet San Law Firm** ဖုန်း - ၀၉၅၅၀၆၁၄၆၊ ၀၉၄၂၀၁၂၄၀၀၃

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးခရိုင်၊ လားရှိုးမြို့၊ ရပ်ကွက် (၅)၊ အကွက်အမှတ် (မန်အိုင်အရှေ့)၊ ဦးပိုင်အမှတ် (၃၁၄)၊ ဧရိယာ ၀ဒသမ ၁၀၁ ဧကရှိမြေကွက်ကို မြေငှားဂရန် လိုင်စင်အမှတ်တွဲအမှတ် ၈၅၅-၅/ ၁၉၉၆-၉၇ (စီ)ဖြင့် ဒေါ်ကေ့မိုင် ၁၃/လရန (နိုင်)၀၈၅၉၁၃မှ အမည် ပေါက်ပိုင်ဆိုင်ပြီး ၁၄-၇-၂၀၂၀ ရက်စွဲပါစာချုပ်အမှတ် ၂၄၀၊/၂၀၂၀ ဖြင့် ဧရိယာ ၀ဒသမ ၁၀၁ ဧကအနက်မှ မြေကွက်၏ မြောက်ဘက်ခြမ်း(အေ) အမှတ်အသားပြ ဧရိယာ ၀ဒသမ၀၆၉ဧကအား ဒေါ်ဝူကျင်တိ ၁၃/လရန(နိုင်)၀၅၃၆၄၂သို့ ရောင်းချပြီး ဖြစ်၍ ဦးပိုင်ခွဲစိတ်ခွင့် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက အထောက်အထားခိုင်လုံစွာဖြင့် ရက်ပေါင်း ၂၀ အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၁)၊ မြေကွက်အမှတ်(၁၂၈၀)၊ မြေကွက်တည်နေရာ အမှတ်(၁၂၈၀)၊ ဗိုလ်ဂါမဏိလမ်း၊ (၄၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ဦးကျော်သိန်း (CK-001227)အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မြေအားအမည်ပေါက်ဦးကျော်သိန်း ကွယ်လွန်သဖြင့်ဇနီးဖြစ်သူဒေါ်ကြည်ကြည်မြ (၁၂/မဂတ(နိုင်)၀၄၂၀၃၈)မှဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ခင်ပွန်း ဦးကျော်သိန်း သေစာရင်း၊တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်ပြီးတရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြောင်း၊ဒေါ်ကြည်ကြည်မြ၏ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊အိမ်ထောင်စုလူဦးရေစာရင်းတို့တင်ပြ၍ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးနှင့်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအားတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇-ရက်)အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3D/5288 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးသွားပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် EE/5981, Toyota CALDINA ET/96, S/W(4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်တင်ထွေး ၁၂/ပဘတ (နိုင်)၀၀၄၅၈၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**
**အင်းစိန်မြို့**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ဟင်္သာတမြို့နယ်၊ နတ်မော်လမ်း၊ ကုန်းကြီးရပ်ကွက်၊ အမှတ်(၂၉)နေ ဦးကံအုန်း-ဒေါ်သန်းသန်းထွေးတို့၏သား၊ မောင်ဇင်ကိုကိုထက် ၁၄/ဟသတ(နိုင်)၃၂၄၅၅၉ သည် မိဘနှစ်ပါး၏ ဆိုဆုံးမမှုကိုမနာခံဘဲ ၎င်း၏သဘောအတိုင်း ပြုမူဆောင်ရွက်နေပါသဖြင့် သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝသည် မိသားစုနှင့် မပတ်သက်ကြောင်း(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဖခင်- ဦးကံအုန်း
မိခင်- ဒေါ်သန်းသန်းထွေး

# မြဝတီမြို့နှင့် ဘားအံမြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ


**နေပြည်တော် စက်တင်ဘာ ၁၈**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁၇ ရက် မွန်းလွဲ ၁ နာရီခွဲတွင် မြဝတီမြို့ အမှတ်(၃) ရပ်ကွက်ရှိ မဝင်းပပမွန် (ခ) အငယ်မ၏ နေအိမ်သို့ ဝင်ရောက်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၂၇ ပြားကို လည်းကောင်း။

အလားတူ ယင်းနေ့ ညနေ ၅ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဘားအံမြို့နယ် ဂျိုင်း ကျေးရွာအနီးတွင် အောင်ချမ်း မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀ ကို လည်းကောင်း။

ထို့အတူ ညနေ ၅ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် အဆိုပါနေရာအနီး၌ ဇင်ဘိုဘိုထူး မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀ ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲ စေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



အောင်ချမ်းနှင့် ဇင်ဘိုဘိုထူးတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

## မိုးရေချိန်များ

**နေပြည်တော် စက်တင်ဘာ ၁၈**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မင်းကင်းမြို့တွင် ၂ ဒသမ ၁၃ လက်မ၊ ညောင်ဦးမြို့တွင် ၁ ဒသမ ၇၃ လက်မ၊ နောင်ချိုမြို့တွင် ၁ ဒသမ ၅၇ လက်မ၊ ကျောက်တော်မြို့တွင် ၁ ဒသမ ၄၆ လက်မ၊ စစ်တွေမြို့တွင် ၁ ဒသမ ၄၁ လက်မ၊ မြောက်ဦးမြို့တွင် ၁ ဒသမ ၃၀ လက်မ၊ မောင်တောမြို့တွင် ၁ ဒသမ ၂၆ လက်မ၊ မာန်အောင်မြို့တွင် ၁ ဒသမ ၂၂ လက်မ၊ ဆောမြို့တွင် ၁ ဒသမ ၂၈ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ဓမ္မာရုံ(၂၁၃×၉၀×၄၆)ပေ | ၈၇၃၀. ၂၀ | ၁ လုံး | - | ၁ လုံး |
| ၂။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၀ | ၁ ခု | - | ၁ ခု |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု | - | ၁၈ ခု |
| ၄။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၀ | ၄၅၅ ခန်း | ၁၂ ခန်း | ၄၄၃ ခန်း |
| ၅။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၈ တိုင် | ၄၂ တိုင် |
| ၆။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၄၆ ခု | ၆၀၆ ခု |
| ၇။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၁၃ တိုင် | ၁၆၇ တိုင် |
| ၈။ | Garden Light (၁ မီတာ(၁)တိုင်) | ၁. ၂ | ၉၀ တိုင် | ၁၅ တိုင် | ၇၅ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၉။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ (၄၆ ပေ×၃၄ ပေ×၂၂. ၈ ပေ) | ၁၄၉၈ | ၁ ခု |
| | (ခ) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ဂ) အဝင်မုခ်အဆောက်အဦ ပင်မလှေကား(၃၅ ပေ×၃၂ ပေ) | ၅၆၂ | ၁ စင်း |
| | (ဃ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (င) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (စ) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (ဆ) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| | (ဇ) ရေကန်ပတ်လည်မြေယာရှုခင်း | ၅၀ | ၁ ခု |
| ၁၀။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၁၁။ | High Mast မီးတိုင်(၂၀ မီတာ (၁)တိုင်) | ၄၉၄ | ၉ တိုင် |
| ၁၂။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |
| ၁၃။ | မဟာရံတံတိုင်း၏ မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း |
| ၁၄။ | မဟာရံတံတိုင်း(အင်္ဂတေမြန်မာမှု) | ၄.၁ | ၂၁၈ ကျင်း |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**
**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## ဗိုလ်မှူးကြီးမြင့်ဦး(ငြိမ်း)
### တေဇ(၉)
### (ဥက္ကဋ္ဌ၊ Vaginia Tobacco Co.,Ltd)
### အသက်(၆၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ကမ်းနားအလယ်ရပ်၊ အောင်ဇေယျလုံးချင်းအိမ်ရာ၊ အမှတ် (၁၃)Eနေ (ဦးညွန့်ရွှေ-ဒေါ်ရှုကြည်)(တိုက်ကြီး)တို့၏သားကြီး၊ ဒေါ်လွေအေးအေးထွမ်း၏ ချစ်လှစွာသော ခင်ပွန်း၊ ကိုကောင်းမြတ်ဦး-မချောအိဇော်၊ ဗိုလ်ကြီးမျိုးမြတ်ဦး-မနန်းဟွမ်ငင်းနွဲ့၊ မောင်ဉာဏ်ဟိန်းဦးတို့၏ ချစ်လှစွာသော မွေးသဖခင်၊ မောင်ဇွဲရန်မှူးပိုင်၊ မလင်းလဝန်းမြတ်တို့၏ အဘိုးဗိုလ်မှူးကြီး မြင့်ဦး(ငြိမ်း) အသက်(၆၂)နှစ်သည် ၁၇-၉-၂၀၂၁ရက်(သောကြာနေ့) ည ၇နာရီတွင် နေအိမ်၌ (၉၆)ပါးသော ရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်အား ၂၁-၉-၂၀၂၁ ရက်(အင်္ဂါနေ့)တွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၃-၉-၂၀၂၁ရက် (ကြာသပတေးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာပြုလုပ်မည်ဖြစ်ပါ၍ ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးကြီး မြင့်ဦး(ငြိမ်း)
### တေဇ(၉)
### (ဥက္ကဋ္ဌ၊ Vaginia Tobacco Co.,Ltd)
### အသက်(၆၂)နှစ်

တေဇ(၉)မှ ချစ်လှစွာသော သူငယ်ချင်း ဗိုလ်မှူးကြီး မြင့်ဦး(ငြိမ်း)(တေဇ ၁၀၀၅)(Best Cadet)သည် ရန်ကုန်မြို့ နေအိမ်၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း ကြားသိရသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**တေဇ(၉)မှ သူငယ်ချင်းများနှင့် မိသားစုများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးကြီးမြင့်ဦး(ငြိမ်း)
### တေဇ(၉)
### (ဥက္ကဋ္ဌ၊ Vaginia Tobacco Co.,Ltd)
### အသက်(၆၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ကမ်းနားအလယ်ရပ်၊ အောင်ဇေယျလုံးချင်းအိမ်ရာ၊ အမှတ် (၁၃)Eတွင်နေထိုင်သော ဒေါ်လွေအေးအေးထွမ်း၏ ချစ်လှစွာသော ခင်ပွန်း ဗိုလ်မှူးကြီး မြင့်ဦး(ငြိမ်း) သည် ၁၇-၉-၂၀၂၁ရက် ည ၇နာရီတွင် နေအိမ်၌ (၉၆) ပါးသောရောဂါဖြင့် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အိမ်ရာကော်မတီ**
**အောင်ဇေယျလုံးချင်းအိမ်ရာ**
**အင်းစိန်မြို့နယ်**

---

### ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းမြောက်ရပ်ကွက်၊ ကြံခင်းလမ်း၊ တိုက်အမှတ်-၆၊ (၃-လွှာ/ဘီ)(ခြေရင်းခန်း)၊ (၁၂ပေခွဲxပေ ၅၀)ရှိ ဦးပြည့်စိုးအောင် ပိုင်ဆိုင်သည့် တိုက်ခန်းနှင့် အကျိုးခံစားခွင့်တို့နှင့်ပတ်သက်၍ အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူသည် အထက်ဖော်ပြပါ တိုက်ခန်းအား စာချုပ်အဆက်ဆက်ဖြင့် လက်ဝယ်ထားဝယ်ယူပိုင်ဆိုင်သူ ဦးပြည့်စိုးအောင် ၁၂/သဃက(နိုင်)၀၆၁၇၃၇ထံမှ ဝယ်ယူမည်ဖြစ်ခြင်းကြောင့် အထက်ဖော်ပြပါတိုက်ခန်းနှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူများ၊ ကန့်ကွက်မည့်သူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဖော်ပြပါ တိုက်ခန်းအား ဝယ်ယူခြင်းကို ဥပဒေနှင့်အညီ ပြီးပြတ်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးခိုင်ဌေး(LL.B,D.B.L,D.I.L)** | **ဒေါ်ခိုင်ဦးသူ(LL.B,D.B.L,D.I.L)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၉)** | **အထက်တန်းရှေ့နေ(စဉ်-၃၇၉၅၄)** |

**အမှတ်-၈၇၊ ဈေးကြီးလမ်း၊ မကျည်းတန်းတောင်/ရှေ့ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၂၅၈၈၁**

---

## ပျောက်ဆုံးကြောင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာဇံမြို့နယ်၊ အကွက်(၁၉၀)၊ ၂၃x၂၄၊ ၈၈x ၈၉ သီရိမာလာအရှေ့နေ ဦးဌေးလွင်၏သား ကျွန်တော် ဦးသိန်းထက်အောင် ၉/အမဇ (နိုင်)၀၃၆၇၁၆ ၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၃၁၅၉၅၆၀**

---

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4G/2549 ၊ DAIHATSU HIJET S201P ၊ Pickup(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းနိုင် ၁၂/ဥကတ(နိုင်)၁၄၅၁၇၂ က ကမ-၃ ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

---

## အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းနှင့် လူနေရပ်ကွက် အမှတ်(၄)၊ သီလ(၁၀)လမ်းရှိ အလျား၊ အနံ (၄၀ပေx၆၀ပေ)ရှိသော နှစ်(၆၀)မြေငှား ဂရန်မြေကွက်အမှတ် (၃၂၇)၊ မြေကွက်အနက်မှ ဦးကျင်ထွန်း အမည်ပေါက်ဘက်ခြမ်း၊ အတွင်းဘက်ခြမ်းရှိ (၁၀ပေx၆၀ပေ)မြေကွက်နှင့် မြေကွက်ပေါ်ရှိ နေအိမ်တို့၏ အကျိုးခံစားခွင့်အရပ်ရပ်ကို ဒေါ်စိန်လှ ၁၂/ဥကတ(နိုင်)၀၄၀၁၂၇ထံမှ ဒေါ်ခင်နု ၁၂/ကမရ(နိုင်)၀၂၁၉၉၉ က ဝယ်ယူပိုင်ဆိုင်ထားသူဖြစ်ကြောင်းနှင့် အဆိုပါမြေကွက်နှင့် နေအိမ်အား သော့ခတ်ပိတ်ထားပါ၍ ဒေါ်ခင်နု၏ ခွင့်ပြုချက်မရရှိဘဲ မည်သူမျှ ဝင်ရောက်ခြင်းမပြုပါရန် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်သိန်းကျော်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၆၇၃/၂၀၁၂)**
**"Pratice Lawyer " Law Group**
**ရုံးခန်း-တိုက် B-1၊ အခန်း-၁၀၂၊ ပထမထပ်၊ ဗညားဒလလမ်း၊**
**ယုဇနပလာဇာအနီး၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၆၁၀၃၆၉၀၆**
**Facebook: landlawyer1@gmail.com**

---

### ကျေးဇူးတင်ရှိပါကြောင်း
### ဟာဂျီ ဦးမဂျစ်(ခ)ဦးသိန်းအောင် (လားရှိုးမြို့)
### တိုကျိုကားပစ္စည်းဆိုင်နှင့် ကားရောင်းဝယ်ရေးလုပ်ငန်း
### အသက်(၇၄)နှစ်

လားရှိုးမြို့၊ ရပ်ကွက်(၇)နေ (ဦးမိုးသီး-ဒေါ်သိန်းမေ)တို့၏သား၊ သိန္နီလမ်း၊ အမှတ်(၈)ရပ်ကွက်၊ လားရှိုးမြို့နေ (ဟာဂျီမ ဒေါ်ခင်အေး)၏ခင်ပွန်း၊ ရန်ကုန် မြို့နေ ဒေါ်ယဉ်ယဉ်အေး၊ ဟာဂျီ ဦးကျော်မင်းအောင်နှင့် ဒေါ်ခင်သန္တာအောင်တို့၏ဖခင်/ မြေး(၆)ယောက်တို့၏အဘိုး ဟာဂျီ ဦးမဂျစ်(ခ)ဦးသိန်းအောင်သည် ၂၀၂၁ ခုနှစ်၊ ဩဂုတ် ၃ ရက် ည ၇:၀၅ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ ၁၄၁ လမ်း၊ အမှတ်-၄၁၊ ၃ လွှာနေအိမ်၌ အလ္လာဟ်ရှင်မြတ်အမိန့်တော်ခံယူသွား၍ ၄-၈-၂၀၂၁ ရက် နံနက် ၁၀:၀၀ နာရီတွင် ရန်ကုန်မြို့၊ ရေဝေးကဘာရ်စတန်တွင် ဒါဖနာပြီးစီးပြီဖြစ်ပါကြောင်း၊ ယင်းနေ့တွင် လိုက်ပါပို့ဆောင်သူများနှင့် နာရေးကိစ္စတွင် အဘက်ဘက်မှ အကူအညီပေးသူအားလုံးကို အထူးပင်ကျေးဇူးတင်ရှိကြောင်း ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟများသို့ လေးစားစွာအသိပေးကြေညာအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## အများပြည်သူသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၄)ရပ်ကွက်၊ ပျဉ်းကတိုးလမ်း၊ အမှတ်(၂၆၂)တွင် တည်ရှိသော ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၄)၊ မြေကွက်အမှတ်(၂၆၂)၊ မြေရေိယာ ၀ ဒသမ ၀၅၆ ဧကအကျယ်ဝန်းအရှိ နှစ်(၆၀) ဂရန်မြေအမျိုးအစား မြေကွက်နှင့်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေယာစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် အမည်ပေါက်ပိုင်ရှင် ဦးစည်သူစိုး (ဘ)ဦးစိုးစံ ၁၂/မဂဒ(နိုင်)၀၁၃၁၅၇ထံမှ ဝယ်ယူရန်စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်အရောင်းအဝယ်ပြုလုပ်သည့် ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါမြေကွက်အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ခင်ဝင်းမြင့်(B .Sc, PGDL)** | **ဒေါ်ခင်မြတ်သူ(H.G.P, LL.B, D.M.L)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၁၉၆)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၅၁၅)** |
| **အမှတ်-၁၂၂၊ ၂လမ်း၊ အရှေ့ကြို့ကုန်း၊** | **အမှတ်-၁၂၂၊ ၂လမ်း၊ အရှေ့ကြို့ကုန်း၊** |
| **အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။** | **အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၊** |
| **ဖုန်း-၀၉-၅၁၇၁၄၃၃** | **ဖုန်း-၀၉-၂၅၄၄၈၈၃၃၀** |

---

### လားရှိုးခရိုင်၊ လားရှိုးမြို့နယ်၊ ရပ်ကွက်(၈)၊ ၂၂ လုံလော့ရပ်၊ ဦးပိုင်အမှတ် ၁၂/က၊ မြို့မြေရေိယာ ၀ ဒသမ ၁၅၆ ဧကရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အမှတ် ၁၄/၃၄၊ သိန္နီလမ်း၊ (၈)ရပ်ကွက်၊ လားရှိုးမြို့ဟုခေါ်တွင်သော နေအိမ်အကျိုးခံစားခွင့်များနှင့်စပ်လျဉ်း၍ အများသိစေရန်ကြော်ငြာ

၁။ အထက်ပါမြေကွက်နှင့် နေအိမ်အကျိုးခံစားခွင့်များသည် လားရှိုးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ထုတ်ပေးသော မြေငှားဂရန်တွင် ဒေါ်ခင်အေး(MNO 003888) အမည်ပေါက်ပိုင်ဆိုင်ပါသည်။ ဒေါ်ခင်အေးသည် ဦးသိန်းအောင်နှင့် လက်ထပ်ထိမ်းမြားခဲ့ရာ သမီးကြီး ဒေါ်ယဉ်ယဉ်အေး ၉/မရတ(နိုင်)၀၀၂၅၉၆၊ သား ဦးကျော်မင်းအောင် ၁၃/လရန(နိုင်)၁၀၅၇၄၇ နှင့် သမီးငယ် ဒေါ်ခင်သန္တာအောင် ၁၃/လရန(နိုင်)၁၂၈၂၆၀ တို့ (၃)ဦးကို မွေးဖွားခဲ့ပါသည်။

၂။ မြေနှင့် အိမ်ပိုင်ရှင် ဒေါ်ခင်အေးသည် ၂၃-၉-၂၀၀၆ ရက်တွင် ကွယ်လွန်၍ ၎င်း၏ ခင်ပွန်း ဦးသိန်းအောင်သည်လည်း ၃-၈-၂၀၂၁ ရက်တွင် ကွယ်လွန်သွားကြပြီးဖြစ်ရာ အထက်ပါမြေကွက်နှင့်နေအိမ် အကျိုးခံစားခွင့်များသည် ယင်းတို့၏သားသမီးများဖြစ်သော (၁)ဒေါ်ယဉ်ယဉ်အေး၊ (၂) ဦးကျော်မင်းအောင်၊ (၃)ဒေါ်ခင်သန္တာအောင်တို့ (၃)ဦးကသာ အမွေဆက်ခံကာ လက်ဝယ်ထိန်းသိမ်းထားရှိပါကြောင်းနှင့် ကျွန်ုပ်တို့၏ မိတ်ဆွေ ဒေါ်ယဉ်ယဉ်အေးပါ (၃)ဦးတို့၏သဘောတူခွင့်ပြုချက်မရှိဘဲ အဆိုပါမြေကွက်နှင့် အိမ်ကို ဂရန်အမည်ပြောင်းလျှောက်ထားခြင်း၊ မြေပုံမြေရာဇဝင်ပုံစံ ၁၀၅/၁၀၆ ကူးယူခွင့်လျှောက်ထားခြင်း၊ လွှဲပြောင်းရောင်းချ ပေါင်နှံပေးကမ်း စွန့်လွှတ်လှူဒါန်းခြင်း၊ အခြားနည်းလွှဲပြောင်းခြင်း ပြုလုပ်ခွင့်မရှိပါကြောင်း၊ သတိပေးတားမြစ်ထားပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(၁) ဒေါ်ယဉ်ယဉ်အေး (၂) ဦးကျော်မင်းအောင် (၃) ဒေါ်ခင်သန္တာအောင်တို့၏ ညွှန်ကြားချက်အရ-**

| | |
|---|---|
| **(၁) ဦးလှမြင့်(ဒဂုံ) စဉ်-၉၀၁၂** | **(၂) ဒေါ်မေစပယ်မြင့် စဉ်-၁၀၆၆၇** |
| **H.G.P,D.L.P(101)** | **LL.B,D.B.L,D.I.L,W .I.P.O** |
| **WIPO(SWITZERLAND)** | **(SWITZERLAND)** |
| **အထက်တန်းရှေ့နေကြီး** | **တရားလွှတ်တော်ရှေ့နေ** |

**အမှတ်-၂၆၃/၃လွှာ၊ ဗားကရာလမ်း၊ မြေနီ/တောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၀၃၁၈၁၀**

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိရှိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (ဂ)ရပ်ကွက်၊ ကံ့ကော်မြိုင်လမ်း၊ မြေတိုင်းရပ်ကွက် အမှတ်(၄၈)၊ မြေကွက်အမှတ်(၇/ခ၂)၊ အမှတ်(၇၄)၊ မြေပေါ်တွင် ဒေါ်ခင်ထားရီ(ခ)ဒေါ်ထွားရီ ၁၂/စခန(နိုင်)၀၀၃၃၀၁ မှ ကန်ထရိုက်တာအဖြစ်တာဝန်ယူ၍ အထက်ပါမြေမှ မြေရှင်များနှင့် အခန်းပေး၊ အခန်းယူစနစ်အရ တိုက်ခန်းများ ဆောက်လုပ်ခဲ့ပါသည်။ ကန်ထရိုက်တာဖြစ်သော ဒေါ်ခင်ထားရီ(ခ)ဒေါ်ထွားရီမှ ၎င်းရရှိသည့် တိုက်ခန်းများအနက် တိုက်အမှတ်(B-1)မြေညီထပ်၊ အကျယ်အဝန်း(၃၀x၄၄)ပေ၊ တိုက် အမှတ်(B-1)၊ ပထမထပ်၊ အကျယ်အဝန်း(၃၀x၄၄)၊ တိုက်အမှတ်(B-1)၊ ဒုတိယထပ်၊ အကျယ်အဝန်း(၃၀x၄၄)ပေ၊ တိုက်အမှတ်(B-2)မြေညီထပ်၊ အကျယ်အဝန်း(၃၀x၄၄)ပေ၊ တိုက်အမှတ်(B-2)၊ ပထမထပ်၊ အကျယ်အဝန်း(၃၀x၄၄)ပေ၊ တိုက်အမှတ်(B-2)ဒုတိယထပ်၊ အကျယ်အဝန်း (၃၀x၄၄)ပေ၊ တိုက်အမှတ်(B-3)မြေညီထပ်၊ အကျယ်အဝန်း (၃၀x၄၄)ပေ၊ တိုက်အမှတ်(B-3)၊ ပထမထပ်၊ အကျယ်အဝန်း (၃၀x၄၄)ပေ၊ တိုက်အမှတ်(B-3)၊ ဒုတိယထပ်၊ အကျယ်အဝန်း (၃၀x၄၄)ပေ စုစုပေါင်း တိုက်ခန်း ၉ ခန်းတို့အား ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်ခိုင်စံပယ်ဦး ၁၄/မအန(နိုင်)၁၁၁၆၀၉သည် ဆက်စပ်စာချုပ်အဆင့်ဆင့်ဖြင့် အထက်ပါတိုက်ခန်းများအား ဒေါ်ခင်ထားရီ(ခ)ဒေါ်ထွားရီထံမှ ဝယ်ယူထားခဲ့ပြီးဖြစ်ပါသည်။ အထက်ပါတိုက်ခန်းများအား ကျွန်ုပ်မိတ်ဆွေမှ ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်သဖြင့် အဆိုပါတိုက်ခန်းများနှင့်ပတ်သက်၍ ဥပဒေအရ သက်ဆိုင်ရာရုံးများ၌ ဆောင်ရွက်သင့်သည်များကို ဆောင်ရွက်မည်ဖြစ်သဖြင့် ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်မိတ်ဆွေထံသို့ဖြစ်စေ လာရောက် ကန့်ကွက်နိုင်ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူများမရှိပါက သက်ဆိုင်ရာရုံးများ၌ လျှောက်ထားသင့်သည်များကို လျှောက်ထားဆောင်ရွက်၍ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစည်သူအောင်**
**အထက်တန်းရှေ့နေ(စဉ်-၄၈၀၉၀)**
**အမှတ်(မ-၂/၈၅)၊ ရပ်ကွက်ကြီး(၈)၊ ပြင်ဦးလွင်မြို့**
**ဖုန်း-၀၉-၄၂၈၃၂၃၁၈၈**

---

## ဦးချစ်မောင်(အဝကျွန်း)အတွက်(၂)လပြည့် လွမ်းဆွတ်သတိရခြင်း

(ဦးမွေးပန်း-ဒေါ်ခိုင်စံ)တို့၏သား၊ ဒေါ်တင်တင်ဦး၏ခင်ပွန်း၊ မောင်ဥက္ကာဦး-မစံနှင်းဖြူတို့၏ဖခင်၊ မောင်ဝီရဦး၊ မအေမရစံတို့၏အဘိုး၊ ဦးမြတ်စိုး၊ ဦးမြတ်မော်၊ ဒေါ်ခင်မြတ်မော်၊ ဒေါ်ခင်မြတ်နွယ်၊ ဦးမြတ်နိုင်၊ ဦးမြတ်ခိုင်တို့၏ အစ်ကိုကြီး၊ မောင်စောနေဝန်း၊ မမြတ်သိင်္ဂါတို့၏ဘကြီး ဦးချစ်မောင်(အဝကျွန်း)(ရုပ်ရှင်တေးကဗျာ မဂ္ဂဇင်းနှင့် News Watch (စောင့်ကြည့်)သတင်းဂျာနယ် တည်ထောင်သူနှင့် အယ်ဒီတာချုပ်) အသက်(၇၄)နှစ်သည် ၁၉-၇-၂၀၂၁ရက်တွင် ကွယ်လွန်ခဲ့ပါသည်။ ဦးချစ်မောင်(အဝကျွန်း) ကွယ်လွန်ခြင်းအတွက် ကိုယ်ချင်းစာနားလည်မှုဖြင့် အားပေးကြသူများ၊ နည်းလမ်းအမျိုးမျိုးဖြင့် ဆက်သွယ်၍ သတိတရ သတင်းမေးမြန်းကြသူများ၊ အောက်မေ့ဖွယ်အမှတ်တရ ရေးသားကြသူများ၊ လူကိုယ်တိုင်မရောက်နိုင်သော်လည်း အဝေးမှ အလှူဒါနပြုကာ အမျှအတမ်းဝေသူများအားလုံးကို လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိပါသည်။ အနန္တော အနန္တဂိုဏ်းဝင် ကျေးဇူးရှင်ဖြစ်သူ ဦးချစ်မောင်(အဝကျွန်း)အား မိသားစုနှင့် တပည့် သားသမီးများက လွမ်းဆွတ်သတိရလျက်ရှိပါကြောင်း။

**မိသားစုနှင့် တပည့် သားသမီးများ**

---

### လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန
### မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ ရေနံဓာတုဗေဒစက်ရုံစု(သံပရာကန်)မှ ရေနံထွက်ပစ္စည်းများအား အောက်ပါအတိုင်း တင်ဒါခေါ်ယူရောင်းချမည်ဖြစ်ပါ၍ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် အဆိုပြုလွှာ တင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ရေနံထွက်ပစ္စည်း အမျိုးအမည် | ရေတွက်ပုံ | ပမာဏ | တင်ဒါပိတ်ချိန် | | တင်ဒါဖွင့်ချိန် | |
|---|---|---|---|---|---|---|---|
| | | | | နေ့ရက် | နာရီ | နေ့ရက် | နာရီ |
| ၁ | ဓာတ်ဆီ | ဂါလန် | ၂,၀၀၀,၀၀၀ | ၁၈-၁၀-၂၀၂၁ | ၁၃:၀၀ | ၁၈-၁၀-၂၀၂၁ | ၁၄:၀၀ |
| ၂ | စီဂျီအို | ဂါလန် | ၅၀၀,၀၀၀ | ၁၈-၁၀-၂၀၂၁ | ၁၃:၀၀ | ၁၈-၁၀-၂၀၂၁ | ၁၄:၀၀ |
| ၃ | ဓာတ်ဆီ | ဂါလန် | ၂,၀၀၀,၀၀၀ | ၉-၁၁-၂၀၂၁ | ၁၃:၀၀ | ၉-၁၁-၂၀၂၁ | ၁၄:၀၀ |
| ၄ | စီဂျီအို | ဂါလန် | ၅၀၀,၀၀၀ | ၉-၁၁-၂၀၂၁ | ၁၃:၀၀ | ၉-၁၁-၂၀၂၁ | ၁၄:၀၀ |
| ၅ | ဓာတ်ဆီ | ဂါလန် | ၂,၀၀၀,၀၀၀ | ၃၀-၁၁-၂၀၂၁ | ၁၃:၀၀ | ၃၀-၁၁-၂၀၂၁ | ၁၄:၀၀ |
| ၆ | စီဂျီအို | ဂါလန် | ၅၀၀,၀၀၀ | ၃၀-၁၁-၂၀၂၁ | ၁၃:၀၀ | ၃၀-၁၁-၂၀၂၁ | ၁၄:၀၀ |
| ၇ | ဓာတ်ဆီ | ဂါလန် | ၂,၀၀၀,၀၀၀ | ၂၁-၁၂-၂၀၂၁ | ၁၃:၀၀ | ၂၁-၁၂-၂၀၂၁ | ၁၄:၀၀ |
| ၈ | စီဂျီအို | ဂါလန် | ၅၀၀,၀၀၀ | ၂၁-၁၂-၂၀၂၁ | ၁၃:၀၀ | ၂၁-၁၂-၂၀၂၁ | ၁၄:၀၀ |

၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းချက်များအား (၁)လကြိုတင်၍ ဤလုပ်ငန်းရုံးချုပ်(ဘဏ္ဍာရေးဌာန)တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန၊ ဖုန်း-၀၆၇-၃၄၁၁၀၈၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

---

## အထူးကိုယ်စားလှယ်လွှဲစာကို ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာခြင်း

ချောင်ဖင်(ခ) ဦးသိန်းမြင့် ၏ သားဖြစ်သူ ဦးကျော်မြင့်ဦး ၉/အမဇ(နိုင်)၀၂၂၆၆၅ ထံမှ ဦးဌေးနိုင်၏သမီးဖြစ်သူ ဒေါ်အိမ့်ဖြူနိုင် ၁၂/ဒဂရ(နိုင်)၀၀၄၁၂၇ ထံသို့ရန်ကုန်မြို့၊ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံး၌ လွှဲအပ်ခဲ့သော ၁၀-၁၂-၂၀၁၄ ရက်စွဲပါ အထူးကိုယ်စားလှယ်လွှဲစာ စာချုပ်အမှတ်(၃၂၃၀၁) ကိုယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းပါကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**အထူးကိုယ်စားလှယ်လွှဲစာရုပ်သိမ်းသူ-**
**ဦးကျော်မြင့်ဦး**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်သိန်းကျော်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၆၇၃/၂၀၁၂)**
**"Pratice Lawyer " Law Group**
**ရုံးခန်း-တိုက် B-1၊ အခန်း-၁၀၂၊ ပထမထပ်၊ ဗညားဒလလမ်း၊**
**ယုဇနပလာဇာအနီး၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၆၁၀၃၆၉၀၆**
**Facebook: landlawyer1@gmail.com**

---

## အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးလှအေး (ဘ)ဦးကြည်မောင် ၁၂/တမန(နိုင်) ၀၃၇၇၀၃သည် ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ မြန်မာ့ဂုဏ်ရောင်(အနောက်)လမ်း၊ အမှတ်(၃၆) ဟုခေါ်တွင်သော (၈)ထပ်တိုက်အဆောက်အဦ၏ အကျယ်အဝန်း (၁၅x၆၀)ပေရှိ ပထမထပ်(A)ခေါင်းရင်းခန်းအား မူလပိုင်ရှင်ဖြစ်သူ ဦးကျော်လွင် ၁၂/တမန(နိုင်)၀၃၇၉၈၁ ထံမှ တန်ဖိုးအပြေအကျေပေးချေ၍ ဝယ်ယူပြီး တရားဝင်လက်ရှိ နေထိုင်သူဖြစ်ကြောင်း အများသိစေရန် ကြေညာအပ် ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးလှအေး** | **ဦးကျော်ထွဋ်မြင့်(H.G.P, LL.B)** |
| **၁၂/တမန(နိုင်)၀၃၇၇၀၃** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၆၉၇၅)** |

**အမှတ်(၄၈၃)၊ ပထမထပ်၊ မြရတနာ(၁)လမ်း၊ (ခ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ဖုန်း-၀၉-၂၅၀၆၅၉၃၃၉**

---

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဗဟန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ ဆရာစံလမ်း၊ အမှတ်(၈၄-ဘီ)တည်ရှိရာ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၅ ဒီ၊ မြေကွက်အမှတ်-၃၈-အိပ်ချ်/၁-ဘီ၊ ဒေါ်ဖြူဖြူဝင်း(ခ)အောင်လိနိလိနိ ၁၂/လသန(နိုင်)၀၀၉၈၅၉ အမည်ပေါက်၊ ဂရန်ရှိ မြေပိုင်မြေကွက်ကို ဒေါ်ဖြူဖြူဝင်း(ခ)အောင်လိနိလိနိမှ ယင်းမြေကွက်၏ မြေအမည်ပေါက် အရောင်းအဝယ်စာချုပ်အမှတ် (၇၅၁၃/၂၀၁၁)မူရင်းနှင့် အဆိုပါမြေကွက်အတွက် ၁-၁၁-၂၀၁၉ ရက်တွင် ခွင့်ပြုထုတ်ပေးခဲ့သည့် အရောင်းအဝယ်စာချုပ်ရန်မြေပုံမြေရာဇဝင်မူရင်း ပြန်လည်အပ်နှံနိုင်မှုမရှိခြင်းနှင့်စပ်လျဉ်း၍ အရောင်းအဝယ်မြေပုံမူရင်းသည် ၎င်း၏လက်ဝယ်တွင် သိမ်းဆည်းထားရာမှ အထားအသိုမှား၍ ပျောက်ဆုံးသွားခဲ့ပါကြောင်း၊ ယင်းမြေကွက်အား အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်း၊ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ လှူဒါန်း၊ အာမခံအဖြစ်တင်သွင်းထားခြင်းတို့ လုံးဝမရှိပါကြောင်းနှင့် ပြဿနာအရှုပ်အရှင်းတစ်စုံတစ်ရာပေါ်ပေါက်ပါက တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း ကျမ်းကျိန်လွှာတို့ကိုတင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှု မရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိ ပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ပျောက်ဆုံးကြောင်း

ကျွန်တော်ဦးဇော်မြင့်သိန်း ၉/ပမန(နိုင်)၀၁၉၀၄၉ (C.D.C-38180)၏ S.I.D (သင်္ဘောသား မှတ်ပုံတင်ကတ်) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၆၅၀၈၄၁၈၀**

---

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6D/7103 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးသွားပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

---

## ပျောက်ဆုံးကြောင်း

ကျွန်တော်အောင်မြတ်လင်း ၁၁/ပဏက(နိုင်)၀၃၄၁၈၀ ၏နိုင်ငံကူးလက်မှတ် MD 454642 မှာပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ဆက်သွယ်အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၅၀၀၂၇၂၅၀**

---

## မွေးသက္ကရာဇ်အမှန်

သံဖြူဇရပ်မြို့၊ ကြံ့ခိုင်ရေးရပ်ကွက်၊ ငုရွှေဝါလမ်းသွယ်(၃)နေ ဦးမြင့်ဦး၏သမီးဖြစ်သူ မထက်ဖြိုးဝေ ၁၀/သဖရ(နိုင်)၂၀၃၉၀၁ ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၁-၉-၂၀၀၃ ဖြစ်ပါကြောင်း။

**မထက်ဖြိုးဝေ**

---

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်7E/3191၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့်ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ကျောက်ဆည်)**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7F/4572 Toyota Probox S/W (4x2)ယာဉ်လက်ဝယ်ရှိသူ ဦးသူရစိုး၁၂/ဒဂတ(နိုင်)၀၄၆၅၄၇ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# မကွေးမြို့ မင်းကန်ကြီးရပ်ကွက်မှ အသက်(၅)နှစ်အရွယ် ကလေးငယ်သေဆုံးသည်အထိ မိုင်းထောင်ဖောက်ခွဲခဲ့သူအပါအဝင် ဥပဒေမဲ့အကြမ်းဖက်မှု ကျူးလွန်လျက်ရှိသူများကို ဖမ်းဆီးရမိ၊ ထိရောက်ပြင်းထန်စွာအရေးယူ ဆောင်ရွက်မည်


တရားခံ ထူးဝေယံ


တရားခံ ချစ်ဖြိုးသုံ (ခ)ဖိုးချို


တရားခံ မျိုးမင်းထက် (ခ) မင်းထက်ဦး


တရားခံ နေလင်းဦး



တရားခံ ဘုန်းမြင့်ကျော်


တရားခံ စန်းမြင့်ခိုင်

**နေပြည်တော် စက်တင်ဘာ ၁၈**

နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ပျက်ပြားစေလိုသည့် NUG၊ CRPH အကြမ်းဖက်အဖွဲ့များသည် ငြိမ်းချမ်းစွာနေထိုင်ကြသည့် အပြစ်မဲ့ပြည်သူလူထုကို အကြောင်းပြချက်အမျိုးမျိုးဖြင့် ရက်ရက်စက်စက် သတ်ဖြတ်ခြင်း၊ ပြည်သူလူထု အများသွားလာလှုပ်ရှားနေသည့် ဈေးများ၊ စာသင်ကျောင်းများ၊ လမ်းတံတားများအထိ ဖောက်ခွဲဖျက်ဆီးခြင်းအပြင် အပြစ်မဲ့ပြည်သူများကို လုပ်ကြံသတ်ဖြတ်ခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်လျက်ရှိရာ မကွေးမြို့ မင်းကန်ကြီးရပ်ကွက်တွင် (၅)နှစ်အရွယ် လူမမယ်ကလေးတစ်ဦး သေဆုံးခဲ့ရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၁၄ ရက်တွင် မကွေးတိုင်းဒေသကြီး မကွေးမြို့ မင်းကန်ကြီးရပ်ကွက် တက္ကသိုလ်လမ်းရှိ တိုင်းဒေသကြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီရုံးရှေ့ရှိ ကိုပွားကြီး (ခ) မင်းသိန်းစိုး (၃၄နှစ်) ပိုင်ဆိုင်သည့် ကွမ်းယာဆိုင်အတွင်း၌ ဒေသန္တရလက်လုပ်ရီမုမိုင်းတစ်လုံး ပေါက်ကွဲခဲ့ကာ သားဖြစ်သူ အသက် (၅)နှစ်အရွယ်ကလေးငယ်မှာ မိုင်းစထိမှန်ဒဏ်ရာများကြောင့် သေဆုံးခဲ့ပြီး ကွမ်းဝယ်သူတစ်ဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့သည်။

ထိုသို့ မိုင်းထောင်ဖောက်ခွဲခဲ့သည့် တရားခံများကို အမြန်ဆုံးဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်ခဲ့ရာ တရားခံဖြစ်သူ ထူးဝေယံ(၂၅နှစ်) (ဘ) ဦးဖိုးတုတ် အား မကွေးမြို့ အဝေးပြေးကားဂိတ်အတွင်းရှိ နဒီရော(မင်းဘူး – မကွေး – ရန်ကုန်)ကားဂိတ်တွင်လည်းကောင်း၊ ဆက်စပ်တရားခံများအဖြစ် မိုင်းထောင်ရန် ဆိုင်ကယ်ဖြင့် လိုက်လံပို့ဆောင်ပေးသူ အောင်စေတနာရပ်ကွက် ရန်ကင်းဈေးတိုက်တန်းအနီးနေ

စာမျက်နှာ ၁၂ ကော်လံ ၁■

## ယနေ့ သတင်းအညွှန်း

ကယားပြည်နယ် လွိုင်ကော်ပြည်သူ့ဆေးရုံကြီးကို အကြမ်းဖက်သောင်းကျန်းသူ လေးဦးခန့်က လက်နက်ငယ်များဖြင့် လာရောက်နှောင့်ယှက်ပစ်ခတ် စာမျက်နှာ - ၁၂

ဉာဏကာနန္ဒသင်္ဂဟော စာမျက်နှာ - ၂၀

ကိုဗစ်ကို ဘယ်လိုအဆုံးသတ်မလဲ စာမျက်နှာ - ၂၄

မြဝတီမြို့နှင့် ဘားအံမြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ စာမျက်နှာ - ၂၈

# YBS ခရီးသည်တင်ယာဉ်များ သတ်မှတ်နှုန်းထား ကျော်လွန်ကောက်ခံမှုကို ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ဖြင့် စတင်စစ်ဆေးမည်

**ရန်ကုန် စက်တင်ဘာ ၁၈**

ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီ (YRTC) အောက်ရှိ YBS ခရီးသည်တင်ယာဉ်များတွင် လိုက်ပါစီးနင်းသည့် ခရီးသည်များအပေါ် အကူလူများလိုက်ပါကာ သတ်မှတ်နှုန်းထားများထက် ပိုမိုတောင်းခံနေခြင်းကို YRTC အနေဖြင့် ယာဉ်စည်းကမ်းထိန်းသိမ်းစစ်ဆေးရေးအဖွဲ့များဖွဲ့ပြီး လာမည့် စက်တင်ဘာ ၂၀ ရက်တွင် စတင်ကာ ရှောင်တခင်စစ်ဆေးအရေးယူမှုများ လုပ်ဆောင်သွားတော့မည်ဖြစ်ကြောင်း YRTC ရုံးမှ သိရသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ○



ရန်ကုန်မြို့အတွင်း ခရီးသွားဝန်ဆောင်မှုပေးလျက်ရှိသော YBS ခရီးသည်တင်ယာဉ်ကို တွေ့ရစဉ်။